www.burmeseclassic.com

# မြမုလဲခင်

အောင်မြင့် စာပေ

## နှလုံးသားချင်းသိနားလည်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
မြပုလဲခင်
နှလုံးသားချင်းသိနားလည်/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၄။
၂၅၀ - စာ၊ ၁၂.၅ X ၁၈.၂ စင်တီ။
(၁) မြပုလဲခင်



ဖြန့်ချိရေး---အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်---အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ---ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၁၄၊ တန်ဖိုး(၃၅၀၀)။

BURMESE CLASSIC




# မြပုလဲခင်

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

သတိုး စိတ်ညစ်နေသည်။ ဓါတ်ပုံကိုကြည့်လိုက်တော့ ါးတွက်ကျားက ပါးပြင်နှစ်ဖက်မှာ အပြည့်အနှက် နေရာယူထားပြီး ကျစ်ဆံမြီးနှစ်ဖက် ကျစ်ထားသည်။ နေကြာခင်းများအကြား ပြုံးတူးပြုံးတဲနှင့် ဤတောသူမကို သတိုး ပြင်ပန်းအရှင်တက်လတ် အနေအထားနှင့်ဆိုလျှင် မည်ကဲ့သို့ ခန့်မှန်းရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



**တစ်ခါမှလည်း** မမြင်ဖူးချေ။

**ရထားကလည်း** ဝင်လာပြီဖြစ်သဖြင့် သတိုး ဓါတ်ပုံလေး

ကို **တစ်ခါထပ်ကြည့်ပြီး** အကျီအိတ်ကပ်ထဲသို့ ပြန်ထည့်လိုက်

**သည်။**

ရထားက စကြီအတွင်း တရွေ့ရွေ့နှင့် ဝင်လာသည်။

သတိုးသည် ရထားပြတင်းပေါက်များမှ ခေါင်းပြူကာ

ရိပ်ခနဲ မြင်နေရသောသူများကို လိုက်ကြည့်သည်။

ခေါင်းတောင် နောက်ချင်လာသည်။ တော်တော် ဒုက္ခ

ပေးသည့် မတောသူ။

BURMESE CLASSIC

ရထားက ရပ်သွားသည်။

ခရီးသည်နှင့် ကြိုဆိုသူများ၊ ကုန်တင်ကုန်ချသူများနှင့်

ရန်ကုန်ဘူတာကြီးအတွင်း ပျားပန်းခတ်မျှ လှုပ်ရှားသွားသည်။

ဤရထား ဘယ်ကဆိုက်ရောက်လာသနည်းကို မေး

ရာမလိုအောင် ဒူးရင်းသီးနံ့က ထောင်းခနဲထလာသည်။ ဒူးရင်း

သီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးတောင်းများကို ကူလီများက

ထမ်းပိုးသယ်ဆောင်သွားကြသည်။

သတိုး နှာခေါင်းရှုံ့လိုက်မိသည်။

သူသည် ဒူးရင်းသီးအနံ့ကို အင်မတန်မုန်းသောသူ ဖြစ်

သည်။

ရှင်းစပြုသွားသည်။ ထိုအချိန်တွင် အထက်တန်းတွဲ

ရထားပြတင်းပေါက်မှ ခေါင်းပြူကြည့်နေသော မိန်းကလေးတစ်

ဦးကို သတိုးယခုမှ ကွက်ကွက်ကွင်းကွင်း တွေ့မြင်လိုက်ရသည်။





ကြည့်စမ်း၊ ပါးကွက်ကျားနှစ်ဖက်နှင့် ကျစ်စံမြီးရှည်ကြီး

နှစ်ချောင်းကျစ်ထားပြီး ပြူးကျယ်ဝိုင်းစက်သော မျက်လုံးတောက်

တောက်များက တောင်ကြည့်မြောက်ကြည့်နှင့်၊ သတိုးက ပို၍

သေချာသွားစေရန် ဓါတ်ပုံကို ထုတ်ကြည့်လိုက်သည်။

ဟုတ်ပြီ၊ မတောသူမှ မတောသူအစစ်။

သတိုး ဓါတ်ပုံကိုကိုင်ပြီး မိန်းကလေးထံသို့ လျှောက်

သွားလိုက်သည်။

"ဟော့ . . လေဒီ၊ ဒါ မင်းပုံလား"

ပါးကွက်ကျားနှင့် မိန်းကလေးက သတိုးအား ကြည့်ပြီး

သတိုးပြသော ဓါတ်ပုံကိုကြည့်ကာ . .

"ဟုတ်တယ် ဒါ သူမျှားဓါတ်ပုံ၊ ဒါပေမယ့် သူမျှားနာ

မည်က လေဒီမဟုတ်ဘူး"

သတိုးက 'လုပ်လိုက်ဟာ'ဟု စိတ်တွင်းမြည်တမ်းရင်း

အင်းလေ စာမတတ်ပေမတတ်လေး ထင်ပါရဲ့၊ လေဒီဆိုတာ

ဘယ်သိမလဲ . .

"ကဲကဲ . မတောသူ ဆင်းဆင်း ခင်ဗျားကို ကျွန်တော်

လာကြိုတာ"

"ရှင် လူမှားနေပြီထင်တယ်၊ သူမျှားနာမည် မတောသူ

လည်းမဟုတ်ဘူး၊ စိတ်ရှုပ်ပါတယ်၊ မမကြီးတို့ကလည်း ခုထက်

ထိ လာမကြိုသေးဘူး၊ ဒါကြောင့် မလာချင်တာ၊ ရန်ကုန်ဆိုတာ

လူရှုပ်လူပွေတွေကလည်း ပေါပါဘိနဲ့"

ပါးကွက်ကျားနှင့်မိန်းကလေးက ဆီမန်းမန်းသလို ရေ



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ပြီး သတိုးအားကျော်ကာ ဟိုကြည့်ဒီကြည့်နှင့် လှမ်းကြည့်လိုက်သည်။

သတိုး စိတ်အိုက်သွားသည်။

"ဟော့. . ဒီမှာမတောသူ၊ မင်းကိုလာကြိုဖို့ မမကငါ့ကို လွှတ်လိုက်တာ. . လာ သွားမယ်"

ယဉ်ကျေးပုံမရသော မတောသူအား သတိုးက ခင်ဗျား တွေ ကျွန်တော်တွေ လုပ်မနေတော့ပဲ 'မင်း. . ငါ. . ' သုံးစွဲကာ ခပ်ပြတ်ပြတ်ပြောလိုက်သည်။

သို့တိုင်အောင် မတောသူက သူ့အားစေ့စေ့ကြည့်ကာ

"ဟွန်း. . လူပုံပန်းက သူဌေးသားလိုလိုဘာလိုလို သနား ကမားရုပ်ကလေးနဲ့၊ ဝတ်စားထားတာကလည်း လမ်းသူရဲပုံစံ၊ ရှင် သူများကို အချဉ်လာဖမ်းလို့ရမလား၊ သူများက မမကြီးဆို 'လိုက်တာနဲ့ ရှင်က မမကြီးဖြစ်သွားတယ်"

"မမကြီး မဟုတ်ပါဘူး. . မမပါ၊ ငါက မမပဲခေါ်တယ်"

"ဒါဖြင့် သူများမမကြီးနာမည် ဘယ်သူလဲဆိုတာ ရှင် အရင်ပြော"

သတိုးက 'ဟင်း. . ဒီတောသူမမလွယ်ပါလား'ဟုသက် မချပြီး. . .

"ဒေါ်ခင်နှင်းဆီတဲ့ ခင်ဗျ၊ သူ့ယောက်ျား ကျွန်တော့်အစ်ကိုက ဦးသူရိန်တဲ့၊ သူတို့ ခရီးထွက်သွားတယ်၊ သူတို့ကိုယ်စား ငါလာကြိုတာ၊ ကိုင်း. . မင်းဘာသိချင်သေးသလဲ"

ပါးကွက်ကျားနှင့် မိန်းကလေးက သတိုးအား စေ့စေ့





ကြည့်ကာ. . .

"ဒါဖြင့် ဒေါ်ခင်နှင်းဆီက ဘယ်ဇာတိလည်း. . ပြော"

"မြတ်စွာဘုရား. . မတောသူ၊ တောသူမို့လို့သာပဲ"

"တောသူလည်းလူပဲ မြို့သူလည်းလူပဲ. . မြို့သားရဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်ရမှာ လူ့အခွင့်အရေးပဲ၊ ကိုင်း. . သူများမေးတာ ဖြေလေ"

သတိုးမတောသူကို စိုက်ကြည့်လိုက်သည်။ မျက်ဝန်း နက်နက်တောက်တောက်က ထက်မြက်မှုကိုရှိသည်ဟု သတိုး အကဲခတ်လိုက်မိသည်ဖြစ်ရာ. . .

"ဖားအောက်ရွာက လယ်သမားကြီးတစ်ဦးရဲ့ သမီးကြီး ဆိုတာပဲ ငါသိတယ်၊ နင်ဘာမှ ထပ်မမေးနဲ့တော့၊ ထပ်မေးလာ ရင် မင်းကိုထားခဲ့ပြီး ငါထွက်သွားမိလိမ့်မယ် မတောသူ၊ စိတ် ရှည်ခြင်းဆိုတဲ့ အတိုင်းအတာ ငါ့မှာ ကုန်ခမ်းသွားပြီ"

စကားကြောရှည်သော မိန်းကလေးကို သူကလည်း စကားကြောရှည်စွာ ပြောချလိုက်မိသည်။

ထိုအခါကျမှ ပါးကွက်ကျားနှင့် မိန်းကလေးသည် မျက် တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ. . .

"ဒါဖြင့်. . ရှင်ဟာ လာကြိုသူ အစစ်အမှန်မှန်း သေချာ သွားပြီ. . သူများလက်ခံတယ်၊ ပစ္စည်းတွေ ဝိုင်းသယ်ပေးပါဦး"

သတိုး နှာခေါင်းရှုံ့လိုက်သည်။ သူ့ပစ္စည်းတွေကိုများ မိမိက သယ်ပေးရမယ်လို့။

"ကျွတ်. . ကျွတ်"ဟု အသံပြုကာ အလုပ်သမားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အားလှမ်းခေါ် လိုက်သည်။

ဒူးရင်းသီးနံ့ကလည်း ကြိုင်လှိုင်ဝေနေဆဲဖြစ်ရာ သတိုး ခေါင်းပင်ကိုက်စပြုလာသည်။

အလုပ်သမားအား ပစ္စည်းများသယ်ယူရန်ပြောပြီး. . ပစ္စည်းများချစေသည်။

"မြတ်စွာဘုရား. . ဒါတွေ"

ဒူးရင်းသီး ခြင်းတောင်းတစ်တောင်းနှင့် မင်းဂွတ်သီး၊ ကြက်မောက်သီး ရောထားသော ခြင်းတောင်းကတစ်တောင်း တွေ့ရသည်။ နောက် ခရီးဆောင်အိတ်တစ်လုံး၊ မိန်းမကိုင် ကြိမ်ခြင်းတစ်လုံး၊ ထိုထဲ၌ ထမင်းချိုင့်နှင့်ရေဘူး၊ တိုလီမုတ်စများ ပါလေသည်။

"ခြင်းတောင်းနှစ်တောင်းဆိုတော့ တစ်ယောက်ထဲထမ်းဖို့မလွယ်ဘူး၊ နောက်တစ်ယောက်ခေါ်မှ ရမယ်အစ်ကို"

"ခေါ်ကွာ . ခေါ်. . ခေါ်"

သတိုး စိတ်မရှည်. . .

"ဒူးရင်းသီးတွေ ငါလည်းမစားဘူး၊ စားမယ့်လူလည်း မရှိဘူးနော်၊ မင်း သယ်လာလည်း အလကားပဲ"

"အို. . ရှင်စားဖို့ သယ်လာတာမှ မဟုတ်ဘဲ၊ ဆွမ်းတော်ကပ်ဖို့၊ ဘုန်းကြီးကျောင်းလှူဖို့၊ လူကြီးသူမတွေစားဖို့ အပင်ပန်းခံယူလာတာ သိရဲ့လား"

ပြောပြောဆိုဆိုနှင့် မိန်းကလေးသည် အလုပ်သမားများနှင့်အတူ အောက်သို့ဆင်းလာသည်။





ထိုအခါ သတိုးသည် မိန်းကလေး၏ မြန်မာအမျိုးသမီးများထဲတွင် ရှားပါးသော အရပ်အမောင်းကို သတိပြုမိသွားသည်။ အရပ်က ငါးပေခြောက်မျှ ရှိမည်။ မိမိအရပ်ကိုပင် မီလုမီခင်၊ ထိုမျှမကသေး၊ ကိုယ်လုံးကိုယ်ပေါက်အလှမှာလည်း ဗမာအမျိုးသမီးဝတ်သော ရင်ဖုံးလက်ရှည်အင်္ကျီ ဝတ်ထားခြင်းဖြစ်ခြင်းကြောင့် ပို၍ပေါ် လွင်ထင်ရှားနေသည်။

သတိုးချက်ချင်းပင် အကြည့်လွှဲဖယ်ကာ ရှေ့မှ ထွက်ခဲ့သည်။

မိန်းကလေးက အလုပ်သမားများနှင့်အတူ နောက်မှ ထက်ကြပ်မကွာ လိုက်လာသည်။

သတိုးခေါင်းကို အခုမှ ဆင်နင်းသည်။

ကိုကိုကြီးတို့ လုပ်ချလိုက်လျှင် ဒီအတိုင်းချည်းပဲဟုလည်း စိတ်တွင်း၌ မကျေမနပ် ရေရွတ်လိုက်သည်။

အလုပ်သမားခ ပေးခါနီး မိန်းကလေးက. . .

"ဘယ်လောက်လဲ"

"တစ်ယောက် ငါးရာ. . တစ်ထောင်"

"ဘုရားရေ. . . ဈေးကြီးလိုက်တာ၊ ဒီလောက်များရင် ကိုယ့်ဘာသာကိုပဲ ရွက်လိုက်ပါတယ်တော်၊ တကတည်းမှ. . မြို့သား ဟုတ်ရဲ့လား"

သတိုးမနေနိုင်တော့. . .

"ခင်ဗျားတို့ လွန်တယ်ဗျာ၊ တောင်းတစ်လုံးစီထမ်းပြီး အိတ်ကလေးတစ်လုံးဆွဲရတာနဲ့ ဒီလောက်တောင်တောင်းရသ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ရော့ . . ငါးရာ ဝေယူ၊ ဒါတောင်လွန်လှပြီ၊ မကျေနပ်ရင် အလုပ်သမားရုံးမှာ စကားပြောကြတာပေါ့၊ ကိုင်း . . မတောသူ တားပေါ်တက်"

အလုပ်သမားများက ဘာမှမပြောတော့ဘဲ သတိုးပေးသောငွေငါးရာကိုယူကာ ထွက်သွားကြလေသည်။

"ဟွန်း . . ကြောက်စရာကောင်းလိုက်တဲ့ မြို့သားတွေ"


"ဟော့ . . ဝါးလုံးရှည်နဲ့ သိမ်းကျုံးမရိုက်နဲ့ မတောသူ၊ မြို့နဲ့တောနဲ့ မဆိုင်ဘူး၊ လူသာအဓိကပဲ"

မိန်းကလေးက ဘာမှမပြောတော့ပဲ နောက်ခန်းတွင် ငြိမ်သက်စွာ လိုက်ပါလာသည်။

မျက်လုံးကတော့ မငြိမ် . . ၊ ပတ်ဝန်းကျင်ကို ငေးမော ကြည့်ရှုလျက် . . . ။







# အခန်း (၂)

"ဟင် . . . ရှင် သူများကို ဘယ်ခေါ်လာတာလဲ"

သတိုး စိတ်ညစ်သွားသည်။

"ဘယ်ခေါ်လာရမှာလဲ၊ မင်းမမကြီးအိမ်လေ"

"မမကြီးပြောတော့ သူယောက်ျားက အင်းလျားသမ်းမှာဆို၊ ခု ရှင်ခေါ်လာတာ ကန်ထရိုက်တိုက်ခန်းတွေ၊ သူများ မဆင်းနိုင်ဘူး၊ ရုတ်ရုတ်ရုတ်ရုတ်မလုပ်နဲ့နော်၊ တောသူဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အနံ့အအမထင်နဲ့"

"ခက်ပါလား မတောသူရယ်၊ ပတ်ဝန်းကျင်က ကြည့်နေတယ် ရှက်စရာကြီး၊ မင်းငါ့ကိုမယုံဘူးဆိုရင် မင်းကြိုက်တဲ့ဆီကိုသွား ငါလိုက်ပို့ပေးမယ်"

"ရှင် အကြပ်ကိုင်တာပဲ၊ သူများသွားစရာနေရာဆိုလို့ မမကြီးအိမ်ပဲရှိတာ"

"မင်းကို ငါအိမ်ပေါ်ရောက်တော့ ရှင်းပြပါ့မယ်၊ ခဏနေ မင်းခြင်းတွေတင်ဖို့ ငါ အလုပ်သမားသွားရှာလိုက်ဦးမယ်"

"အမလေးလေး. . တော်ပြီကိုယ်တော်၊ သူများကိုပဲ ပင့်ပေး၊ သူများဘာသာသူများ ရွက်ပြီးတင်တော့မယ်၊ သူများတို့ဆီမှာဆိုရင် ဘယ်သူ့ရေ၊ ဘယ်ဝါရေ လာဦးဟော့လို့. . အသံကျယ်ကျယ်လှမ်းအသံပြုလိုက်ရုံနဲ့ ဝိုင်းကူပေးမယ့်သူတွေက အဆင်သင့်၊ ရှင်တို့ဆီက တိုက်ခန်းတွေအများကြီး၊ လူတွေအများကြီးနဲ့ ကူမယ့်သူလည်း မရှိကြပါလား"

"ဟာကွာ. . တိုးတိုးပြောပါ၊ ဒီမှာ ဒီတိုင်းပဲကွ"

သတိုးက မတတ်သာ၊ ဆိုက်ကားသမားတွေ သွားအကူအညီတောင်းဖို့ကလည်း မလွယ်. . ဆိုက်ကားဂိတ်ကို သွားရဦးမည်။ မတတ်သာသည့်အဆုံး၌. . မိန်းကလေးကို ဒူးရင်းသီးတောင်း ပင့်ပေးလိုက်ပြီး သူကိုယ်တိုင်လည်း ကြက်မောက်သီးတောင်းကိုမကာ အပေါ်ဆုံးထပ်သို့ တက်ခဲ့လေသည်။

သော့ဖွင့်ပေးလိုက်သည်။

"အိတ်နဲ့ခြင်းတောင်း ကျန်သေးတယ်၊ သူများသွားယူ





ဦးမယ်၊ ဆွဲသွားရင်ခက်မယ်"

ဒူးရင်းသီးတောင်းကို ဝရန်တာ၌ချထားခဲ့ပြီးနောက် မိန်းကလေးက တစ်ခေါက်ပြန်ဆင်းသွားလေသည်။ သတိုးက ဝရန်တာမှ တောင်းများကို မီးဖိုခန်းဘက်သို့ မသွားလိုက်သည်။ ဝရန်တာ လေတင်ရပ်၌ထားလျှင် သူခေါင်းကိုက်၍ ဆုံးမည်မဟုတ်။

မိန်းကလေးက အိတ်နှင့်ခြင်းတောင်းကို ဆွဲတက်လာသည်။ သတိုးက ကားတံခါးများကို တစ်ခေါက်ပြန်ပိတ်ပြီး ပြန်တက်ခဲ့သည်။

"ရှင်တို့အိမ်က ဘယ်သူမှ မရှိကြဘူးလား၊ ရှင့်မိဘတွေရော"

မိန်းကလေးက မယုံသင်္ကာသော မျက်လုံးများဖြင့်ကြည့်ကာ သူ့အားမေးလိုက်သည်။

သတိုးက အဲကွန်းကို ဖွင့်လိုက်သည်။ မီးလာနေသဖြင့် တော်သေးသည်။ ထို့နောက် ရေခဲသေတ္တာအတွင်းမှ အအေးဘူး နှစ်ဘူးထုတ်ကာ မိန်းကလေးရှေ့တစ်ဘူး ချပေးပြီး သူကိုယ်တိုင်တစ်ဘူး ဖောက်သောက်လိုက်သည်။

"မင်းကို ပြောစရာတွေ ငါ့မှာအများကြီးပဲ၊ မင်းဒီတိုက်ခန်းထဲမှာ တစ်ယောက်တည်း နေရဲမရဲကို ငါသိချင်တယ်"

"ဟင်"

မိန်းကလေးက မျက်လုံးဝိုင်းဝိုင်းလည်သွားသည်။ ဧည့်ခန်းပတ်ပတ်လည်ကို အကဲခတ်လိုက်သည်။

နံရံပေါ်၌ ချိတ်ထားသော မမကြီးတို့ လင်မယားဓါတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရသဖြင့် စိတ်အေးသွားသည်။

"ဒါမမကြီးတို့ တိုက်ခန်းလား၊ မမကြီးက သူ့ယောက္ခမတွေနဲ့ မနေဘူးလား၊ ရှင်ကကော မမကြီးနဲ့ဆို ဘာတော်သလဲ"

"ငါက ကိုကိုရဲ့ညီ သတိုးပဲ၊ ကိုကိုနဲ့မမက လွတ်လွတ်လပ်လပ်နေချင်တယ်ဆိုပြီး အိမ်ခွဲနေတာ၊ ဒါသူတို့ အပျော်နဲ့ဝယ်ထားတဲ့ တိုက်ခန်းပဲ၊ အခု သူတို့က စင်ကာပူကို မနေ့ကပဲထွက်သွားတယ်၊ မသွားခင် ငါ့ကို သေသေချာချာ မှာသွားလို့မင်းကိုလာကြိုတာ"

"ဩော်. . သူတို့က ဘယ်လောက်ကြာမှာလဲ"

"ဒါတော့ ခန့်မှန်းလို့ မရဘူး"

"ဒုက္ခပါပဲ၊ ဒီလိုဆို ကိုကိုကြီးမိဘ၊ အဲ. . ရှင့်မိဘတွေအိမ်မှာ သူတို့ပြန်မလာခင် ကျွန်မနေလို့ မရဘူးလား"

သတိုးက ခေါင်းကို လေးတွဲစွာ ခါယမ်းလိုက်သည်။

မိန်းကလေးက အံ့အားသင့်စွာဖြင့်. . .

"ဟင်. . ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ငါ့မိဘတွေက မမကို ခုထက်ထိသူတို့ချွေးမအနေနဲ့ အသိအမှတ်မပြုသေးလို့ပဲ"

"ဘာ"

မိန်းကလေးက အံ့အားသင့်ရာမှ ဒေါသပါ စွက်ဖက်ပြီးထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

မိန်းကလေးမျက်နှာ နီရဲလာသည်။

"ခုထက်ထိ သဘောမတူသေးဘူး၊ လက်ထပ်ပြီးတာ





အစ်နှစ်ကျော်နေပြီ၊ နေပါဦး. . ရှင့်မိဘတွေက သဘောမတူရအောင် သူများမမကြီးက ဘာဖြစ်နေလို့လဲ၊ နူနေလို့လား၊ ဝဲနေလို့လား၊ ဘွဲ့တစ်ခုရပြီးသား မိကောင်းဖခင်သားသမီးက ပေါက်ဖွားလာတဲ့ အမျိုးသမီးကောင်းတစ်ယောက်၊ ရည်းစားသနံ့လည်းမရှိသလို၊ မိန်းမကောင်းလည်းပီသတဲ့ မိန်းမတစ်ယောက်၊ သူ့ကိုလိုချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားထဲက ရှင့်အစ်ကိုကိုသနားပြီး သူများအစ်မက ရွေးချယ်ခဲ့တာ၊ ဟွန်း. . ရှင်တို့ဘက်ကများ နာအုံ့ထင်သေး၊ နာစရာရှိ ကျွန်မတို့ဘက်က နာရမှာပါ"

ခရားရေလွှတ်သလို တတွတ်တွတ် ရေရွတ်ပြောဆိုနေသော မိန်းကလေးကို သတိုးက စိတ်ပျက်စွာဖြင့် ခေါင်းမှဆံပင်ကို ဖွထုတ်လိုက်ပြီး. . .

"ဒါတွေ ငါမသိဘူးကွာ၊ ငါသိတာက မေမေတို့သဘောတူနိုင်လောက်တဲ့သူ မဟုတ်တာတော့ သေချာတယ်"

"နေပါဦး၊ ရှင့်အမေက ဘယ်လိုမျိုးမိန်းမကို သဘောတူမှာလဲ"

ဆတ်ဆတ်ထိမခံတတ်သော မိန်းကလေးကို သတိုးက စေ့စေ့ကြည့်ကာ. . .

"ဒါတွေ ငါမသိဘူးလို့ ပြောပြီးပြီပဲ၊ ခု ငါပြောချင်တာက မင်းဒီမှာ တစ်ယောက်ထဲ နေရဲမရဲ"

မိန်းကလေးက. . .

"နေဦး အိမ်ခန်းကို လျှောက်ကြည့်လိုက်ဦးမယ်၊ အိမ်နီးချင်းတိုက်ခန်းတွေကလည်း အားကိုးရမယ့်ပုံ မပေါ်ဘူး. .၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စိတ်ကိုယ်၌ တံခါးတွေပိတ်လို့”

“ဒါက မြို့နေလူထုရဲ့ စတိုင်ပဲ”

မိန်းကလေးသည် အိမ်ခန်းများကို လျှောက်ကြည့်သည်။

“အပေါ်ထပ် အိပ်ခန်းနှစ်ခန်းနဲ့ ဘုရားခန်းရှိတယ်၊ သွားတက်ကြည့်လိုက်ဦး၊ ခြေရင်းခန်းက အိပ်ခန်း၊ နံရံကပ်ဗီရိုထဲမှာ အိပ်ရာအတွက် ပစ္စည်းတွေရှိတယ်၊ မင်းဘာသာမင်း ယူပြီးပြင်ဆင်အိပ်လိုက်၊ စားစရာက ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်တွေအပြည့်ရှိတယ်၊ ရေခဲသေတ္တာထဲလည်း မမဝယ်ထည့်သွားပေးတယ် ထင်တယ်”

သတိုးက ရေခဲသေတ္တာကို ဖွင့်ကြည့်ပြီးပြောလိုက်သည်။

“ကောင်းပြီလေ၊ သူများ လူလည်းမကြောက်တတ်ဘူး၊ တစ္ဆေသူရဲလည်း မကြောက်တတ်ဘူး၊ ဒါပေမယ့် ဧည့်စာရင်းတိုင်ပေးဖို့ရယ်၊ ကွန်ပျူတာ တက်ဖို့ရယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ သူများမသွားတတ်ဘူး”

“မမတို့ပြန်အလာကို စောင့်ပါလား”

“ဟာ ဘယ်အချိန်ပြန်လာမှန်းမသိတာ၊ အချိန်တွေကို အပုပ်အသိုးမခံနိုင်ပါဘူး၊ လောကကြီးမှာ ဘာမှမလုပ်ပဲ နေနေတာလောက် ပျင်းစရာကောင်းတာ ဘာရှိမလဲ၊ ရှင်လိုက်မပို့ပေးနိုင်ဘူးလား”

သတိုး သက်ပြင်းချလိုက်သည်။

ပြေးကြည့်မှ ညီအစ်ကိုနှစ်ယောက်ရှိသည်။ ကိုကိုနှင့်





ကြား ပေါင်းကူးလုပ်ပေးဖို့ ကြိုးစားနေရသည်။ ကိုကိုနှင့် ပတ်သက်ပြီး မရီးတော်လာရသော မမခင်နှင်းဆီကိုလည်း သူ အမေသဖွယ် ချစ်ခင်နေသည်။

ကိုကိုနှင့် မမ၏ ပြိုငြင်မှုကို သူမခံနိုင်သဖြင့်. . .

“ကောင်းပြီလေ. . ဒီနေ့တော့ မင်းနားလိုက်၊ အောက်ထပ်က အန်ကယ်(လ်)ကို မင်းအတွက် ဧည့်စာရင်းတိုင်ပေးဖို့ အကူအညီတောင်းထားပေးမယ်၊ ဘာပြောစရာရှိသေးသလဲ ပြန်တော့မယ်”

မိန်းကလေးက. . .

“နေဦးရှင့်. . . မနက်ဖြန် ရှင်စောစောလာခဲ့၊ သူများကို ရွှေတိဂုံဘုရားလိုက်ပို့ပေး၊ ပြီးရင်. . ကြို့ကုန်းက ဖြူကုန်းတောရသင်တိုက်ကို လိုက်ပို့ပေး”

“ဘာလုပ်ဖို့လဲ”

“ပါလာတဲ့ သစ်သီးတွေ သွားကပ်မလို့ပေါ့၊ မမကြီးက ပြောတယ် ကိုကိုကြီးကိုးကွယ်တဲ့ကျောင်းဆိုလို့၊ ရှင့်အိမ်အတွက် တော ယူသွားပါဦးလား”

“တော်ပါပြီ မတောသူရယ်. . မင်းကိုတောင် ငါ့မှာ ခိုးကြောင်ခိုးဝှက် ဆက်သွယ်ရတာ”

မိန်းကလေးမျက်နှာ နီရဲသွားပြန်သည်။ မခံချင်စိတ်က နိုးတတ်သော ကျားသစ်မလေးသဖွယ်. . .

“သူများတို့က ဘာဖြစ်နေလို့လဲ၊ ရှင် အဲဒီမေးခွန်းကို ဖြေနိုင်သေးဘူးနော်၊ ထားပါတော့ မယူချင်နေ၊ ရှင့်ကို တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောထားရဦးမယ်"

"ဘာလဲ"

"မနက်ဖြန် ရှင်ဘယ်အချိန်လာမှာလဲ"

"ငါ အိပ်ယာက နိုးတဲ့အချိန်ပေါ့"

"ဒါဖြင့် ကျွန်မ မမကြီးတို့အတွက် ချက်ပြုတ်လာတဲ့ ဟင်းလျာတွေကို ဘုန်းကြီးကျောင်းကပ်လို့ရအောင် စောစောထ ပြင်ဆင်ထားမယ်၊ ဒါထက် အရေးရယ်အကြောင်းရယ်ဆိုရင် ရှင့်ကိုသူများ ဘယ်လိုလုပ် ဆက်သွယ်ရမလဲ"

"ဩော်. . အေး ဖုန်းဆက်၊ ငါ့ Hand Phone ကိုဆက် နံပါတ်က XXXXXXXXX"

"ကောင်းပြီ"

မိန်းကလေးက သူပေးသော ဖုန်းနံပါတ်ကို အလွတ် ကျက်မှတ်ထားလိုက်သည်။

သတိုးက အိမ်တံခါးသော့၊ ဝရန်တာသော့၊ နောက်ဖေး တံခါးသော့များကို ပြသပေးပြီး. . .

"ငါသွားမယ်"

မိန်းကလေးက ခေါင်းညိတ်သည်။

"ဩော် ဒီညစာအတွက် မင်းစားခဲ့ရမှာ မဟုတ်သေးဘူး ငါတစ်ခုခု သွားဝယ်ပေးမယ်"

"မလိုပါဘူး. . ချိုင့်ထည့်လာတယ်၊ စားခဲ့ပြီးပြီ"

သတိုးက မိန်းကလေး၏ ကြိမ်ခြင်းမှ စတီးငါးဆင့်ချိုင့် ကြီးကို သတိရလိုက်သည်။





"ဒါဖြင့် သွားပြီ၊ ဩော် မင်းနာမည် ငါမသိသေးဘူး"

"မတောသူ"

မိန်းကလေးက ခပ်တည်တည်နှင့်ဖြေပြီး တံခါးကို ဆွဲ ပိတ်လိုက်သည်။

သတိုးမှာ အောင့်သည်းအောင့်သက်ဖြင့် တိုက်ခန်းတံ ခါးကို မကျေမနပ်ငေးကြည့်ပြီး လှေကားထစ်များမှ ပြေးဆင်းခဲ့ လိုက်လေသည်။

အောက်ထပ်ရောက်တော့ အောက်ဆုံးထပ်မှ ရင်းနှီး သော ဦးဘထွန်းအား ဝင်၍ အကျိုးအကြောင်း ပြောပြလိုက် သည်။

ဦးဘထွန်းက သူတို့စောင့်ရှောက်ထားမည့်အကြောင်း ပြောသဖြင့် မိန်းကလေးအတွက် သူ စိတ်ချသွားလေသည်။

ကားတံခါးဖွင့်ခါနီး အပေါ်ထပ်ဝရန်တာကို လှမ်းကြည့် လိုက်သည်။ သော့ပိတ်ထားမြဲဖြစ်ပြီး မိန်းကလေး၏ အရိပ်အ ယောင်ပင် မတွေ့ရသဖြင့် သူ သက်ပြင်းချလိုက်လေသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

ခင်စံကား မကျေမနပ်စိတ်ကို ခေတ္တဘေးဖယ်ထားပြီး သိမ်းစရာရှိသည်များကို ဖယ်ဆက်သလို သိမ်းဆည်းလိုက်သည်၊ အိမ်မှ အဖြူထည်ပြုတ်ကျော် လုပ်ပေးလိုက်သော ဘဲသားများနှင့် ငါးများကို ပြန်နွှေးလိုက်သည်။

အလုပ်လုပ်နေရင်းကြားထဲက မမကြီး၏ ပြောစကားများကို သတိရမိသည်။ မမကြီး ပြီးခဲ့သည့်နွေမှာ လာလည်သည်၊





"ကိုကိုကြီးတို့မိသားစုက မမကြီးကို သိပ်ချစ်ပါတယ်၊ ဘိုလေသေးမရှိပါဘူး"ဟူသော စကားသည် မိမိတို့ မိသားစုစိတ်ချမ်းသာစေရန် သက်သက်မှသားပြောသွားခြင်း ဖြစ်သည်။

ယခုမှ ပြန်တွေးကြည့်မိသည်။ မမကြီးနှင့် ကိုကိုကြီးသည် မိမိ၏မိဘများနှင့် ကိုကိုကြီး၏ညွှန်မှုး ကမကထလုပ်ကာ မှတ်တက်လက်မှတ်ထိုး၊ ဖားအောက်ရွာလုံးကျွတ် မင်္ဂလာဆွမ်းကျွေးယူသွားခဲ့ခြင်းဖြင့် မင်္ဂလာကိစ္စ ပြီးမြောက်သွားခဲ့သည်။ ကိုကိုကြီးတို့ဘက်မှဆို၍ မော်လမြိုင်တွင်ရှိသော မိတ်သင်္ဂဟအနည်းအကျဉ်းလောက်သာ ပါခဲ့သည်။

ရန်ကုန်၌လည်း ထပ်မံ၍ မင်္ဂလာပွဲမကျင်းပချေ။

ယခုမှ ဆက်စပ်ကြည့်ကာ အဖြေရှာတွေ့လေပြီ။

မိုက်ရိုင်းလိုက်လေ၊ ခြောက်ပြစ်ကင်း သဲလဲစင်အောင်သူသောမမကြီး ခင်နှင်းဆီကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်လျက်အောင်သွယ်တော်များနှင့် နားဖောက်ခဲ့ကြသည်ကို ခါးခါးသီးသီးငြင်းဆန်ခဲ့ပြီး ကိုကိုကြီး ဦးသူရိန်နှင့်ကျမှ မမကြီးအောင်သွယ်တော်မလိုပဲ ဖူးစာဖက်ဖြစ်ခဲ့သည်။

ယခုတော့ . ယောက္ခမကမကြည်ဖြူ အသိအမှတ်မပြုဘဲ ချောင်ထိုးထားခံရသည်။ အဖေနှင့်အမေသာသိလျှင် အဘယ်မျှ ရင်နာလိုက်မည်နည်း။

မိမိတောင် မခံမရပ်နိုင်ဖြစ်ပြီး ဒေါသတွေ ဆူဝေလျက်ရှိသည်။

မမကြီး၏ ယောက္ခမများကို တွေ့ချင်လာသည်။



www.burmeseclassic.com

တစ်ခုခုတော့ ပေးဆပ်ချင်သည်။ ခင်နှင်းဆီ၊ ခင်မြတ်လေး၊ ခင်စံပယ်၊ ခင်စံကားဟူသော ညီအစ်မလေးယောက်တွင် အကြီးသုံးယောက်စလုံး အိမ်ထောင်ကျသွားပြီ၊ ခင်မြတ်လေးနှင့် ခင်စံပယ်ကို ယောက်ျားလေးရှင်ဘက်မှ လိုလိုလားလား တင်တောင်းကာ ခြိမ့်ခြိမ့်သဲ လက်ထပ်ယူသွားခဲ့ကြခြင်းဖြစ်သည်။ ဘာပြဿနာမှမရှိသည့်အပြင် ခင်ပွန်း၏လုပ်ငန်းတွင် သူတို့မပါလျှင် မပြီးလောက်အောင် အရေးပေးခြင်း ခံရသူများဖြစ်ခဲ့သည်။

မိဘကိုငဲ့ပြီး အိမ်ထောင်မပြုသေးပဲ အပျိုကြီးလုပ်နေသောမမကြီးသည် အသက်သုံးဆယ်နားကပ်မှလည်း ယူရသေးသည်။ ယောက္ခမ၏ အသိအမှတ်ပြုခြင်း မခံရဆိုတော့ ခင်စံကားရင်ထဲ နာကျင်လျက်ရှိသည်။

အစ်မသုံးယောက်တွင် မမကြီးခင်နှင်းဆီကို သူအချစ်ဆုံးဖြစ်သည်။ အချစ်ဆုံးအစ်မမှ ကံဆိုးနေရသည်။

စိတ်မနောဖြူစင်သော မမကြီးကို သူတို့ဘာကြောင့် လက်မခံနိုင်ရသနည်း။

ကိုကိုကြီးက မမကြီးထက် သုံးနှစ်ငယ်သည်။ ဒါကိုပဲ မကြိုက်တာလား။

"တူးတူး. . . တူးတူး"

"အရေးထဲ တယ်လီဖုန်းက တစ်မျောင့်"

ခင်စံကားက လျှပ်စစ်မီးဖိုခလုတ်ကို ပိတ်ပြီး ဧည့်ခန်းကို ပြေးထွက်ခဲ့သည်။

"ဟဲလို"





"ဦးသူရိန်နဲ့ တွေ့ချင်လို့ပါ"

"ဦးသူရိန် မရှိပါဘူးရှင်"

"ဘယ်သွားသလဲ"

"စင်ကာပူကို သွားပါတယ်"

"ဟုတ်လား. . ဒီကောင်ကြီး ကျွန်တော့်ကို ဘာမှပြောမသွားပါလား၊ ဒေါ်ခင်နှင်းဆီလား. . ကျွန်တော်အောင်ကျော်ပါ"

ခင်စံကား မျက်နှာထူပူသွားပြီး. .

"ဟာ မဟုတ်ပါဘူးရှင့်၊ သူများက ကိုကိုကြီးခယ်မပါ။ မမကြီးလည်း ကိုကိုကြီးနဲ့ လိုက်သွားပါတယ်"

"တယ်ဟုတ်ပါလား၊ ဘယ်တော့ပြန်လာမှာလဲ"

"မသိဘူးရှင့်"

"ဒါဖြင့် အိမ်မှာဘယ်သူတွေရှိသလဲ၊ ကျွန်တော်လာသည်မလို့"

"ဘယ်သူမှ မရှိဘူး ဦးအောင်ကျော်၊ လာချင်ရင် သူတို့ဘာမှလာ. . ဒါပဲနော်"

"ဟိတ်. . နေ. ."

ခင်စံကား တယ်လီဖုန်းကိုချလိုက်ပြီး ပလပ်ဖြုတ်ထားထိုက်သည်။

လောလောဆယ် လုပ်စရာအလုပ်တွေ အပြီးသတ်လုပ်ပြီး ရေချိုးကာ အိပ်ရာဝင်လိုက်သည်။

ထိုအချိန်ရောက်မှ ဖုန်းပလပ်ကို ပြန်တပ်လိုက်သည်။ ခင်စံကားအိပ်မပျော်ချေ။ ပတ်ဝန်းကျင်သစ်၊ နေရာ

www.burmeseclassic.com



သစ်က သူ့အား စိမ်းကားစွာကြိုဆိုနေသည်။

သူ့စိတ်ကို အနှိပ်စက်ဆုံးက မမကြီး၏ ယောက္ခမများ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များအား နောင်တရစေချင်သည်။ လူတန်းစား ခွဲခြားခြင်းလား။

ရိုးသားသောဥယျာဉ်ခြံပိုင်ရှင် မိသားစုမှ ပေါက်ဖွားသော မိမိတို့ညီအစ်မများသည် နန်းထိုက်သည့် တော်ဝင်သဇင် ပန်းမဟုတ်ပေဘူးလား။

"တူးတူး. . . တူးတူး"

တယ်လီဖုန်းမြည်သံ ထွက်လာသဖြင့် ဘုရားခန်း၌ စာဖတ်နေသော ခင်စံကားအတွက် ဝေးဝေးလံလံ မသွားလိုက်ရချေ။

"ဟဲလို"

"ဘယ်လိုလဲ မတောသူ. . တောသားရဲ့ ကျားဆွဲဆိုတဲ့ စကားမှန်နေပြီထင်တယ်၊ မင်း ဘယ်ပျောက်သွားနေတာလဲ"

"ဘုရားရေ အိုးစွပ်ခွက်စွပ်လည်း မစားပဲ၊ စွပ်စွဲခံနေရပါလား၊ ဘယ်သွားရမှာလဲ. . ဘယ်မှမသွားဘူး"

"ဒါဖြင့် ဖုန်းခေါ်နေတာ မင်းဘာဖြစ်လို့ မကိုင်တာလဲ"

"ပလပ်ဖြုတ်ထားလို့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ်ပေါ့၊ ရှင့်အပူမပါဘူး"

"ဟ. . ငါ့အပူမပါလို့ ရမလားအမိရဲ့၊ ကိုကိုကြီးတို့ ပြန်မလာခင် မင်းကိုစောင့်ရှောက်ရမယ့်ဝတ္တရား ကျုပ်မှာရှိနေတယ်"





"သြော်. . သြော်. . ကိုတာဝန်ကျေကြီးပေါ့၊ ဘာကိစ္စလဲ. . အမိန့်ရှိပါဦး"

ခင်စံကားက သူ့မိဘများအပေါ် အခဲမကျေနိုင်သဖြင့် သတိုးကိုပါ ခနိုးခနဲ့ ပြောဆိုလိုက်မိလေသည်။ သူကကော ဘာဆိုသေးသနည်း။ မိမိအား နှိမ့်ချသောအကြည့်နှင့် အခေါ်အခေါ်ကိုက 'မတောသူ' ဟု နှိမ့်ချခေါ်ဝေါ်နေသည်ပဲ။

"ဘာကိစ္စရမှာလဲ၊ မမကြီးတို့က မင်းရောက်ပြီလား သိချင်လို့ စင်ကာကပူက ဖုန်းခေါ်တယ်၊ အဲဒါ ခေါ်လို့မရလို့ ငါ့ Hand Phone ကို ဆက်တယ်. . ၊ ငါက ရောက်ပြီဖြစ်တဲ့အကြောင်း ပြောပြလိုက်တော့ မင်းတစ်ယောက်တည်း စိတ်မချဘူး၊ ငါ့ကို ညအိပ်စောင့်ရှောက်ပေးဖို့ပြောတယ်၊ အဲဒါ ငါ ဘယ်လိုလုပ်ရမလဲ"

"ရှင့်မိဘတွေက သဘောတူမှာလား"

"ငါ့မိဘတွေကတောင် မေးနေသေးတယ်၊ ဒီည ကိုကို့တိုက်ခန်း သွားမအိပ်ဘူးလားတဲ့"

"အို. . ဒါဖြင့် ရှင်က ဒီမှာလာအိပ်နေကြလား"

"ဟုတ်တယ်၊ ကိုကိုတို့ ခရီးထွက်ရင်. . ငါက အဲဒီမှာ ညစောင့်လုပ်နေကြ"

"သြော်. . ဒါကြောင့် ဘုရားခန်းမှာ ပွရှုပ်နေတာကိုး"

"ဟုတ်တယ်. . ငါ ဘုရားခန်းမှာပဲ အိပ်နေကြ"

ခင်စံကား စဉ်းစားလိုက်သည်။ ချက်ချင်း အာရုံသို့ အသိတစ်ခု လင်းလက်စွာ ရောက်ရှိလာသည်ဖြစ်ရာ. .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ရှင်လာအိပ်ပါလား"

"ဟင်"

"မဟင်နဲ့. . ၊ အမှန်တကယ်ဝန်ခံရရင် သူများကြောက်လို့ ဘုရားစင်ရှေ့မှာ ငုတ်တုတ်ထိုင်ပြီး ဘုရားစာရွတ်နေတာ"

"ဒုက္ခပါပဲ"

"ဘာဒုက္ခလဲ"

"မင်းနဲ့ လာအိပ်ဖို့ဆိုတာ"

"ဘာ. . ဘာစကားပြောတာလဲ၊ စကားကို တည်တည်ကြည်ကြည်ပြောရင် ကောင်းမယ်"

"ဟ. . ငါ အကောင်းပြောတာပဲ၊ ကောင်းပြီလေ. . ငါ အခုပဲလာခဲ့မယ်၊ မင်း အောက်ထပ်ရောက်တာနဲ့ ငါဖုန်းဆက်လိုက်မယ်၊ အဲဒီတော့မှ လှေကားမီး ဖွင့်လိုက်"


"ကောင်းပြီလေ ကျေးဇူးပဲ"

ခင်စံကား တယ်လီဖုန်းချလိုက်သည်။

ဘာကြောင့်ရယ်မသိ၊ မိမိ၏ဆုံးဖြတ်ချက်သည် မှားသွားပြီလားဟု စဉ်းစားမိပြီး စိတ်လှုပ်ရှားလာသည်။ ဘာပဲဖြစ်ဖြစ် မဟုတ်မခံတတ်သော စိတ်၊ ဆုံးဖြတ်ချက်ချပြီးလျှင် ခေါင်းမာစွာဖြင့် မပြင်တတ်သော မိမိစိတ်ကို မိမိယုံကြည်စွာဖြင့် သတိုးအလာကို စောင့်ဆိုင်းလိုက်သည်။







# အခန်း (၄)

"ရှင်လာပြီလား မဝင်နဲ့ဦး၊ ရော့ အောက်ထပ်က ဦးကြီးအိမ်ကို လက်ဆောင်သွားပေးလိုက်၊ ကျွန်တော့်ညီမရဲ့ မွန်ပြည်နယ်လက်ဆောင်လို့ ပြောထား၊ သူများကိုလည်း ရှင့်ညီမလို့ ပြောထားနော်"

"အေးပါ၊ ညနေကတည်းက ငါပြောထားပြီးပါပြီ၊ အခုတော့ပဲ တစ်ခါတည်း ညှိစာရင်းတိုင်ခဲ့မယ်၊ မင်းမုန့်ပုံတင်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး"

ခင်စံကားအပေါ် ထပ်ပြေးတက်ကာ စလင်းဘက်ထဲမှ မှတ်ပုံတင်ကဒ် ထုတ်ယူခဲ့လိုက်သည်။

သတိုးလက်ထဲသို့ ထည့်ပေးလိုက်သည်။ သတိုးက မှတ်ပုံတင်ကိုကြည့်ပြီး ပြုံးလိုက်လေသည်။

"နာမည်နဲ့လိုက်ပါပေတယ်၊ ဒေါ်ခင်စကားရယ်"

"အံမယ်. . အံမယ်၊ စကားပြောတဲ့ စကား မဟုတ်ဘူး ရှင့်၊ ပန်း. . စံကားပန်း သိရဲ့လား"

သတိုးက မကြားချင်ဟန်ဆောင်ပြီး ခင်စံကားပေးထားသော ဒူးရင်းသီးတစ်လုံး၊ ကြက်မောက်သီးနှင့် မင်းဂွတ်သီးများ ထည့်ထားသော ဆန်ခါကိုယူကာ အောက်ထပ်သို့ ဆင်းသွားသည်။

"တံခါးပိတ်ထားဦးဟေ့"

လှမ်းပြောသွားသေးသည်။

သတိုး၏ ဥပတိရုပ်ကို ခင်စံကားကြည့်ပြီး လူရမ်းကား လူပေါ် ကြော့မဟုတ်မှန်း အကဲခတ်မိသည်။ ကိုကိုကြီးကိုသူရိန်၏ ညီအရင်းပေပဲ၊ လူကောင်းတစ်ယောက် ဖြစ်နိုင်သည်။

မတတ်နိုင်၊ ကမ္ဘာမီးလောင် သားကောင်ချနင်းရမည်။ ခင်စံကား မိသားစုအတွက် အထူးသဖြင့် မမကြီး ခင်နှင်းဆီအတွက် မိမိတစ်ခုခု ပေးဆပ်ရမည်။ ထိုပေးဆပ်မှုအတွက် ဓါးစာခံ ဖြစ်ရမည့်သူမှာ သတိုးဖြစ်သွားခြင်းအတွက်တော့ ခင်စံကား မတတ်နိုင်။





သိပ်မကြာလိုက်၊ သတိုးပြန်တက်လာပြီး တံခါးခေါက်သည်။

ခင်စံကားက ဖွင့်ပေးလိုက်သည်။ ဆန်ခါကို လှမ်းပေးသည်။ ထို့နောက် သံပန်းတံခါးကို သော့ခတ်လိုက်ပြီး၊သစ်သား တံခါးကို ချက်ချလိုက်သည်။

"ထမင်းစားပြီးပြီလား"

"ပြီးပြီ. . ရှင်ကော"

"ပြီးပြီ"

"ရှင် ဘယ်မှာအိပ်မှာလဲ"

"ဘုရားခန်းမှာပဲပေါ့"

"ဟင့်အင်း. . မရဘူး၊ ရှင်အောက်ထပ်မှာပဲ အိပ်ရမယ် ဒီဧည့်ခန်းမှာပဲ အိပ်"

သတိုးက ခင်စံကားအား လှမ်းကြည့်လိုက်သည်။ သနပ်ခါးရေကျဲလူးထားပြီး ဆံပင်အရှည်ကြီးကို လက်ကိုင်ပဝါဖြင့် စည်းနှောင်ထားသည်။ လှလိုက်သည့် ဆံပင်၊ ခြေဖနောင့်နားသို့ တိုင် ဝဲလုလုဖြစ်လေသည်။ နက်မှောင်ကာ ပိတုန်းရောင် တောက်နေသည်။

"ဆိုဖာဆက်တီက ကျဉ်းကျုတ်တယ် အမိရဲ့၊ ငါ မအိပ်တတ်ဘူး၊ စိတ်ချပါအမိရယ် ငါမင်းကို နှမသားချင်းလို စောင့်ရှောက်သွားမှာပါ၊ ငါ အိပ်နေကျ ဘုရားခန်းမှာ ဂွမ်းကပ်ခင်းပြီး ကျယ်ကျယ်လွတ်လွတ် အိပ်ပါရစေ၊ မင်း တံခါးဂျက်ချအိပ်ပါ၊ ဒါမှ မကျေနပ်သေးရင် မင်းဘေးမှာ ဓါးတစ်ချောင်းယူထား. .၊



www.burmeseclassic.com

www.burmeseclassic.com



ငါ ခင်းအပေါ် မရှိသားတဲ့အပြုအမူရှိရင် တစ်ခါတည်းသာ ထိုးချလိုက်”

“တော်စမ်းပါ၊ ဒါတော့ ရှင်ပြောပြစရာမလိုဘူး၊ မိန်းမသားတစ်ယောက်ရဲ့ ခုခံပိုင်ခွင့်တွေ၊ ကာကွယ်စောင့်ရှောက်ပိုင်ခွင့်တွေကို သူများသိပြီးသား၊ သူများက ဂျူဒို သင်ပြီးသား. . ခါးတောင်မလိုဘူး”

“ယုံပါတယ်”

သတိုးက အောက်ထပ်တံခါးများကို ကြည့်ပြီး မီးပိတ်ကာ ညမီးလေးသာ ထွန်းထားခဲ့ပြီး. . အပေါ်ထပ်အလွှာသို့ အတွင်းလှေကားမှ တက်လိုက်သည်။

သူရှုပ်ပွခဲ့သော ဘုရားခန်းသည် သန့်ရှင်းသပ်ရပ်နေပြီး သစ်သီးများနှင့် ဝေဆာနေရာ. . .

“မြတ်စွာဘုရား. . . မင်းဒူးရင်းသီးက”

“ရှင့်နှယ်နော်၊ အစိမ်းကပ်ထားတာပါ အနံ့မထွက်သေးပါဘူး၊ မစားဘူးတော့ မကြိုက်၊ စားဖူးသွားရင် မောင်ကြဲတစ်တို့ ဖြစ်သွားမယ်”

“ညကြီး သစ်သီးကပ်ရသလား”

“မကပ်သေးပါဘူး၊ မနက်ရောက်မှာ အရုဏ်ဆွမ်း ထကပ်မှာ”

သတိုးက. . .

“ဒုက္ခပါပဲ၊ ငါက စောစောမထတတ်ဘူး၊ ဒီအတိုင်းသာဆိုရင် အောက်ထပ်ကြမ်းပြင်မှာပဲ ခင်းအိပ်ရမလို ဖြစ်နေပြီ”





“သမံတလင်းက အေးတယ်၊ ရပါတယ် ဒီမှာပဲအိပ်ပါ သူများ ရှင်မနိုးအောင် လှုပ်ရှားမှာပါ”

“ဒါဖြင့်လည်း ပြီးရော”

သတိုးက ဂီတာယူလိုက်သည်။ နောက်ဖက်. . လသာဆောင်ဘက်သို့ ထွက်လိုက်သည်။

ခင်စံကားက ဘာမှမပြောတော့ပဲ မိမိအပိုင်စီးလိုက်သော အိပ်ခန်းအတွင်းသို့ဝင်ကာ ချက်ချပြီး အိပ်ရာဝင်ခဲ့လိုက်သည်။

ရုတ်တရက်အိပ်မပျော်။

မိမိဆုံးဖြတ်ချက်နှင့် လုပ်ရပ်သည် မှားယွင်းနေပြီလား။

ဘာပဲဖြစ်ဖြစ် မမကြီး၏ ယောက္ခမများနှင့် ထိပ်တိုက်ရင်ဆိုင်ရဖို့ အရေးကြီးသည်။ ရင်ဆိုင်ရလျှင် မိမိဘာလုပ်သင့်သနည်း။

မေးစရာရှိသော မေးခွန်းများကို မေးပစ်လိုက်မည်။


အနည်းဆုံးတော့ လူတစ်ယောက်ရဲ့ တန်ဖိုးကို ဘယ်ကဲ့သို့သော ပေတံနှင့် တိုင်းတွာသလဲ၊ မည်သည့်ချိန်ခွင်မျိုးနှင့် ချိန်တော်သလဲဆိုတာကိုတော့ မေးလိုက်ရမည်ပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

သတိုးက ဘုရားစင်နှင့် သူအိပ်သောနေရာကို ကြိမ်ခန်းဆီးဖြင့် ကာရံပိုင်းခြားထားသည်။

သို့သော် မဝံ့မရဲရောက်ရှိသွားသော မျက်လုံးကြောင့် ခင်စံကား ရင်ဖိုသွားသည်။ လွတ်လပ်ပေါ့ပါးစွာဖြင့် ယခုခေတ်လူငယ်တွေ ဝတ်လေ့ရှိသော ဒူးဆစ်လောက်ရှည်သည့် ဘောင်းဘီပွနှင့် စွပ်ကျယ်လက်ပြတ်တိုလေးဝတ်ကာ ဖက်လုံးကို ဖက်





[illegible] နှစ်ခြိုက်စွာ အိပ်မောကျနေသော သတိုးကို လျှပ်တစ်[illegible] မြင်တွေ့လိုက်ရသည်။

ချက်ချင်း မျက်နှာလွှဲလိုက်သည်။

သူစိမ်းယောကျ်ားတစ်ဦးနှင့် တစ်မိုးအောက်ထဲ နေရဲသော မိမိ၏တန်ဖိုးသည် ကျဆင်းသွားပြီလား။

မိမိ၏အတွေးနှင့် မေးခွန်းကို ခင်စံကားလက်မခံနိုင်။

ဘုရားသောက်တော်ရေချမ်းနှင့် ဆွမ်း၊ သစ်သီး၊ ချိုချဉ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်လိုက်သည်။

သတိုးနားထဲသို့ သာယာကြည်နူးဖွယ်ကောင်းသော အသံတစ်သံ တိုးဝင်လာသည်။

ဘာသံလဲ၊ ဘုရားရှိခိုးသံ တိုးတိုးကလေး. . .။

ကြိမ်ခန်းဆီးလိုက်ကာ ကျိုးတို့ကျဲတဲကို ဖောက်ထွင်း၍ ခင်စံကားကို လှမ်းမြင်လိုက်ရသည်။

သူ့ရင်ထဲ အေးမြသွားသည်။

အေးချမ်းလိုက်တဲ့ မြင်ကွင်း။

သူ အသက်ရဲရဲမရှူဝံ့၊ မျက်လုံးကိုလည်း အပြည့်အဝ မှင်၍ တဒင်္ဂမျှကြည့်လိုက်ပြီး ချက်ချင်းပင် ပြန်ပိတ်ထားလိုက်သည်။

တစ်ဆက်တည်း. . ဆူးကို သွားသတိရသည်။ သူနှင့် ကျောင်းနေဖက်လည်းဖြစ်၊ အိမ်နီးချင်းလည်းဖြစ်ပြီး နှစ်ဘက်မိဘများက သဘောတူထားသော မိန်းကလေးဖြစ်သည်။

ဆူးမှာ ထိုအပြုအမူမျိုး ရှိရဲ့လား၊ ရှိလျှင် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်မလဲ၊ သားသမီးများကိုပါ လိမ္မာယဉ်ကျေးသော အမွေအနှစ်များကို ပေးဝေနိုင်မည်။

မိမိကတော့. . .

သတိုး အသာအယာ ထလိုက်သည်။ သူဆက်အိပ်နေဖို့ ရှက်သွားသည်။

အိမ်သာ၊ ရေချိုးခန်းသို့ဝင်ကာ ကိုယ်လက်သန့်စင်ခြင်း ရေချိုးခြင်းတို့ကို ပြုလုပ်ပြီး ပြန်ထွက်လာချိန်၌ ခင်စံကားကို မတွေ့ရတော့ချေ။

အောက်ထပ်သို့ ဆင်းသွားပြီထင်ပါရဲ့၊ သူ၏ အိပ်ရာကိုပါ သိမ်းဆည်းသွားလေပြီ။

သတိုး နာရီကြည့်လိုက်သည်။ ခြောက်နာရီထိုးပဲ ရှိသေးသည်။ အိမ်မှာဆိုလျှင် ယခုအချိန် အိပ်မက်,မက်ကောင်းတုန်း ဖြစ်မည်။

ညအိပ်အင်္ကျီကို လဲလှယ်ကာ အောက်ထပ်သို့ ဆင်းခဲ့လေသည်။

"ရှင့်ကို နှိုးရမယ်လို့ ထင်နေတာ. . ၊ မနှိုးရတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုမြို့သား၊ ကိုင်း. . ဘာစားမှာလဲ"

"ကော်ဖီနဲ့ ပေါင်မုန့်ကြက်ဥကြော်"

"ဟုတ်ပြီ၊ လုပ်ပေးပါ့မယ် ကျေးဇူးရှင်"

အငေါ်အတူးကလေးနှင့် ပြောဆိုပြီး ခင်စံကားက သွက်လက်စွာ လှုပ်ရှားလိုက်သည်။

"ဘာကျေးဇူးရှင်လဲ"





"ညြော် မနေ့က လာကြိုပေးတဲ့အတွက်ရယ်၊ အိမ်ဖန်ဆောင့် လုပ်ပေးတဲ့အတွက်ရယ်၊ နောက် သွားလိုရာကို လိုက်ပို့ပေးမယ်ဆိုတဲ့ ကတိစကားအတွက်ရယ်ကြောင့် ကျေးဇူးရှင်လို့ ခေါ်တာပါပဲ ကိုမြို့သားရယ်"

သတိုးစိတ်ထဲ ကြည်နူးလာသည်။ ခင်စံကား၏ အငေါ်အတူးကိုပင် သူ မနောခွေ့နေပြီ။

"ခင်ဗျားကော ဘာစားမှာလဲ"

"ငါးပုပ်ခြောက်နဲ့ ထမင်းဖြူ ပြီးတော့ လက်ဖက်ရည်"

"အဘွားကြီး ကျနေတာပဲ"

"သူများတို့တောမှာတော့ ဒီလိုပဲစားပါတယ် ကိုမြို့သားရယ်"

"ငါးပုတ်ခြောက် စားနိုင်တာ သူဌေးပဲ"

"တောမှာတော့ တောသူဌေးပေါ့၊ ရှင်တို့မြို့ကြီးသားတွေနဲ့ယှဉ်လိုက်ရင် ဆင်ပိန်ကျွဲလောက်ပဲ ရှိမှာပါ"

သတိုး ခင်စံကားနှင့် စကားပြောရင်း ပျော်လာသည်။ အငေါ်အတူးကလေးများကိုပင် စွဲမက်လာသည်။ ချက်ခြင်းဆင် ဆူးကို သတိရလိုက်တော့ အပျော်ကလေးများ ပျောက်ခနဲသွားရသည်။

ခင်စံကားက သတိုးရှေ့ရှိ စားပွဲပေါ်သို့ ပေါင်မုန့်ကြက်ဥကြော်နှင့် ကော်ဖီပန်းကန်ကို ချပေးလိုက်သည်။

သတိုးက မါးဖြင့်လှီးကာ ခက်ရင်းနှင့် ထိုးကော်စားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ဘယ်ကိုသွားမှာလဲ၊ တစ်နာရီကို လေးထောင်ပဲ နော်အမိ၊ ဒါပုံမှန်ဈေးပဲ၊ ဒါပေမယ့် ဟိုဘက်ဒီဘက်စပ်ရင် အမှုတော်တဲ့အတွက် မဆစ်ခင် နှစ်ထောင်ထားမယ်. . ဘယ်နဲ့လဲ"

"ဖြစ်ပါတယ် လပေးပေါ့၊ သူများကိုကိုကြီး ပြန်လာရင် ချက်ချင်းဆပ်မယ်"

ခင်စံကားက တစ်ခွန်းမခံချေ။

"ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တာပဲ"

"ဒီလို မဖြစ်ချင်ရင် ပို့မယ့်ပို့ နိဗ္ဗာန်ကူးတို့ရောက်အောင် ပို့ပေးပေါ့ ကိုမြို့သားရယ်"

"ဟုတ်ကဲ့ မတောသူ၊ ဟာ. . မင်းကော်ဖီဖျော်တာ အတော်ပဲ အဆိမ့်ကလေး"

"အချိုများလွန်းရင် မကောင်းလို့ သူများအဲဒီလိုပဲ ဖျော်ပေးနေကြ၊ ဒါထက် စကားမစပ် သူများမေးတာ ရှင်မှန်မှန်ဖြေမလား"

"အင်း. . . ဖြေသင့်တာဆိုရင် ဖြေမယ်"

သတိုးက စကားကိုကပ်၍ တမင်ပြောလိုက်ခြင်းဖြစ်သည်။

ခင်စံကားက စဉ်းစားလိုက်သည်။ သတိုးအား မေးသင့် မမေးသင့်၊ မမကြီးကို မေးလျှင်လည်း ရတာပဲ၊ တော်ပြီ. . မမေးတော့ဘူး ဟု ဆုံးဖြတ်လိုက်သည်။

"မေးလေ"

"ဟင့်အင်း မမေးတော့ဘူး"





သတိုးက စူးစမ်းသော အကြည့်ဖြင့်. . .

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မမေးချင်တော့လို့"

ထမင်းပူပူတလေးကို ငါးပုပ်ခြောက်ဆီဆမ်းနှင့် စားနင်း လက်ဖက်ရည်ချိုသောက်သော မိန်းကလေးကို သတိုး သဘောကျစွာ ကြည့်လိုက်သည်။

"မတောသူ"

"ဘာလဲရှင့်"

"မင်းကို မတောသူလို့ခေါ်တာ စိတ်မဆိုးဘူးလား"

"မဆိုးပါဘူး၊ တောမှာမွေး တောမှာကြီးခဲ့တဲ့သူများဟာ တောသူပဲဟာ. . ဘာများ စိတ်ဆိုးစရာရှိလို့လဲ"

အာဃမိန်းကလေးဟု သတိုးကကောက်ချက်ချလိုက်သည်။

စားသောက်ပြီးစီးသွားသည်နှင့် ပန်းကန်များကို သွက်လက်စွာယူ၍ ဆေးကြောသည်။ စားပွဲသုတ်သည်။ ရှင်းသန့်နေသောမီးဖိုချောင် အနေအထားကို မမနိုင်နင်းသည်။ ကိုကိုသည် သူ့ဇနီး၏ အိမ်ထောင်နိုင်နင်း ကျွမ်းကျင်မှုကို ဂုဏ်ယူ၍ ဆုံးတတ်၊ မမညီမကလည်း မမ၏ခြေရာကို နင်းနိုင်လိမ့်မည်ဟု အကဲခတ်လိုက်ပါလေသည်။

"ကျွန်မတို့ သွားရအောင်လား"

အသင့်ပြင်ဆင်ထားသော သစ်သီးများထည့်ထားသော ခြင်းများနှင့် ချိုင့်ကိုမကာ အိမ်ရှေ့သို့ ထုတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြင်းက နှစ်ခြင်းတောင်လား"

"ဟုတ်တဲ့တစ်ခြင်းက ကိုကိုကိုးကွယ်တဲ့ ဖြူးကုန်းတောရအတွက်၊ တစ်ခြင်းက သူများတို့ ကိုးကွယ်ခဲ့တဲ့ ဖားအောက်တောရ တိုက်ခွဲသံလျင်ကျောင်းသစ်အတွက်ပါ။ ရှင်လိုက်ပို့ပေးနိုင်ပါတယ်နော်"

"ပို့နိုင်ပါတယ်၊ ဒါထက် ဘုရားသွားမယ်ဆို"

"ဟုတ်တယ်လေ၊ အခု ရွှေတိဂုံပို့ပေး၊ ပြီးရင် ကြို့ကုန်းနောက်ပြီး သံလျင်ပေ့ါ. . ဖြစ်မလား"

"ဖြစ်ပါတယ်"

"ဒီလိုဆို သူများ အဝတ်အစားသွားလဲလိုက်ဦးမယ်"

"ပါးကွက်ကျား လုပ်မလာနဲ့ဦး"

"သူများ သဘောပါ၊ အမိန့်မပေးနဲ့. . မရဘူး"

"ဟောဗျ အကောင်းပြောတာ၊ လှူပိုင်းကြည့်မှာစိုးလို့"

သတို့စကားကို မကြားဟန်ပြုပြီး ခင်စံကားသည် အပေါ်ထပ်သို့ တက်သွားသည်။ သတိုးက ပခုံးတွန့်ကာ ပြုံးလိုက်မိသည်။ မိမိ၌ ယောက်ျားလေးသူငယ်ချင်း အပေါင်းအသင်းများရှိသကဲ့သို့ မိန်းကလေးအပေါင်းအသင်းများလည်း ရှိလေသည်။ ဆူးနှင့်ကတော့ နှစ်ဘက်မိဘများက အတိအလင်း ဖွင့်ဟကာ သဘောတူညီထားသည့် မိန်းကလေးဖြစ်၍ သူတကာတွေထက်တော့ သံယောဇဉ်ပိုသည်။

ယခု မိမိဘဝအတွင်းသို့ မမျှော်လင့်ပဲ ရောက်ရှိလာသော ခင်စံကားကို စိတ်ဝင်စား၍မဖြစ်၊ မိမိ၏အချိန်များကို





သူ့အား လောလောဆယ် ဖွဲ့ပေးနေရပြီ။

အင်းလေ. . ကိုကိုနှင့်မမ ရောက်လာလျှင် မိမိ၏တာဝန် ပြီးပြတ်ပြီဟု နှလုံးသွင်းကာ မိမိကိုယ်ကို ဖြေသိမ့်မှုပြုလိုက်သည်။

ခင်စံကား ဆင်းလာသည်။ ဆေးရေးပါတိတ်ဝမ်းဆက်ကို ပုံစံလှလှလေး ချုပ်ကာဝတ်ဆင်ထားသည်။ ဆံပင်ကို ရွှေအသစ်နှင့်ညှပ်ကာ နောက်၌ ဒီအတိုင်းချထားသည်။ ပါးကွက်အားတွက်မလာပဲ အကျီရောင်နှင့် လိုက်ဖက်သော စတော်ဘယ်နီရောင် နှုတ်ခမ်းနီလေး ဆိုးထားသည်။

သတိုး ရုတ်တရက် မှင်သက်သွားသည်။ ခင်စံကားအသွင်သည် မနေ့ကထက် ထူးကဲတောက်ပြောင်လာသည်။

မမခင်နှင်းဆီထက်ပင် ပို၍ချော၊ ပို၍လှသည်ဟု. . သတိုး မှတ်ချက်ချကာ မျက်နှာလွှဲပြီး ချထားသောခြင်းတောင်းနှစ်လုံးစလုံး တစ်ဖက်ဆီဆွဲကာ ဆင်းချသွားလိုက်သည်။

"ကားသော့ပါပြီလား"

"ပါပြီ"

"တံခါးပိတ်လိုက်မယ်နော်"

"အင်း"

ခင်စံထားက မသိမသာပြုံးလိုက်ပြီး ချိုင့်ကိုအပြင်ထုတ်ပြီး တံခါးနှစ်ထပ်စလုံး သော့ခတ်လိုက်သည်။

နံနက်ခြောက်နာရီကျော်ကျော် ဖြစ်သော်လည်း ရန်ကုန်မြို့ရှိ အိမ်အများစုသည် နှစ်ခြိုက်စွာအိပ်မောကျနေဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်စံတားက နောက်တံခါး ဖွင့်ဟန်ပြင်လိုက်သည်။

သတိုးက. . .

"ရွှေလာဒတိုင်ကွာ၊ မျှင်းတယ်. . မင်းနဲ့စကားပြောချင်တယ်"

"ဝမ်းနည်းပါတယ်၊ သူများက ရှင့်ရဲ့အပျင်းတော်ပြေမဟုတ်ဘူး"

သတိုးရင်ထဲ 'လုပ်လိုက်ဟ'ဟု မြည်တမ်းကာ နောက်ခန်းသို့ ခင်စံထားတက်ထိုင်အပြီး တံခါးအပိတ်တွင် ဂူးခနဲ မောင်းထွက်ခဲ့လေသည်။







# အခန်း (၆)

"သားငယ်တစ်နေ့လုံး ဘယ်ပျောက်နေတာလဲ"

"ကောင်မလေး ချောချောလေးတစ်ယောက်နောက် လျှောက်လိုက်နေတာ"

သတိုးက ရွှင်မြူးစွာ ပြောလိုက်သည်။ အမှန်တကယ်သည်း မိန်းကလေးချောချောလေး သွားချင်သမျှကို သူလိုက်ပို့နေခြင်းဖြစ်သည်။ သို့သော် အဖြစ်မှန်ကို ဖွင့်မပြောခဲ့။



www.burmeseclassic.com

www.burmeseclassic.com



*

ဒေါ်သက်ထားက သတိုးအား စေ့စေ့ကြည့်လိုက်သည်။ သတိုးက ပြုံးရယ်ကာ. . .

"မေမေ့ဆီ ခေါ်လာခဲ့လို့ မရသေးဘူး. . လိုက်တုန်း"

"သားငယ်"

"ဗျာ"

"အပျော်. . အပျော်နဲ့ တကယ်ဖြစ်သွားမယ်နော်"

"စိတ်ချပါမေမေရယ်၊ သားမှာ နှမ,မရှိပေမယ့် နှမချင်း စာနာတတ်ပါတယ်၊ သား မေမေ့ကို သက်သက်စတာပါ။ သူငယ်ချင်းတွေနဲ့ လျှောက်လည်နေတာ၊ ကောင်မလေးချောချောတွေ တွေ့ရင်လည်း မျက်စိကျရင် လိုက်သွားလိုက်တယ်၊ ပြီးရင်. . ပျောက်သွားတာပဲ"

"သားငယ် မိန်းမတွေကို စိတ်ဝင်စားဖို့ မကြိုးစားနဲ့လေ၊ သားဘဝ လက်တွဲဖေါ် အနေနဲ့က မေမေတို့ရွေးချယ်ထားပေးပြီပဲ၊ သားကိုကိုလို မလုပ်နဲ့နော်၊ မေမေ ရင်ကျိုးလိမ့်မယ်"

သတိုးအကွက်ရလေပြီ။

"ကိုကို့မိန်းမကို မေမေမမြင်ဖူးသေးလို့၊ တော်တော်လှတာ မေမေရဲ့"

ဒေါ်သက်ထား မဲ့ကာ. . .

"လှတာ ဘာဖြစ်သလဲ၊ လှတာမက်ရင် ညစာခက် တတ်တယ်တဲ့"

"အဲဒါတော့ မေမေမှားသွားပြီ၊ ကိုကို့မိန်းမက အချက်အပြုတ်လည်းကောင်းတယ်"





"ဒါပေါ့. . ရှေးစာဆိုရှိတယ် မဟုတ်လား၊ ကျွန်ကုလား ယားတောသူတဲ့လေ၊ မင်းအစ်ကို ပညာရှိကြီးက ရှေးထုံးမပယ်တန်း လုပ်ပြသွားပေမယ့် တောသူက တောသူပဲ၊ ဘယ်တော့မှ ဆဲ့ကျေးလာမှာမဟုတ်ဘူး၊ လူတောထဲ ဘယ်လိုတိုးမလဲ. . ခုလည်းကြည့်လေ အရှက်ရချင်လို့ စင်ကာပူခေါ်သွားတယ်တဲ့၊ မိန်းမကို နေရာပေးလွန်းတယ်"

"သူလည်းဘွဲ့ရပညာတတ်ပဲ မေမေရယ်၊ လူတောတိုးနိုင်ပါတယ်"

"ဒါပေမယ့် စေ့စပ်ထားတာရှိရဲ့နဲ့ လုယူရဲတဲ့မိန်းမတစ်ယောက်ရဲ့ မေတ္တာကို မေမေအသိအမှတ်မပြုနိုင်ဘူး၊ ဒီအတွက် သင်ခန်းစာပဲ၊ နောက်လ သီတင်းကျွတ်တာနဲ့ သားငယ်အိုတို စေ့စပ်ပေးပြီး ရက်ကောင်းရက်မြတ်ရွေးပြီး တစ်ခါတည်း သတ်ထပ်ပေးဖို့ မေမေတို့ တိုင်ပင်ထားပြီ"

"ဟာ. . မေမေကလည်း ကျောင်းတောင်မပြီးသေးပဲနဲ့၊ ကျွန်တော် အိမ်ထောင်မပြုချင်သေးဘူးဗျာ"

သတိုး ယခုမှ စက်မှုတက္ကသိုလ် တတိယနှစ်ကျောင်းသားပဲ ရှိသေးသည်။ ပျော်လို့အားမရသေး။ အိမ်ထောင်ရေးသည် လူ့ဘဝကို နှောင်ဖွဲ့ခြင်းလုပ်ငန်းတစ်ခုဟု သူ ယူဆသည်။

"ဆူးမကကော ဘာပြောသလဲ"

"ဆူးမက ဘာပြောမလဲ၊ သူ့အမေပြီးရင် ပြီးတဲ့သနိုးအသိမ္မာဆိုတော့ ဘာပြောမလဲ၊ မေမေ့မှာသာ သားတွေမွေးသားပြီး စိတ်မချမ်းသာရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ စိတ်မချမ်းသာမှုကို မေမေပဲ ဖန်တီးယူတာ၊ အိမ်ထောင်ရေးဆိုတာ အချစ်နဲ့တည်ဆောက်မှ သာယာတာ၊ အသပြာနဲ့ ဂုဏ်နဲ့ တည်ဆောက်လို့ မသာယာနိုင်ဘူး၊ မခိုင်မြဲနိုင်ဘူး"

သတိုးက မိခင်အား အပျော့ဆွဲလေးဖြင့် ကိုကိုတို့အိမ်ထောင်ရေးကိစ္စအတွက် ရှေ့နေလိုက်ပေးရန် ကြံစည်လိုက်သည်။ ခက်သည်က ကိုကို့ကိစ္စအသာထားပြီး မိမိကိစ္စအတွက် ကိုယ်လွတ်ရုန်းရမလို ဖြစ်နေသည်။

"သားငယ်က ဘယ်သူ့အိမ်ထောင်ရေးကိုကြည့်ပြီး ပြောတာလဲ၊ အနီးကပ်ဆုံး သာဓကအနေနဲ့က ဖေဖေနဲ့မေမေ့ကိုသာ သားကြည့်ပြီးပြောရမှာ၊ ဖေဖေနဲ့မေမေက လူကြီးချင်းပေးစားလို့ယူခဲ့တာပဲ၊ ဒါပေမယ့် ဖေဖေနဲ့မေမေ ကြီးကြီးကျယ်ကျယ်ရန်ဖြစ်တာကို သားငယ်မြင်ခဲ့ဖူးသလား"

သတိုး စဉ်းစားလိုက်သည်။

မေမေပြောတာမှန်သည်။ ကိစ္စကြီးငယ်အတွက် သဘောထားတိုက်ဆိုင်မှု မရှိလျှင်တောင် တစ်ယောက်က ဒေါသကြီးလာလျှင် တစ်ယောက်က လျှော့ပေးခြင်းဖြင့် ကြေအေးသွားတတ်သည်။

"ကိုကိုတို့ အိမ်ထောင်ရေးကလည်း သူချစ်ကိုယ်ချစ်"

သတိုးစကားမဆုံးလိုက်ရ. . .

"မေမေမကြားချင်ဘူး၊ အိမ်ထောင်သက်တမ်း ဘာရှိသေးလို့လဲ၊ တစ်နှစ်ကျော် ကာလအပိုင်းအခြားဆိုတာ ဘာရှိတာ





ထိုက်လို့လဲ၊ မင်းစောင့်ကြည့်ပါ သားငယ် အလွန်ဆုံး(၂)နှစ်ပါပဲ၊ သားကြီးဆီက မေမေ သားမှားပါတယ်ဆိုတဲ့. . ဝန်ခံမှုမျိုးကို ရောက်လာတဲ့အထိ မေမေစောင့် ကြည့်နေမယ်၊ သူနဲ့ပတ်သက်ပြီး သားငယ်ကို ဆက်သွယ်ခွင့်ပေးမိတာကိုတောင် မေမေပြန်ရုပ်သိမ်းမိလိမ့်မယ် သားငယ်"

"မလုပ်ပါနဲ့ မေမေ၊ ကိုကို့ကို မိန်းမဘက်က ဝါးမျိုသွားမှာကို မေမေစိုးရိမ်တယ်ဆို"

"အေး. . ကိုကိုကနေ ညီညီကိုပါ ဝါးမျိုသွားရင်တော့ မေမေ ခေါက်ခနဲသေသွားမှာ ကျိန်းသေတယ်သားငယ်၊ ဒါကို ခေါင်းထဲထည့်ထားပါ"

"မေမေကလည်းဗျာ၊ သားငယ်က မေမေ့သားငယ်ပါ"

သတိုး မိခင်အား ပွတ်သီးပွတ်သပ်ထိုင်လိုက်ပြီး မိခင်၏ လက်ချောင်းလေးများကို ဆွဲယူဆုပ်နယ်လိုက်လေသည်။

ထိုအခါ. . မိခင်က သူ၏ဆံစလေးများကို သပ်ပြီးရစ်ဝဲသော မျက်ရည်စများကို မျက်တောင်ပုတ်ခတ်ကာ မျက်ရည်များ သိမ်းဆည်းလိုက်သည်။

"မိခင်ရဲ့လောင်းရိပ်ကို မိသွားခဲ့တဲ့ သားကြီးဟာ ကိုယ်ဆုံးဖြတ်ချက်မျိုးကို ချခွင့်ရှိတဲ့အခါ မိန်းမလည်ရဲ့ သိမ်းသွင်းမှုကို ခံလိုက်ရတယ်၊ ဒီအတွက် မေမေနောင်တနဲ့အတူ တမြေ့မြေ့ခံစားနေရတယ် သားငယ်၊ ဒါကြောင့် သားငယ်ကို မေမေ ည်နှောင်ဘူး၊ မချုပ်ချယ်တော့ဘူး၊ မေမေ့အတွက် သူစိမ်းလို ဖြစ်သွားမှာ စိုးရိမ်လို့ပဲ၊ မေမေ့ကို နားလည်ရမယ်နော်



www.burmeseclassic.com

www.burmeseclassic.com



သားငယ်"

သတိုးက မိခင်ပခုံးစွန်းကို ခေါင်းတင်ကာ. . .

"စိတ်ချ မေမေ၊ ဒါပေမယ့် ဆူးနဲ့ကိစ္စကိုတော့ သားနဲ့ ဆူးနဲ့ ဆွေးနွေးကြည့်ဦးမယ်၊ ဆူးကိုသား သူငယ်ချင်းလိုကလွဲပြီး မေတ္တာပိုလို့ မရသလို ဆူးကလည်း သားလိုပဲဆိုတာ သားသိနေတယ်၊ ဒါကြောင့် ဆူးဆန္ဒကို သားအရင်မေးချင်တယ်"

မိခင်က ပြုံးကာ. . .

"သူခိုးသဘော် ညီမလို့လား သားငယ်၊ ဆူးဟာမိဘတွေ စီစဉ်တာကို ငြင်းမယ့်မိန်းကလေးမျိုး မဟုတ်ပါဘူး"

"ဒါဘဝတစ်ခုလုံးနဲ့ ဆိုင်တဲ့ကိစ္စပါ မေမေ၊ ကာယကံရှင်နှစ်ဦးရဲ့ ဆန္ဒဟာ အရေးကြီးဆုံးပဲလို့ သားထင်တယ်၊ သားဟာ မေမေ သဘောမတူတဲ့မိန်းမကို မယူဘူးလို့ ကတိပေးသလို မေမေကလည်း သားသဘောမပါဘဲနဲ့တော့ ဘယ်မိန်းမနဲ့မှ ဇွတ်မစီစဉ်ဘူးဆိုတဲ့ ကတိတော့ ပေးသင့်ပါတယ် မေမေ"

"သားငယ်က မေမေ့ကို အကျပ်ကိုင်တာလား"

"မဟုတ်ဘူး မေမေ၊ တောင်းပန်တာပါ"

"ကောင်းပြီ သားငယ်နဲ့ဆူး ညှိနှိုင်းကြည့်လိုက်ဦးလေ"

သတိုးက မိခင်အပါးမှခွာကာ မိခင်မျက်နှာအား ပြုံးစိုစိုနှင့် လှမ်းကြည့်လိုက်ပြီး. . .

"ဆူးကပါ. . . သဘောမတူဘူးဆိုရင်ကော"

မိခင်က လျှို့ဝှက်သောအပြုံးကို လှစ်ခနဲပြုံးလိုက်ပြီး. .

"မေမေတို့ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းရမှာပေါ့လေ





. . . ဖေဖေက ညစာစားပွဲတစ်ခုကို တန်းသွားလိမ့်မယ်၊ ငယ်နဲ့မေမေ ထမင်းစားကြရအောင်"

"မစားတော့ဘူး မေမေ၊ သူငယ်ချင်းဘတ်ဒေးရှိလို့ မှာစားမယ်၊ မေမေတစ်ယောက်ထဲဖြစ်နေရင် သားထိုင် င့်ပေးရင်း မေမေ့ဆီက တစ်လုတ်နှစ်လုတ်စားမယ်လေ"

သတိုးက မိခင်နှင့်ဆိုလျှင် ပီဘိကလေးငယ်တစ်ဦးလို သွားကာ ချွဲနွဲ့တတ်လေသည်။

မိခင်က. . .

"သွား ဖိုးချွဲ ရတယ်. . မေမေက ဒေါ်ရွှေဥနဲ့ စားလိုက် ရေသွားချိုး အဝတ်လဲပြီး သွားတော့၊ ဟိုမှာပဲ တန်းအိပ် တော့၊ ညဘက် ကားကိုဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့"

သတိုးက အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ မိခင်အား ရတာ စိတ်မကောင်းခြင်းတော့ အနည်းငယ် ဖြစ်မိသည်။


သူငယ်ချင်းမွေးနေ့ပွဲရှိသည်ဆိုခြင်းမှာ သူသက်သက် ပြောလိုက်ခြင်းဖြစ်သည်။ တကယ်တော့ "ညနေစာ အိမ်မှာ နော် ကိုမြို့သား၊ သူများရှင့်အတွက် ချက်ထားမယ်" ဟူ ခင်စံကား၏ မှာခြွေစကားကြောင့် သူ မုသားသုံးလိုက်ရ ည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

"ဟောဒါက သစ်တိုသီးငပိချက် မြို့ကြီးသားရဲ့. . စားဖူး ရဲ့လား. . စားကြည့်ပါဦး"

ချဉ်စိမ့်ဖန်လေးက အအီပြေစေသည်။

"ပုဇွန်တုပ်က ပြန်နွေးရတော့ မာသွားတယ်၊ ဒါကြောင့် အကွင်းကွင်းလှီးပြီး ချိုချဉ်ကြော်လိုက်တာ၊ ဘဲကတော့ ပေါင်း ထားတာ၊ အားလုံး အအီပြေအောင် ငါးပုပ်ခေါင်းနဲ့ ဒန့်သလွန် သီး ချဉ်ရည်ချက်ထားတယ်၊ မတောသူဆိုတော့ တောစာပဲ ခူး





ဘတ်တယ် စားတတ်ရဲ့လားဟင်"

"စားတတ်ပါတယ်၊ မေမေကလည်း ဒန့်သလွန်သီးချဉ် ရည် သိပ်ကြိုက်တာ"

"ဟုတ်လား၊ ဒီလိုဆိုရင် ဒန့်သလွန်သီးတွေ ရှိသေးတယ် ပြန်ရင် ယူသွားပါလား"

သတိုးက ခင်စံကား၏စိတ်ထားကို သဘောကျသွား သည်။ မိမိ၏ မိဘများက သူ့အစ်မအပေါ် ငြိုငြင်ပြစ်ပယ်ထား ခြင်းကို အပြစ်မယူဘဲ ခွင့်လွှတ်ကာ သဘောထားကြီးသော မိန်း ကလေးအဖြစ် သဘောကျသွားသည်။

"ဘယ်ကရသလဲလို့မေးရင် ငါကဘယ်လိုဖြေရမှာလဲ"

"ရော်. . သူငယ်ချင်းခြံက ခူးလာတာ၊ ဒါမှမဟုတ် သွား ရင်းလာရင်း အထမ်းနဲ့ရောင်းတာတွေ့လို့ မေမေကြိုက်တတ် မှန်းသိလို့ ဝယ်လာတာဆိုရင် ပြီးတာပဲ"

ခင်စံကားက ရိုးသားသော သတိုးအား အကြံပေးလိုက် သည်။ သတိုးတို့ညီအစ်ကိုကို တက္ကသိုလ်ကျောင်းတက်သည် အထိ မိခင်က အကြိုအပို့ လုပ်ပေးသည်။ ဘာပဲလုပ်လုပ် ဘာပဲ ဝိုင်တိုင် မိခင်၏ဆုံးဖြတ်ချက်ကို ရယူပြီးမှ လုပ်လေ့ရှိသော အလေ့အထကို ညီအစ်ကိုနှစ်ယောက်စလုံး ရရှိခဲ့သည်။

သူရိန်ဘွဲ့ရပြီး. . ဖခင်၏လုပ်ငန်းခွင်၌ လုပ်ကိုင်ချိန် ရောက်မှ မိခင်က သူရိန်ကို လက်လွှတ်လိုက်သည်။ ဖခင်က ဆယ်တိုစ္စများကို သူရိန်အားခိုင်းစေသည်။

မော်လမြိုင်ရှိ ရာဘာကုန်ကြမ်းများ လေလံဆွဲရန်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ့ရိန်ကိုလွှတ်လိုက်ရာ ခင်နှင်းဆီနှင့်တွေ့ဆုံပြီး မကြာခင် မိဘကသိ၍ ကန့်ကွက်သည့်အခါ ချက်ချင်းပင် ခင်နှင်းဆီနှင့် လက်ထပ်သွားလိုက်လေသည်။

မိဘများက အမွေဖြတ်မကြော်ငြာသော်လည်း လုပ်ငန်းကိစ္စမှ သူ့ကိုထုတ်ပစ်လိုက်သည်။

သူက ဘွားအေပေးသော အမွေကို သူ့ဘဏ်မှထုတ်ယူပြီး တိုက်ခန်းဝယ်သည်။ သူငယ်ချင်းများနှင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းတစ်ခုကို ရှယ်ယာနှင့် ထူထောင်သည်။

မိဘများက စိတ်ဆိုးသဖြင့် လှည့်မကြည့်သော်လည်း သတိုးသွားလာခြင်းတော့ မကန့်ကွက်ချေ။

"မြို့ကြီးသား ရှင်မစားတတ်ဘူးလားဟင်"

"စားတတ်ပါတယ်"

"တစ်ပန်းကန်ထဲ၊ နည်းနည်းထပ်ထည့်ဦးနော်"

ခင်စံကားက ပြောပြောဆို သူ့ပန်းကန်ထဲ ထမင်းတစ်ဇွန်းထည့်ပေးလိုက်လေသည်။ သတိုးသည် ခံတွင်းတွေ့နေပြီဖြစ်သဖြင့် ခင်စံကားထည့်ပေးသမျှကို ငုံ့လွေးလေတော့သည်။

ခင်စံကားက ဟန်ဆောင်မှုကင်းမဲ့သော သတိုးကိုကြည့်ကာ တိတ်တခိုးပြုံးလိုက်လေသည်။

ခင်စံကားက ဟုတ်တိပတ်တိမစားဘဲ မိမိအား ဂရုတစိုက်ကျွေးနေသဖြင့် သတိုးမနေတတ်တော့ဘဲ. . .

"မင်းကောစားလေ"

"သူများက ညနေဘက်ဆိုရင် တစ်ပန်းကန်ထက် ပိုမ





စားဘူး၊ သူသာစားပါ. . ထပ်ယူဦးလေ"

"တော်ပြီ ဝပြီ၊ အိမ်မှာဆို တစ်ပန်းကန်ပဲ စားနေကျ၊ နည်းနည်းတောင် ပိုသွားပြီ"

"ဒူးရင်းသီး စားပါလား"

"မကြိုက်ပါဘူး"

"ဘာဖြစ်လို့ မကြိုက်တာလဲ"

"အနံ့စူးလွန်းလို့"

"ထူးဆန်းတယ်၊ အရသာကတော့ အနံ့လည်း စူးတာပေါ့၊ မြို့သားရယ်၊ တစ်မြွှာလောက်တော့ စားကြည့်ပါလား၊ ပြီးရင် မင်းဂွတ်သီး စားလိုက်ရင်. . အပူဓါတ်ကို အအေးဓါတ်က ငြိမ်းသတ်ပြီး. . ဘာမှမဖြစ်တော့ဘူး သိလား"

ခင်စံကားက ချစ်စဖွယ်ပြောလေသည်။ သတိုးသည် အားနာစွာဖြင့် ငယ်စဉ်ကအနံ့ကြီးမကြိုက်ဘူးဟုဆိုကာ မတို့ထိခဲ့ဖူးသော ဒူးရင်းသီးကို စားရတော့မလိုဖြစ်နေသည်။

"သဘာဝက ဖန်တီးပေးထားတာ၊ ရေမြေသဘာဝတူညီတဲ့နေရာမှာ ဒူးရင်းသီးနဲ့ မင်းဂွတ်သီး တစ်ပြိုင်နက်ပေါက်ရောက်သလို ပေါ်ချိန်ကလည်းတူတူပဲ၊ ဒူးရင်းသီးက အပူဓါတ်၊ သူ့ကိုစားပြီး မင်းဂွတ်သီးစားလိုက်ရင် အပူအားလုံးကို ငြိမ်းစေပြီး ဘာမှ သွေးတက်တာတွေ၊ အပူများလွန်းလို့ အဖုအပိန့်ထွက်တာတွေမရှိတော့ဘူး သိလား"

"တော်ပါတော့ မတောသူရယ်၊ မင်း ဒီလောက်ဆရာဆောနေမှတော့ စားကြည့်ပါ့မယ်၊ တစ်မြွှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ခင်စံကားက ပြုံးရွှင်ကာ. . .

"အင်း"

ခင်စံကားက အသားထူပြီး အစေ့ပိန်သာရှိနိုင်သည့် အမြွှာကို ရွေးပေးလိုက်သည်။

သတိုးစားကြည့်သည်။ စိမ့်ပြီးချိုသဖြင့် ခါးသက်သလို တောင်ရှိသောအရသာကို တွေ့ထိလိုက်ရသည်။ ချော့ကလက် ကြိုက်သောသူ့အတွက် ချောကလက်ထက်ပင် ခံတွင်းတွေ့သ လိုဖြစ်သွားသည်။

ခင်စံကားက အပေါ်အဖြစ်. . သူနှင့်အတူ လိုက်စားပြ သည်။

"ကောင်းတယ်မဟုတ်လားဟင်၊ အဲဒါ ရန်ကုန်အခေါ် အရဆို ရှယ်သီးပေါ့၊ သူများတို့ဒေသ အခေါ်ဆိုရင် ခေါင်သီး တွေ၊ ဖေဖေက သူ့ခမည်းခမက်တွေအတွက်ဆိုပြီး ကိုယ်တိုင် ရွေးချယ်ပေးလိုက်တာ"

သတိုးစိတ်ထဲ ထိရှသွားသည်။ မေမေတို့ကိုလည်း အ ပြစ်မတင်ရက်. . မေမေ့ခံစားချက်ကို သူသာလျှင်အသိဆုံးဖြစ် သည်။ သူ့အား ခင်စံကားက နောက်ထပ်တစ်မြွှာ ရွေးပေးသည်။

"ငယ်ငယ်က စားခဲ့တဲ့အသီးဟာ ဒီလိုမကောင်းလို့ မ ကြိုက်ခဲ့တာထင်တယ်"

"ဖြစ်နိုင်ပါတယ်၊ နုမှည့်တဲ့ ရေဝင်သီးတို့၊ မျိုးမကောင်း တဲ့ အသီးတို့ဆိုရင် အပူများတာပဲ အဖတ်တင်တယ်"

"ကိုင်း. . . မင်းကျေနပ်တော့ မတောသူ၊ မင်းဖေဖေရဲ့





ခမည်းခမက်မစားပေမယ့် သူတို့ရဲ့သား စားပါတယ်၊ မစားဖူးပဲ လိုက်ခြင်းဖြင့် အစွဲအလမ်းတစ်ခုတောင် ကျွတ်သွားပါသေး တယ်လို့. . . ဒီအတွက် မင်း ကျေနပ်ပါနော်"

"ကျေနပ်ပါတယ်လေ၊ သူစားဦးနော်. . သူများပန်းကန် ဆေးလိုက်ဦးမယ်"

မွန်ပြည်နယ်ဘက်က မိန်းကလေးသည် များသောအား ဖြင့် သူတို့ကိုယ်သူတို့ အညွှန်းနာမ်စားသုံးသည့်အခါ "သူများ"ဟု သုံးတတ်ကြသည်ကို သတိုးနားလည်ပါသည်။ သို့သော် ရန်ကုန် မြို့ကြီးအချို့ရှိ မိတ်ကပ်အလှပြင် မိန်းမလျာများ 'သူများ' များဟု ချွဲနွဲ့စွာသုံးစွဲခြင်းကို သတိုးအမြင်ကတ်လေရာ. . .

"မတောသူ"

"ဘာလဲမြို့သား"

"မင်း ကိုယ့်ကိုကိုယ် သူများလို့ မသုံးပါနဲ့လား"

"ဘာဖြစ်လို့လဲ"

"နားထောင်ရတာ တစ်မျိုးပဲ၊ အခြောက်တွေပြောတာ ကြားဖူးဘူးလား"

"ဘာဆိုင်လဲ၊ သူများတို့ ငယ်ငယ်ကတည်းက ဒီလိုပဲ ပြောတတ်တာ"

ခင်စံကားက လက်ဆေးပြီးနောက် မင်းဂွတ်သီးလေး နှာသိုဖိကာ ခွဲလိုက်ပြီး အခွံကြားက အမြွှာများကို အိမ်မပျက် ထုတ်ပေးသည်။ လေးငါးလုံး ပုံမပျက်တန်း ခွါပေးလိုက်သည်။

သတိုးက ယူစားရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အားတောင်နာလာပြီကွာ၊ မနက်ဖြန် မင်း ထမင်း
ချက်နဲ့တော့ ငါကျွေးအလှည့်"

"မလုပ်ပါနဲ့၊ သူက သူများရဲ့ ကျေးဇူးရှင်ပဲ"

"ဘာဆိုင်လို့လဲကွ"

"သူများကို သူလာစောင့်ရှောက်ပေးတယ်လေ"

"ဝတ္တရားရှိတယ်လေ"

"ဒီလိုဆိုစတမ်းဆိုရင် သူများကလည်း ဝတ္တရားရှိ
တယ်၊ ကိုယ်လုံခြုံရေးတာဝန် ယူပေးတဲ့သူကို ဖွယ်ဖွယ်ရာ
လေးတော့ ချက်ပြုတ်ကျွေးသင့်တယ် မဟုတ်ဘူးလား"

"ရပါတယ် တုံ့ပြန်မှုမလိုချင်ပါဘူး၊ နောက်ဆိုရင် လုံး
ထည့်ချက်မထားနဲ့နော်၊ အိမ်မှာပဲ စားပြီးလာခဲ့မယ်"

ထိုစဉ် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့်. . .

"မင်း သွားကိုင်လိုက်. . မမဆီကထင်တယ်"

ခင်စံကား ခပ်သွက်သွက်လေး အိမ်ရှေ့သို့လှမ်းထွက်
လေသည်။ သတိုးကပါ လိုက်ထွက်ခဲ့သည်။

သတိုးတွက်ကိန်းမှန်သည်။

"ဟုတ်ကဲ့ မမကြီး. . သူများပါ၊ မနေ့က ဖုန်းပလပ်ဖြုတ်
ထားတာ"

". . . . . . . . . ."

"ဘာမှမဖြစ်ပါဘူး၊ ဦးအောင်ကျော်က ဖုန်းဆက်တယ်
စင်ကာပူသွားတယ်ပြောတာတောင် ဟိုမေးဒီမေးဆက်လုပ်နေ
လို့ ပလပ်ဖြုတ်လိုက်တာ"





". . . . . . . . . ."

သတိုးရင်ထဲ မကျေမနပ်ဖြစ်သွားသည်။ ကိုကိုသူရိန်နှင့်
ပတ်သက်ပြီး ကိုကို့သူငယ်ချင်း အောင်ကျော်အကြောင်းကို သူ
ကောင်းကောင်းသိသည်။ ယခုအချိန်အထိ မိန်းမမယူသေးဘဲ
လူပွေလူရှုပ်တစ်ဦး ဖြစ်သည်။

တော်သေးသည်။ မိမိညအိပ်လာစောင့်မိသဖြင့်. . .

"သတိုးလာစောင့်အိပ်ပါတယ်"

". . . . . . . . . . . . . . . ."

"တစ်ယောက်တည်း ဘယ်နေရဲမလဲ ပတ်ဝန်းကျင်တစ်ခု
လုံးနဲ့လည်း သိတာမှမဟုတ်တာ၊ သူများ ဖုန်းတင်တာပဲ၊ ရကိုး
မရတာ၊ ပြန်မလို့တောင် စိတ်ကူးသေးတယ်၊ ဖေဖေတို့က ဟိုမေး
ဒီမေးဆိုရင် သူများဖြေရခက်မှာစိုးလို့"

". . . . . . . . . . . . . ."

"အင်း. . သတိုးလိုက်ပို့ပေးတယ်"

". . . . . . . . . ."

"ပြန်မလာနဲ့ ရပါတယ်၊ ကိုကိုကြီးပြန်မှ ပြန်လာပါ၊
သူများနေရဲပါတယ်"

". . . . . . . . ."

"ဟုတ်"

ခင်စံကားက တယ်လီဖုန်းခွက်ကို လွှဲချလိုက်ပြီး သတိုး
ဘက်လှည့်ကာ. . .

"မမကြီးက ပြောမလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သတိုးက တယ်လီဖုန်းစင်နားကပ်ကာ. . . ဖုန်းခွက်ကောက်ယူလိုက်သည်။

"ညီညီလား မမပါ"

"ဟုတ်ကဲ့ မမ"

"စံကားကို မမတို့ပြန်မလာခင်တော့ စောင့်ရှောက်ထားပေးပါနော်"

"စိတ်ချပါမမ"

"ကွန်ပျူတာသင်တန်းလည်း ညီညီကောင်းမယ်ထင်တဲ့သင်တန်းပဲလိုက်ပို့ပြီး အပ်ပေးထားလိုက်ပါ၊ သွားလာတတ်အောင်လည်း လိုင်းကားစီးဖို့ ပြထားပေးလိုက်"

"ဘယ်ဟုတ်မလဲ၊ ကျွန်တော်ပဲ ပို့ပေးမှာပေါ့"

"မဟုတ်တာ ညီညီရယ်၊ မေမေတို့သိသွားရင် မမအပေါ် မကျေနပ်ချက်တွေ ပိုများလာပါ့မယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် အဆင်ပြေသလို လုပ်ပေးပါ့မယ်၊ ကိုကိုကော. . ."

"အလုပ်ရုံက ပြန်မလာသေးဘူး"

"ဟုတ်လား"

"မမတို့ နောက်ရှစ်ရက်၊ ကိုးရက်လောက်ဆိုရင် ပြန်ရောက်ပါပြီ. . ညီညီဘာမှာဦးမလဲ"

"မမှာပါဘူး၊ ဒီမှာလည်း လိုချင်တာတွေ အားလုံးရနေတာပဲ"

"ဒါဖြင့်. . ဒါပဲနော် မမစိတ်ချနေမယ်"

☺ အောင်မြင်စာပေ ☺



"စိတ်ချပါမမ"

သတိုး ဖုန်းချလိုက်သည်။ သတိုးနောက်ဘက်လှည့်ကာ ခင်စံကားကို လှည့်ကြည့်လိုက်သည်။ ခင်စံကားရှိမနေ. . မီးဖိုဘက်၌ သိမ်းဆည်းနေသည်။

သတိုးက ခင်စံကားထံလျှောက်သွားပြီ. . .

"မနက်ဖြန် ကွန်ပျူတာသင်တန်း လိုက်အပ်ပေးမယ်"

"ကျေးဇူးပဲ"

"မလိုပါဘူး"

သတိုးက ပြန်ထွက်ခဲ့သည်။ သတိုး၏နောက်ကျောကိုကြည့်ပြီး ခင်စံကားက ကျေနပ်စွာပြုံးလိုက်မိရာမှ. . .

"ဘယ်အချိန်လဲ"

"ရုံးချိန်ပေါ့၊ နိုးလာရင် အိမ်တစ်ခေါက်ပြန်လိုက်မယ်၊ ပြီးမှ မင်းကိုလာခေါ်မယ်"

"သူ့သဘောပဲလေ"

သတိုး အပေါ်ထပ်သို့တက်ခဲ့ပြီး ဂီတာကိုင်ကာ လသာဆောင်ဘက်ထွက်ခဲ့သည်။ ခင်စံကားက မီးဖိုကိစ္စပြီးစီးသည်နှင့် အောက်ထပ်တံခါးများကို စစ်ဆေးပြီး အပေါ်ထပ်တက်ခဲ့သည်။ သတိုးအတွက်အိပ်ရာခင်းပေးပြီးနောက် မဂ္ဂဇင်းစာအုပ်တစ်အုပ်ယူကာ သူ့အိပ်ခန်းသို့ဝင်ကာ ချက်ချလိုက်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

ယခုခေတ်စားနေသော ဝမ်းဆက်အပျော့သားအစ ပုံစံလှလှလေးချုပ်ကာ ဝတ်ဆင်ထားသော ခင်စံကား၏အလှ သတိုး အသိအမှတ်မပြုပဲ မနေနိုင်။

ရင်မှလည်း ဓွဲဓွဲလမ်းလမ်းဖြစ်လာသည်။

ခက်သည်က ရှေ့ဆက်ရန်မဖြစ်နိုင်ဘူးဟု သူသိ တော့ သူ့ခံစားချက်ကို မျှိုသိပ်လိုက်သည်။





ဒီလောက်လှသော မိန်းကလေး၌ ချစ်သူမရှိဘူးဟု ပြော ၍ရ ချစ်သူ ခင်သူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားက တစ် ယောက်ယောက်ကိုတော့ သူစိတ်ကြိုက်ရွေးချယ်ပြီး ဖြစ်နိုင် သည်။

"မြို့သားရေ သူများကို ဘတ်စ်ကားနဲ့လိုက်ပို့ရင် ကောင်း ယ်ထင်တယ်"

သတိုးက ခါးခါးသီးသီး. . .

"ဟာ ဘယ်ဖြစ်မလဲ၊ ငါလည်း လိုင်းကားမစီးတတ်ဘူး၊ င်းလဲ လိုင်းကားနဲ့ မသွားရဘူး"

"ဘာဆိုင်လို့လဲ သူကရွှေလင်ပန်းနဲ့ အချင်းဆေးသူ၊ သူများတို့က တောရွာဇနပုဒ်က ကြေးလင်ပန်းနဲ့ အချင်းဆေးခဲ့ သူလုပဲ"

"မင်းစကားကို မကတ်သတ်နဲ့နော်"

ခင်စံကားက ပြုံးကာ. . .

"မဟုတ်ဘူးလေ၊ လူချင်းမတူတာကိုပြောပြတာ၊ သူများ လိုင်းကားစီးနိုင်တယ်၊ နေ့တမူဝအလုပ်ကို သူတစ်ပါးကို တာ ဝန်ပေးနေလို့ဖြစ်မလား"

"ငါ တာဝန်ယူနိုင်တယ်လို့ ပြောပြီးပြီပဲ"

"သူမှာ အကြောင်းကိစ္စအကြီးအငယ်ဆိုတာ ရှိမှာပဲ၊ အဲ့အခါ သူများ မသွားတတ်မလာတတ်ဆိုရင် ဘယ်နဲ့လုပ်မ ""

"လေး၊ ငါးဆယ်ရက်လောက်နဲ့ ကိစ္စက မပေါ်နိုင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ကဲ. . ကြာတယ်. . တံခါးပိတ်၊ သော့ယူသွားမယ်"

သတိုးသည် စိတ်မြန်လက်မြန်ရှိသာသူတစ်ယောက်ဖြစ်သည်ဟု ခင်စံကား အကဲခတ်လိုက်မိသည်။

သတိုးနှင့်အတူ အောက်ထပ်သို့ဆင်းခဲ့သည်။ ပတ်ဝန်းကျင်ရှိ မျက်လုံးများက မိမိတို့နှစ်ဦးအား မသိမသာ အကဲခတ်နေကြသည်။

ခင်စံကားရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ သတိုးနှင့်မိမိအား ပတ်ဝန်းကျင်က မည်ကဲ့သို့ ယူဆနေသနည်း။ ထိခိုက်နစ်နာစရာရှိလျှင် မိန်းမသားဖြစ်သော မိမိသာလျှင် နစ်နာရမည်။

အဓိက,က ကိုယ်ကျင့်တရားပါပဲ၊ ကိုယ်ကောင်းလျှင် ခေါင်းမရှော့ပါဘူးဟု ခင်စံကားက မိမိကိုယ်မိမိ ဖြေသိမ့်လိုက်သည်။

ခင်စံကားက နောက်၌ပင် ဝင်ထိုင်လိုက်သည်။

ဒါကို သတိုးကမကျေနပ်။ ကားကိုမောင်းထွက်ရင်း. .

"ဘာဖြစ်လို့ ရှေ့မှာ လာမထိုင်တာလဲ"

"သူ့ချစ်သူမြင်သွားရင် သူ့ကိုအထင်လွဲမှာစိုးလို့ပေါ့"

"ငါ့မှာ ချစ်သူမရှိဘူး"

ခင်စံကားစိတ်တွင်း ကျိတ်၍ကျေနပ်မိလေသည်။

"ဪ ဒါဖြင့် သူ့မိသားစုဘက်က မတော်တဆမြင်ခဲ့ရင် သူ့ယောင်ချင်းညီမလေးကို လမ်းကြုံလို့ ခေါ်တင်လာတာပါ ဆိုတဲ့ ဆင်ခြင်လေးရအောင်လို့ သူ့အတွက်ပါ"

"ငါ့အတွက် ပြောတယ်ဆိုရင်တော့. . ကျေးဇူးတင်ပါ





တယ်၊ ဒါပေမယ့် မင်းအတွက် မင်းကြိုတင်ပြောနေတာ မဟုတ်ဘူးလား"

"သူများအတွက်"

"ဟုတ်တယ်လေ. . မင်းချစ်သူမြင်ရင်"

ခင်စံကားက အသံထွက်အောင် ရယ်လိုက်မိသည်။ သတိုးကလည်း ပါးနပ်စွာဖြင့် သူသိလိုသော အချက်ကို မေးလိုက်ခြင်းဖြစ်ကြောင်း ခင်စံကားရိပ်မိလိုက်သည်။ ကျေနပ်မိသည်။ မိမိဆင်ထားသော ထောင်ချောက်ရှိရာသို့ သတိုးဖြောင့်ဖြောင့်တော်မတ်လာနေပြီ ထောင်ချောက်နှုတ်ခမ်းကိုနင်းမိလျှင်. . .

"ဘယ်က ချစ်သူလဲ၊ သူများကို တစ်ဖက်သတ်ချစ်နေကြတဲ့ ချစ်သူတွေလား၊ ဒီလိုဆိုရင် သူများအတွက် ပိုကောင်းသွားမှာပါ၊ အနှောင့်အယှက်တွေတောင် လျော့သွားတာပေါ့"

သတိုးယုံပါသည်။ ခင်စံကားလို အလှပန်းလေးနား၌ ပျားပိတုန်းများစွာ ရစ်ဝဲခဲ့လိမ့်မည်ဟု. . .

"ဒီလိုဆိုရင် ငါ့ဘေးလာထိုင်လေ"

"ဟင့်အင်း. . တစ်ချိန်ချိန်မှာ သူ့မိဘတွေမြင်တွေ့သွားခဲ့ရင် သူ့ဖြေရှင်းရခက်မှာ စိုးလို့ပါ"

သတိုး သက်ပြင်းချလိုက်သည်။

ခင်စံကားသည် ခေါင်းမာသော မိန်းကလေးတစ်ယောက်ဟု ယုံကြည်သွားပြီ။

"မင်း သူများလို့ မပြောရင်ကောင်းမယ် ထင်တယ် မင်းတို့ဒေသမှာ သုံးစွဲကြတာ နားထောင်လို့ကောင်းပေမယ့် ဒီမှာ

www.burmeseclassic.com



သူများဆိုရင်ပဲ တစ်မျိုးကြီး ဖြစ်သွားတယ်"

"သူက မကြိုက်ဖူးလား"

"ဟုတ်တယ်"

"ဒါဖြင့် သူများဘယ်လိုသုံးရမလဲ"

"ကြိုက်သလိုသုံး၊ သူများမဟုတ်ရင် ပြီးရော"

"သူနဲ့ နှစ်ယောက်ထဲရှိတဲ့အခါကျတော့ သူများလို့ပဲ သုံးမယ်၊ ကျန်တဲ့လူတွေကို ကျွန်မလို့ပြောမယ်၊ ကျွန်မလို့ သုံးတတ်ပါတယ် မြို့သားရယ်"

"လုပ်ပြီကွာ၊ ငါ့ကို အဲဒီလိုမခေါ်ပါနဲ့တော့"

သတိုးက သွားတက်များပေါ်အောင် ပြုံးလိုက်မိလေသည်။ ခင်စံကားသည် စကားအင်မတန်တတ်သော မိန်းကလေးဖြစ်သည်ဟု သူသတိထားမိလိုက်လေသည်။

"မပြောတော့ပါဘူး စံကားရယ်"

"ကောင်းပါပြီ သတိုးရယ်"

ရွယ်တူချင်းဖြစ်ဖြစ်၊ အခေါ်အဝေါ်များကို "ကို" "မ" မတပ်တော့ပဲ သူငယ်ချင်းများကဲ့သို့ ခေါ်ဝေါ်သုံးစွဲလိုက်သည်။

သတိုးရင်ထဲ ကြည်မွေ့လာသည်။ ခင်စံကားနှင့်အတူ သွားအတူ လာရခြင်းကို အမြဲထာဝရခံယူချင်လာသည်။

"သူကော ကွန်ပျူတာ တက်ပြီးပြီလား"

"တက်ပြီးပြီ၊ ရှိသမျှသင်တန်းတွေအားလုံး စုံနေပြီ၊ လောလောဆယ် ဖေဖေ့လုပ်ငန်းရဲ့ ငွေစာရင်းတွေကို ကွန်ပျူတာနဲ့ စစ်ဆေးပေးနေတယ်"





"ဟုတ်လား သူများကို လိုက်ပို့နေရတော့"

"အိမ်ပြန်သွားတဲ့အချိန် စစ်ပေးလိုက်တာပေါ့၊ ကြာတဲ့ကိစ္စမှ မဟုတ်တာ"

ခင်စံကား စိတ်ထဲကျိတ်၍ အစီအစဉ်များ ရေးဆွဲလိုက်သည်။ အခြေအနေများက မမကြီးလာလျှင် ပြောင်းလွဲသွားနိုင်သည်။

တစ်ဘက်သားအပေါ် ညှာတာတတ်ပြီး ရိုးရိုးသားသား အေးအေးဆေးဆေးနေချင်တတ်သော မမကြီး၏စိတ်ထားကို သိနေရသည်။ ကိုယ့်ကြောင့် သူတစ်ဘက်သား စိတ်ဆင်းရဲသွားရမယ့်အလုပ်မျိုး ဘယ်တော့မှမလုပ်မိစေနဲ့ဟူသော စကားကို အမြဲပြောဆို ဆုံးမတတ်သည်။

"စံကား ရောက်ပြီလေ ဘာတွေတွေးနေတာလဲ ဆင်းတော့"

ခင်စံကား အတွေးအိမ်မှ လွှတ်မြောက်သွားသည်။ သတိုးနှင့်အတူ ကားပေါ်မှ ဆင်းလိုက်သည်။



www.burmeseclassic.com





# အခန်း (၉)

"ဟော့ကောင်သတိုး ပျောက်ချက်သားကောင်းလိုက်တာ
ခုတော့မိပြီ"

သတိုး မျက်စိမျက်နှာပျက်သွားသည်။ ခင်စံကား သင်
တန်းအပြီးတွင် ဝယ်စရာရှိ၍ ဗိုလ်ချုပ်ဈေးလိုက်ပို့ပေးပါဆို၍
လိုက်ပို့ပေးလိုက်ရသည်။ ခင်စံကားနှင့်အတူ ဈေးထဲလိုက်ပတ်
စဉ် ဆူးအပါအဝင် သူငယ်ချင်းငါးယောက်နှင့် တန်းတိုးသည်။

ဆူး၏ စူးစမ်းသောမျက်လုံးက ခင်စံကားပေါ် သို့ရောက်





သည်။

"မဟုတ်ပါဘူးကွာ"

ခင်စံကားက မိန်းကလေးနှစ်ယောက်အနက် ခပ်ပိန်ပိန်
မိန်းကလေး၏ မိမိအားစူးစူးရွှားရွှားကြည့်မှုကို သတိပြု
မိသည်။

"မဟုတ်ရင် ဘယ်သူလဲ ဘာတော်သလဲ မိတ်ဆက်ပေး
သကွာ"

သတိုး အမြေးအလွှားစဉ်းစားလိုက်သည်။ ညီမဝမ်းကွဲ
လည်း အိမ်နီးချင်းဖြစ်သော ဆူးက မေမေတို့ကို သတင်း
သည်။ အဲဒါမှ ပြဿနာပို့ရှုပ်ပြီ။

"ထင်ချင်သလိုထင်ကွာ၊ မတတ်နိုင်ဘူး သူကစံကားတဲ့၊
. . သူတို့က ငါ့သူငယ်ချင်းတွေပဲ၊ တော်မီ၊ ဇော်ဇော်၊ ဖက်
ဆူးနဲ့ ပိုက်ပိုက်တဲ့"

ခင်စံကားက လှပသောအပြုံးလေးကို ပြုံးပြလိုက်ပြီး. .

"တွေ့ရတာဝမ်းသာပါတယ်၊ သတိုးကိုခင်သလို စံကား
ခင်နိုင်ပါတယ်"

ဆူးတို့အဖွဲ့က ပြုံးကာ ခင်စံကားအား တစ်ယောက်တစ်
လိုက်နှုတ်ဆက်လိုက်ကြပြီး. . .

"ခင်မယ် ခင်မယ်၊ ခင်မင်တွေ့ဆုံမှု မိတ်သစ်ဆုံပွဲလေး
အမှတ်နဲ့ တစ်နေရာရာမှာ သွားစားရအောင်"

"ဟာ. . မဖြစ်သေးဘူး၊ သူ့အိမ်ကလစ်တုန်းလာရတာ
ပြန်ပို့ရမှာ နောက်နေ့မှချိန်းကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သတိုးက သူတို့နှင့်ကြာကြာနေရလျှင် တောင်စပ် ပြောက်စပ်စုနှင့် အလိမ်တွပေါ်သွားနိုင်သည်ဟု တွက်ဆမိ အမြန်ဆုံး ခွဲရန်အားယူလိုက်သည်။

"ဒီလိုပတ်လို့ ဘယ်ရမလဲ"

"စိတ်ချပါ ဇော်ဇော်ရာ ငါစီစဉ်ပေးပါ့မယ်နော်၊ စံကာ သူတို့နဲ့တွေ့ဆုံဖို့ စံကားလက်ခံသလား"

ခင်စံကားက ပြုံးကာ ခေါင်းကိုဆတ်ခနဲညိတ်ပြီး . .

"လက်ခံပါတယ် သတိုးသူငယ်ချင်းတွေပဲဟာ. . ဒီ တော့ ကိစ္စလေးတွေရှိနေလို့ ခွင့်ပြုပါဦးနော်"

"ဆူး. . နှင် မေမေတို့ကို လုံးဝသွားမတိုင်နဲ့နော်"

"အေးပါ. . ငါသဘောပေါက်ပါတယ်ဟ၊ ငါဒီလော တော့ ဘယ်နှံပါ့မလဲ၊ ဒါပေမဲ့ နှင်ငါ့ကိုပေးရမယ့် နှုတ်ပိတ်ခ အတွက်တော့ ဘုရားတရားသာ တထားပေတော့"

ဆူးက ဗရုတ်၊ ပြောင်တတ်နောက်တတ်သူဖြစ်သည်

"ဆူးတစ်ယောက်ထဲကိုပေးလို့ ဘယ်ရမလဲ တို့အား ကလည်း အန်တီရေလို့ ဆိုလိုက်တာနဲ့"

"တော်ပါတော့ကွာ အချိန်မရပါဘူးဆိုမှ မင်းတို့ကို ကတည်းက ငါသဘောပေါက်ပြီးသားပါ"

"တော်တယ်. . လာဘ်မြင်တယ်၊ မင်း ကြီးပွါးဦးမှာ ကွာ"

"သွားမယ်ကွာ. . လာ. . စံကား သွားရအောင်"

"အားလုံးပဲ စံကားတို့ကို ခွင့်ပြုပါနော်"





"ကောင်းပါပြီဗျာ"

သတိုးက ခင်စံကား၏လက်ကိုဆွဲကာ သူတို့နှင့် မြန်မြန် သွားစေရန် ခပ်သွက်သွက်လှမ်းလိုက်သည်။

ခင်စံကားက သူ့လက်ကိုရုန်းကာ. . .

"ဘယ်လိုလဲ လွှတ်ဦးလေ လွန်လွန်းတယ်"

"ဆောရီးပဲ. . ငါကကိုင်ချင်လွန်းလို့မထင်နဲ့ သူတို့နဲ့ မြန် လေးအောင်လို့ အမှုမဲ့အမှတ်မဲ့ ဆွဲမိလိုက်တာ"

သတိုးက လွှတ်ပေးရင်းပြောလိုက်သည်။ ခင်စံကားက စောင်းထိုးလိုက်ပြီး ဘာမှမပြောတော့ပဲ သူငယ်ချင်းသော အသည်းစဆိုင်သို့ ဝင်လိုက်လေသည်။ ခင်စံကား ရင်ခုန်နေ သည်။

အပျိုရိုင်းတစ်ဦး၏ ရင်ခုန်မှုကို သတိုးက စတင်မွေးဖွား ပေးလိုက်လေသလား၊ သူစိမ်းယောကျ်ားလေးတစ်ဦး၏ လက်ဆွဲ ခြင်းကို ခံလိုက်ရရုံမျှနှင့် ရင်ခုန်သံစဉ်များ ဖြစ်ထွန်းသွားရအောင် အားရပါလျှင်၊ စိတ်ပျော့နေလို့ မဖြစ်ဘူးဟု ခင်စံကား ကိုယ့်ကိုယ် ကိုယ် ကျိတ်၍ကြိမ်းမောင်းကာ ရင်ခုန်ခြင်းကို မောင်းထုတ်ပစ် လိုက်လေသည်။

သတိုးစိတ်လှုပ်ရှားမှုကို ဟိုအစကိုင်ကြည့် ဒီအစကိုင် ကြည့်နှင့် ဂနာမငြိမ်မှုကို ဖြေဖျောက်လိုက်သည်။

ပိုက်ဆံကို သူထုတ်ရှင်းရန် ရှယ်လိုက်သည်နှင့်. . .

"ဟင့်အင်း သတိုး၊ သူများ. . အဲ. . စံကားနဲ့သတိုး ဘာ မဆိုင်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သတိုးလက်လျှော့လိုက်သည်။ ခင်စံကားသာ ခင်နှင်း၏ညီမ မဟုတ်ဘူးဆိုလျှင်ကော မေမေ ကြည်ဖြူမှာလား။

ခင်နှင်းဆီ၌ ဘာအပြစ်မှမရှိသလို ခင်စံကား၌လည်း ဘာအပြစ်မှမရှိ။ တစ်ယူသန်သော မေမေ့အစွဲအလမ်းကိုသာ ချေဖျက်ရန်သာရှိသည်။

"သတိုးကော ဘာမှမဝယ်ဘူးလား"

"မဝယ်ဘူး၊ မေမေပဲဝယ်ပေးနေကြ"

မိခင်၏ ရင်အုပ်မကွာစောင့်ရှောက်ထားမှုက အရွယ်လွန်သော ဝေဒနာဖြစ်တတ်သည်။

"သတိုးတို့မှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကော ရှိသေးရဲ့လား"

ခင်စံကား ဘာကိုဆိုလိုလိုက်သလဲဆိုတာ သတိုး သဘောပေါက်ပါသည်။ သူ့အစ်မနှင့် ပါတ်သက်၍ ခင်စံကားသည် မေမေ့အပေါ်၌ မကျေမနပ်ဖြစ်နေကြောင်း သတိုးရိပ်မိလေသည်။

"ရှိပါတယ် မိဘရဲ့လမ်းညွှန်မှုအောက်မှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နဲ့ လွတ်လွတ်လပ်လပ် လှုပ်ရှားနေကြတာ မင်းအမြင်ပဲလေ"

ခင်စံကား နှုတ်ခမ်းကိုတွန့်ရှုံ့ ပြုံးလိုက်သည်။

"စောင့်ကြည့်သေးတာပေါ့"

သတိုး မိန်းမသားတွေ၏ သဘောကို သိပ်မလိုက်နိုင်တော့. . .။

"မာယာတစ်သိန်း အပလိန်းအနန္တ"ဟူသော စကားထဲရှိသော မိန်းမသားဉာဏ်ကို သတိုးလိုက်မမီနိုင်တော့ချေ။





သတိုး ခင်စံကားကို ပို့ပေးပြီးပြီးချင်း အိမ်ပြန်ခဲ့သည်။

အိမ်ရောက်သည်နှင့် မိမိအခန်းထဲဝင်ကာ ဆူးအား ဖုန်းလှမ်းဆက်ရသည်။

"ဟဲလို"

"ဆူး. . . ငါ သတိုးပါ"

"ငါ အခုပဲရောက်တယ်"

"သိတယ် နင့်ကားကို ငါလှမ်းတွေ့လိုက်လို့ ဖုန်းဆက်တာ၊ နင်ဘယ်လိုမြင်သလဲ"

"ဘာကိုလဲဟ"

"စံကားကိုလေ"

"ဩော်. . လှတယ်၊ မိန်းမသားခြင်း ငေးယူရအောင်ကို လှတယ်၊ နင်လျှို့ထားတာကို ငါက အံ့အားသင့်နေတာ၊ နင်ဘယ်လိုတွေ့လာတာလဲ"

"ဒီလိုပဲပေါ့၊ နောက်မှနင့်ကိုငါ ရှင်းပြမယ်၊ လောလောဆယ် နင့်ကိုငါ တောင်းပန်ချင်တာက"

"အလို့. . တယ်ဟုတ်ပါလား၊ နင့်ဆီက တောင်းပန်ခြင်းဆိုတဲ့စကားကို ငါ့တစ်သက်မှာ ဒါပထမဦးဆုံး ကြားရခြင်းပဲ"

"မနောက်နဲ့ဟာ၊ ဒီကိစ္စကို မေမေတို့ လုံးဝမသိစေချင်ဘူး"

"ဘာဖြစ်လို့လဲဟ. . ဒီလောက်လှတာ၊ ချစ်စရာလဲကောင်းတယ်၊ အန်တီမြင်ရင် ချစ်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ မေမေက နင်နဲ့ငါ့ကို သဘောတူထားတာ၊ နင့်ကိုကော နင့်အမေက ပြောမပြထားဘူးလား"

"ပြောသားပဲ"

"နင်လက်ခံလိုက်သလား"

"နင်ကော"

"ငါက နင်နဲ့တိုင်ပင်လိုက်ဦးမယ်လို့ ပြောလိုက်တယ်"

"ငါလဲ ဒီအတိုင်းပဲ"

"ဆူးရယ် နင်နဲ့ငါ သူငယ်ချင်းပဲ၊ ပွင့်ပွင့်လင်းလင်းပေါ့"

"အင်း . . ငါသဘောပေါက်ပါတယ်၊ ဒီနေ့ပိုသဘောပေါက်တယ် ဒါကြောင့် နင်ဖုန်းမဆက်လဲ နင့်ဆီကို ငါဆက်မလို့ ငါ့ဘက်အတွက် နင်စိတ်မပူပါနဲ့၊ ငါက အချစ်မပါတဲ့ အိမ်ထောင်ရေးကို လုံးဝစိတ်ကူးမရှိဘူး၊ ဒါပေမယ့် နင်နဲ့ငါ ပါးနပ်စွာနဲ့ နေတတ်ပြောတတ်ဖို့တော့ လိုမယ်နော်"

"အင်း"

"ပထမဦးဆုံး အချိန်ဆွဲထားကြမယ်"

"ငါကလည်း ဒီလိုပဲ စဉ်းစားထားတယ်"

"ကောင်းပြီ ဒါဖြင့်လဲ ဒါပဲနော်၊ နင်အားရင်ညနေဘက် ငါတို့အိမ် ကူးခဲ့လေ၊ အေးအေးဆေးဆေး တိုင်ပင်ရအောင်"

"အေးအေး"

သတိုး လက်ခံပါသည်။ ဆူးနဲ့သူ အနေနီးနေမှ မေမေ စိတ်ချနေနိုင်မည်။ ဘာပဲပြောပြော သတိုး ဆူးကိုမချစ်နိုင်၊ လက်မထပ်နိုင်တော့ဘူးဟု အချိန်နှင့်အမျှ သဘောပေါက်လာသည်။





အဘယ်ကြောင့်ဆိုသော် အချိန်နှင့်အမျှ စက္ကန့်မလပ် သူသည် ခင်စံကားအနား၌ နေချင်သော. . . ဆန္ဒဖြစ်ပေါ်လျက်ရှိခြင်းကြောင့်. . .။

"သားငယ်ရေ"

"ဗျာ"

"ထမင်းစားရအောင်"

"ဟုတ်ကဲ့မေမေ"

"အိပ်ခန်းထဲဝင်ပြီး ဘာလုပ်နေတာလဲ"

ထမင်းစားခန်းရောက်သည်နှင့် မိခင်၏ စစ်ဆေးမေးမြန်းမှုကို စတင်ခံလိုက်ရသည်။


သတိုးက

"ဆူးနဲ့စကားလှမ်းပြောတာ၊ သူနဲ့မတွေ့ရတာ နှစ်ရက်သုံးရက်တောင် ရှိပြီးလေ၊ ညနေသူ့ဆီသွားလည်မလို့ ဖုန်းဆက်ချိန်းလိုက်တာ"

မိခင်မျက်နှာ၌ ကျေနပ်သော ပီတိအရိပ်အယောင်များ သန်းသွားလေသည်။ သတိုးစိတ်မကောင်းပါ၊ မိခင်ကသာ ခင်စံကားကို ကြည်ဖြူနိုင်မည်ဆိုပါက မိခင်အပေါ် သူလိမ်ညာစရာ အကြောင်းမရှိပေ။ ယခုတော့ သတိုးရင်ထဲ စိတ်မကောင်းနိုင်ပါ၊ မိခင် ယုံကြည်မှုကို သူ အလွဲသုံးစားလုပ်ရတော့မည်လား။

www.burmeseclassic.com





# အခန်း (၁၀)

ခင်စံကား သော့ပေါက်မှချောင်းကြည့်လိုက်သည်။ လူစိမ်းတစ်ယောက်၊ ခင်စံကား အကျပ်ရိုက်ရသည်။ ပေတေပြီးနေလိုက်သည်။

လျှပ်စစ်ခေါင်းလောင်းသံကလည်း လေးငါးခြောက်ကြိမ်မြောက် မြည်ဟည်းပြီးနောက် နောက်ဆုံးတိတ်ဆိတ်သွားသည်။





ခင်စံကား သက်ပြင်းချလိုက်မိလေသည်။

နာရီလှမ်းကြည့်လိုက်တော့ ညခုနှစ်နာရီရှိနေပြီ၊ သတိုးရောက်မလာသေး၊ ညနေစာမစားတော့ဘူး ထင်ပါသည်။

ခင်စံကား ညနေစာ ထမင်းစားလိုက်သည်။ ပြီးလျှင် ဒူးရင်းသီးတစ်လုံးခွဲကာ အမြွှာများထုတ်ပြီး ရေခဲသေတ္တာထဲသို့ ထည့်ထားလိုက်လေသည်။

ဒူးရင်းသီးအနံ့ပြင်း၍ မကြိုက်ဟူသောအစွဲကို တစ်ထိုင်ထည်းဆွဲဆောင်နိုင်သော မိမိသည် သတိုး၏နှလုံးသားကိုလည်း တခဏတွင်းခြင်း ချွတ်နိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။ မင်းဂွတ်သီးကိုပါ ခွာထားပေးပြီး ၊ အမြွှာမပျက်ထားပေးသကဲ့သို့ ဩဂုတ်မောက်သီးများကိုလည်း ထိုနည်းတူစွာပင်။

အားလုံးပြီးစီးသည်နှင့် ဧည့်ခန်း၌ထိုင်ကာ မမကြီးတို့၏ အယ်ဘန်စာအုပ်များကို ကြည့်နေမိသည်။ မင်္ဂလာဆွမ်းကျွေးတုန်းက မိမိတို့ပုံများ လှပါလျက်နှင့် သတိုးက မိမိအားမသိဘူးလား။

"အင်းလေ၊ သူကတော့ မင်္ဂလာဆောင်ဆိုတော့ စိတ်ဝင်တစားကြည့်မှာ မဟုတ်ပါဘူး"

ခင်စံကားက မကျေမနပ်ပြော လိုက်သည်။

ထိုအချိန် လျှပ်စစ်ခေါင်းလောင်းထပ်မြည်လာသည်။ ခင်စံကား သော့ပေါက်ကနေ ချောင်းကြည့်လိုက်သည်။

"သတိုး"

တံခါးနှစ်ထပ်ကို လျှင်မြန်စွာဖွင့်ပေးလိုက်သည်။ တံခါး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပိတ်အပြီး၌. . .

"လူတစ်ယောက်လာသွားသေးတယ်"

"ဟင်. . . တံခါးဖွင့်ပေးလိုက်သေးလား"

"မပေးပါဘူး ဒီလောက် မအသေးပါဘူး"

"ဘယ်အရွယ်လဲ"

"ကိုကိုကြီးအရွယ်၊ ဖုန်းလဲဆက်လို့ ပလပ်ဖြုတ်ထားလိုက်တယ်၊ မမကြီးက ဒီနေ့ဆက်ချင်မှဆက်မှာ ခေါ်မရရင် သတိုးဖုန်းကို ခေါ်လိမ့်မယ်ဆိုပြီး ဖြုတ်ထားလိုက်တယ်"

"ဘယ်သူ့ဆီကလဲ"

"အောင်ကျော်တဲ့၊ လူတောင်မမြင်ဘူးသေးပဲ ရှိသဲ့သဲ့နဲ့ စောစောကလဲ သူပဲဖြစ်မှာ"

"ဟာ. . မလွယ်ဘူး ကိုကိုတို့ မြန်မြန်ပြန်လာမှဖြစ်မှာ"

သတိုးစိတ်ရှုပ်သွားသည်။ လက်ထဲမှ အထုပ်ကို ကမ်းပေးလိုက်သည်။

"ဘာတွေလဲ"

"ရွှေဘဲက ဘဲကင်"

"သူများ ထမင်းစားပြီးပြီ သူကော"

"စားပြီးပြီ"

"ဒါဖြင့် အသီးအနှံတွေလည်းစား၊ ဒီဘဲကင်လည်း သူများနဲ့ အတူဝိုင်းစားပေးနော်"

သတိုးက ခင်စံကားအလိုကျ ခေါင်းညိတ်လိုက်သည်။

ခင်စံကားက ညှော်ခန်း၌ပင်ပြင်ဆင်လိုက်ရာ. . .





"လသာဆောင်မှာ သွားစားကြရင်း စကားပြောကြရအောင်"

"ကောင်းသားပဲ"

နှစ်ဦးသား တက်ညီလက်ညီနှင့် ကြိမ်ထိုင်ခုံနှစ်လုံးကို ထုတ်လိုက်သည်။ ကြိမ်စားပွဲဝိုင်းပေါ်၌ စားဖွယ်သောက်ဖွယ်များ ချပြီး. . .

"ဘဲကင်အရင်စားဦး ပူပူနွေးနွေးလေးရှိသေးတယ်"

"အိမ်မှာ အမေဖေက ကိုယ်တိုင်ကင်ပေးတာ"

"ဟင်. . ဟုတ်လား"

"ညညဆို မိသားစုစုံလင်တဲ့အခါ ငါးကင်စားလိုက်၊ ဘဲကင်စားလိုက်နဲ့ နေနေကြ"

"ကြော်"

သတိုးသည် လရောင်အောက်မှ ခင်စံကားမျက်နှာလေးကိုခိုးကြည့်မိသည်။

အေးချမ်းတဲ့အလှဟု သူ့ရင်ထဲ နွေးထွေးစွာ ခံစားလိုက်ရသည်။

ရင်ခုန်သံစဉ်လေးများကလည်း သာမန်ထက်ပို၍ မြန်လာသည်။ ပို၍ ကျယ်လောင်လာသည်ဟု ထင်မြင်မိလေသည်။

"စံကား ကျောင်းတက်နေတုန်းလား"

"အင်း. . တတိယနှစ် ဓါတုလေ"

"ကြော်. . ငါနဲ့တူတူပဲ"

"အသက်ချင်းတူတော့ အတန်းချင်းတူမှာပေါ့၊ မဆန်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"စံကား အသက်နှစ်ဆယ်ပြည့်ပြီးပြီလား"

"နှစ်ဆယ့်တစ်ထဲမှာ သူကော. . ."

"တူတူပဲ"

ခင်စံကားက ဘဲကင်ကိုအချဉ်ရည်နှင့် တို့စားလိုက်သည်။

"သူ. . သူများတို့ဆီ လိုက်လည်ပါလား"

"မဖြစ်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

"မင်းလိုပေါ့၊ ဘာဖြစ်လို့ ကွန်ပျူတာမတက်တော့ဘူးလို့ ဆုံးဖြတ်ရတာလဲ"

"စဉ်းစားကြည့်တော့ သူများတို့နေရာမှာ ဘာလုပ်ရမှာလဲ၊ စာရင်းဇယားတွက်ဖို့ကလဲ ဒီလောက်အထိ မလိုဘူးလေ၊ နောက်ပြီး သူ့ကိုဒုက္ခပေးရတာ စိတ်မကောင်းဘူး"

သတိုးစိတ်လှုပ်ရှားသွားသည်။

"ဘာဒုက္ခလဲ ဒုက္ခမရောက်ပါဘူး၊ မင်းမရှိလဲငါ ညအိမ်စောင့်အနေနဲ့ လာအိပ်ပေးမှာ၊ အမှန်တော့. . အိမ်က မစောင့်လည်းရတယ်၊ တံခါးကို သော့သေသေချာချာခတ်ပြီး အောက်ထပ်တွေကို အပ်ထားလည်း ရပါတယ်. . ၊ ငါက တမင်နေချင်လို့ လာနေတာ"

"သူ. . သူများကြောင့် ပိုက်ဆံထွက်ရဦးမယ်"

"ဘာဖြစ်လို့လဲ"





"သူငယ်ချင်းတွေကို ဝယ်ပေးရမှာလေ"

"အလကားနောက်နေကြတာပါ တစ်ပိုင်းလောက်ကျွေးချင်ပြီးတာပဲ မင်းပါလိုက်ခဲ့ပါလား"

"ဟင့်အင်း အမေသာသိရင် သူများကိုဆူမှာ၊ သူများပြန်ချင်ပြီ ဒီမှာလဲမပျော်ဘူး၊ ဒီလိုလုပ်ပါလား မမကြီးဆီက ဖုန်းလာရင် သူများ ခွင့်ပန်လိုက်မယ်လေ"

သတိုး သက်ပြင်းချလိုက်သည်။ မိမိရင်ထဲ ခင်စံကားအပေါ်၌ စက္ကန့်မလပ် နေချင်ပါသည်ဆိုမှ ခင်စံကားက ခွဲခွါတော့မည်။ နေ့လယ်ကတည်းက. . ကွန်ပျူတာတွင် ဟိုမေးဒီမေးနှင့် စုံစမ်းပြီး တစ်ခါတည်း စာရင်းမပေးခဲ့ပဲ နောက်နေ့မှ အကြောင်းပြန်မည်ပြောကာ ပြန်ခဲ့သဖြင့် သတိုးစိတ်ထဲ သံသယရှိခဲ့သည်။

ယခု သူက မတက်တော့ဘူးဆိုတော့. . .

"စံကား မိဘတွေက သူတို့ခမည်းခမက်တွေအကြောင်း မေးရင် စံကားဘယ်လိုပြောမလဲ"

"စိတ်ချပါ သတိုးရယ်၊ ကိုယ့်စကားကြောင့် မိဘတွေ ကြိုတင် စိတ်ဆင်းရဲရတာမျိုး မဖြစ်ချင်ပါဘူး. . ၊ သူတို့ဘာသာသိတာမှသိတော့ပဲ၊ စံကားကြောင့်တော့ မသိစေရဘူး"

သတိုး ခင်စံကားမျက်နှာလှလှလေးကို ငေးကြည့်လိုက်သည်။

ခင်စံကားက ပြုံးကာ. . .

"စံကားပြန်ရင် သတိုးလိုက်ပို့ပေးမှာလား"

"ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သတိုး ဉာဏ်နီဉာဏ်နက်သုံးရန် စဉ်းစားလိုက်သည် ဆူးတို့ကို အသုံးချရမည်။

"မနက်ဖြန် နေ့လည်စာထမင်းကို သူငယ်ချင်းတွေကို ကျွေးရင်း အကူအညီတောင်းရမယ်"

"ဘာအကူအညီလဲ"

"သူငယ်တွေနဲ့ ခရီးသွားခွင့်လေ"

ခင်စံကားက ကျေနပ်စွာ ပြုံးလိုက်သည်။

"ဒါဖြင့် သတိုးက သူများကိုလိုက်ပို့ပေးမယ်ပေါ့"

"အင်း"

"ဝမ်းသာလိုက်တာ သတိုးရယ်၊ သူ့ သူငယ်ချင်းတွေကိုခေါ် လိုက်ချင်တဲ့လူရှိရင် ခေါ်ခဲ့လေ၊ ဒါပေမယ့် မမကြီးတို့အကြောင်းကိုတော့ နှုတ်ပိတ်ထားနိုင်မှ ဖြစ်မယ်နော်"

"ဒီကောင်တွေခေါ်ရင် ပြဿနာတွေ ရှုပ်သွားနိုင်တယ် မခေါ်တော့ဘူး"

"ရထားလက်မှတ် ကြိုဝယ်ရမှာနော်"

"ကားနဲ့ပဲသွားမှာပေါ့၊ ဒီကားက သတိုးကားလေ၊ ဘွားဘွားက မွေးနေ့လက်ဆောင်ပေးထားတာ"

"သတိုးဘွားဘွားက ရှိသေးသလား"

"တောင်ကြီးမှာနေတယ်၊ သမီးအငယ်နဲ့ ဖေဖေကသားကြီးလေ"

"ဩော်"

မြေးအား ပါဂျဲရိုးတစ်စီးကို မွေးနေ့လက်ဆောင်ပေးနိုင်





သောသူတစ်ဦး၏ ချမ်းသာမှုကို ခင်စံကားတွက်ဆမိလိုက်သည်။

မမကြီးနှင့် သဘောမတူခြင်းသည် သိပ်တော့မဆန်းလှဘူးဟု နားလည်မိသော်လည်း မခံချင်အောင်ဖြစ်မိလေသည်။

"စံကားမမကြီးဆီက ဖုန်းလာပြီးရင် ပြောလိုက်လေ"

"အင်း"

"သတိုးက သူများကို ပြန်စေချင်တာလား"

"မဟုတ်တာ မပြောနဲ့ကွာ၊ မင်းဆန္ဒကို ငါလိုက်လျောတာ"

ခင်စံကားက ကျွဲမြီးတိုသွားသော သတိုး၏မျက်နှာကလေးကိုကြည့်လိုက်သည်။ သတိုးသည် လူချောတစ်ယောက်ဖြစ်သည်။

"သူ့များဘာသာ သူများပြန်ရဲပါတယ်"

"မင်းသတ္တိကောင်းမှန်း ငါသိပါတယ်၊ ဒါပေမယ့် ငါ့မှာတာဝန်ရှိတယ်"

"ကျေးဇူးတင်ပါတယ် ဦးတာဝန်ကျေကြီးရယ်၊ ကျွန်မအိမ်ထဲဝင်တော့မယ်"

"အိပ်ရာတွေ မင်းဘာသာမင်း မခင်းပေးနဲ့၊ ငါ့ဘာသာငါ ခင်းမယ်နော်"

"သူခင်းနိုင်မှန်း သူများသိပါတယ်၊ ဒါပေမယ့် ကိုယ့်ဘာသာဖူးရှင် ပူပူနွေးနွေးလေးကို ပြုစုပါရစေဦးနော်"

"မင်းကတော့လေ၊ ပြောလိုက်ရင် အငေါ်အတူးလေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သတိုးက မချင့်မရဲပြောဆိုလိုက်ပြီး ကျန်ရစ်ခဲ့လေသည်။

ခင်စံကားက စားကြွင်းစားကျန်ပန်းကန်များကို သိမ်းဆည်းကာ အိမ်ထဲသို့ ဝင်သွားလေသည်။


သတိုးတစ်ယောက်တည်း လရောင်အောက်၌ မိန်းမောရင်းကျန်ရစ်ခဲ့လေသည်။

သူ့နားမှာရှိနေခဲ့သော ခင်စံကားသည် ပျောက်ကွယ်သွားပြီး ဖြစ်သော်လည်း သူ့နှလုံးသား၌ရှိနေသကဲ့သို့ တွေ့မြင်ခံစားရလေသည်။

သတိုးသည် ဂီတာကို သံစဉ်မဲ့ တီးခတ်နေမိလေသည်။







# အခန်း (၁၁)

ဇော်ဇော်က ပိပိရိရိမျက်နှာထားနှင့် လိမ်ပေးလေသည်။

"ပုဂံဘုရားဖူးသွားကြမလို့၊ အဲဒါ သတိုးကားနဲ့ပဲ အဆင်ပြေတယ်"

"ဘယ်သူတွေပါမှာလဲ"

"ခြောက်ယောက်စလုံးပဲ"

သတိုးပေါင်းသော ခြောက်ယောက်ကို မိခင်ကသိထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဆူးကသေချာလို့လား"

"မိန်းကလေးနှစ်ယောက်ကိုတော့ အရန်ပဲအန်တီ၊ သူတို့ပါရင် ပိုတောင်တာဝန်ကြီးသေးတယ်၊ သားတို့က မပါလေကြိုက်လေပဲ"

"ခွေးစုတ် ဒါကြောင့် နင့်ကိုမေတ္တာမရှိတာ၊ နင်ပြောမှ ငါတမင်ကို လိုက်ဖြစ်အောင်ကြိုးစားဦးမယ်"

ဆူးက ဇော်ဇော်အား မျက်စောင်းထိုးကာ ပြောလိုက်သည်။ ဇော်ဇော်က မျက်နှာပိုးမသတ်ပဲ "တဟဲဟဲ"နှင့် ရယ်မောနေလေသည်။

"ပိုက်ပိုက်ကကော"

"မာမီတို့က ဆူးပါရင်ထည့်မှာ မိန်းကလေးဖေါ်ပါရင်ပြီးတာပဲ"

"မိန်းကလေးတွေဘက်ကတောင် ထည့်မှတော့ အန်တီအနေနဲ့လဲ မထည့်စရာအကြောင်းမရှိပါဘူး ထည့်ပါတယ်ကွယ်"

"ဟေး"

ဇော်ဇော်နှင့် တော်မီက ထအော်လေသည်။

ဒေါ်သက်ထားက ပြုံးပြုံးကြီးခွင့်လွှတ်ကာ. . .

"ကိုင်း. . . သားတို့ချင်း ဆွေးနွေးတိုင်ပင်ကြ"

"မေမေ သား ပိုက်ပိုက်တို့အိမ် လိုက်သွားပြီး ပိုင်းပြောပေးလိုက်ဦးမယ်"

"အေးအေး ဒါထက်သားငယ် ကိုကို့အခန်းကို ဘယ်လို





ထားခဲ့မလဲ"

"အိမ်နီးချင်းကိုအပ်ခဲ့မယ်၊ သုံးလေးငါးရက်နဲ့ ဘာမှမဖြစ်လောက်ပါဘူး. . ဖြစ်ရင်တော့လည်း အသိသာကြီးပဲ ဒုက္ခရောက်ရင် မေမေအိမ်ပေါ်ခေါ်တင်လိုက်ပေါ့"

"သားငယ်နော် စကားကိုပြောင်အပျက်မပြောနဲ့၊ မေမေမကြိုက်ဘူး"

"ကျိစားတာပါ မေမေရယ်၊ မေမေ သား ဒီညတန်းပြီးတော့ ကိုကို့အိမ်မှာပဲအိပ်လိုက်တော့မယ်နော်"

"အေးအေး မနက်စောစောပြန်လာခဲ့၊ ဖေဖေက သားငယ်ကို မတွေ့ရတာသုံးလေးရက်ရှိပြီ ပြောနေတယ်"

"စိတ်ချပါ မေမေ၊ ဖေဖေအပြင်မထွက်ခင် မီအောင်ပြန်လာမယ်"

သတိုးသည် သူငယ်ချင်းများကို မျက်စပစ်လိုက်သည်။

သူငယ်ချင်းများက. . .

"ပြန်ခွင့်ပြုပါဦး အန်တီ"ဟု တစ်ပြိုင်နက် နှုတ်ဆက်လိုက်သည်။

ဒေါ်သက်ထားက. . .

"အေးအေး အစစအရာရာ ဂရုစိုက်ကြ အပျော်မလွန်မိကြစေနဲ့"

"စိတ်ချပါအန်တီ"

သတိုးရင်ထဲ အပျော်နတ်သားတို့က ခုန်နေလေပြီ။ သူငယ်ချင်းများနှင့်အတူ ပုဂံသို့တကယ်သွားရလျှင် ပို၍ပျော်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမည်။ ခင်စံကားကို စည်းရုံးကြည့်ဦးမှ . .

"အပျက်အပျက်နဲ့ ငါတို့တကယ် ခရီးထွက်ဖြစ်တော့မှာပါလား"

ဖက်တီးက ကျေနပ်စွာပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ညာရမယ့်အတူတူ တို့တွေ တကယ်ခရီးထွက်ရအောင် ပြောကြည့်ကြမယ်၊ ရလည်းအမြတ်ပေါ့"ဟု ဇော်ဇော်ကပေးလိုက်တဲ့ အကြံအတိုင်း ပြောကြည့်ကြရာ. . ရှောရှောရှူရှူ ဖြစ်လာသဖြင့် သူတို့အားလုံး ပျော်နေကြသည်။

"သတိုး မင်းလေဒီကို ရအောင်ခေါ်ကွာ၊ ပြီးမှပြန်ပို့"

"ဖြစ်ပါ့မလား"

"သတိုးနော် ရတောင်မရသေးဘူး၊ ကြောက်နေရသလား"

"ချစ်တာပါကွာ"

သတိုးကို ဝိုင်းစကြသည်။ သတိုးက မျက်နှာရဲရဲနှင့် ရှက်ရယ်ရယ်လေတော့သည်။

"အားကျတယ်ကွာ ဆူးရာ"

"သေလိုက်၊ အစွမ်းအစဖြင့် မရှိပဲနဲ့များ"

"အဲဒါက နင်အပေါ် မူတည်တယ်လေ"

"ခွေးစုတ်၊ ဇော်ဇော် နင့်ပါးစပ်ပိတ်ထားရင် ကောင်းလိမ့်မယ်"

သတိုးက ဇော်ဇော်အားလှမ်းကြည့်လိုက်သည်။ ဇော်ဇော်သည် ဆူးအား မခံမရပ်နိုင်အောင် အမြစ်လေ့ရှိသည်။ အ





ခန်တော့ ဇော်ဇော်သည် ဆူးအပေါ် အလွန်အနစ်နာခံတတ်သည်ကို သတိုးသတိထားမိခဲ့သည်။

သတိုး စောစောက လိုက်လိုသောစိတ် ပြောင်းလွဲသွားခဲ့သည်။


ခင်စံကားကလည်း လိုက်လိမ့်မည်မထင်။ သို့သော်. .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

သူတို့ ကုက္ကိုင်းလမ်းရှိ ဆဲဗင်းအပ်၌ ညနေစာစားသောက်ကြသည်။ ဟော့ပေါ့(ပ်)ကိုစားကြရင်း ခင်စံကားက. .

"စံကား ပုဂံကိုမရောက်ဖူးတော့ အရမ်းသွားချင်ပါတယ် ဒါပေမယ့်. ."

"ဘာမှ. . ဒါပေမမယ့်နဲ့၊ မရောက်ဖူးရင်လိုက်ခဲ့ ပြီးရင် တို့အားလုံး နင့်ကိုလိုက်ပို့ပေးမယ်၊ မဟုတ်ဘူးလား သတိုး. .





ပြောလေကွာ မင်းတို့ အတွဲကြည့်ရတာ မဟန်လိုက်တာ၊ အေးတိအေးစက်နဲ့. ."

ခင်စံကား ကြက်သီးထသွားသည်။ သတိုးကို လှမ်းအကြည့် သတိုးကလည်း လှမ်းအကြည့်နှင့် အကြည့်ခြင်းဆုံသွားကြသည်။ သတိုး အကြည့်ရွှန်းလက်မှုကို ခင်စံကားမြင်တွေ့လိုက်ရသောအခါ ကြက်သီးထသွားခြင်းဖြစ်သည်။

အန္တရာယ်ကင်းဘေးရှင်းစေရန် ချစ်သူဟန်ဆောင်ထားခြင်းဖြစ်သည်။ ခင်နှင်းဆီ၏ညီမဟူသော အဖြစ်မှန်ထက်စာရင် အနေချောင်မည်ဟု ယူဆ၍ဖြစ်သည်။ ယခုတော့. . .

"ဆူးနဲ့ ပိုက်ပိုက်ကော လိုက်မှာလား"

"လိုက်မှာ လိုက်ခဲ့ကွာ. . ."

ဆူးက ခင်စံကားအား ဟန်ဆောင်မှုကင်းမဲ့စွာဖြင့် ခေါ်လိုက်သည်။

"ဟုတ်သားပဲ၊ နင့်ကိုမှ တစ်ပေါက်မစွန်းစေရဘူး၊ ရည်းစားသော ဘာသောလည်း နားမလည်ဘူး ယင်ဖိုတောင် မနားစေရဘူး၊ ကိုယ့်ခန္ဓာကိုယ်ကြီးနဲ့ အကာအကွယ်ပေးမယ်"

အမည်နှင့်လိုက်ဖက်ညီစွာ ဝသောဖက်တီးက ဝင်ပြောလိုက်သည်။

ခင်စံကားတွေဝေရသည်။ သတိုးအား ဒုတိယအကြိမ် လှမ်းကြည့်လိုက်သည်။ အကြည့်ချင်းဆုံပြန်ပြီး ရင်ခုန်ရပြန်သည်။

"အဟမ်း. . အဟမ်း. ."

"အား. . ဒီဟော့ပေါ့(ပ်)က ဟော့တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဒီစကားနဲ့ မျက်လုံးဖောက်စားလိုက်ရ"

"ရှူး. . ပူလိုက်တာ"

သူယ်ချင်းများက တစ်ယောက်တစ်ပေါက် နောက်ပြောင်ကြလေသည်။

ခင်စံကားက ရှက်ပြုံးနှင့် မျက်နှာငုံ့ကာ. . .

"သူ လိုက်စေချင်သလား"

"သူ ဘယ်သူလဲ၊ ဖက်တီးလား၊ ဆူးလား၊ တော်မီလား၊ ပိုက်ပိုက်လား၊ ငါလား အားလုံးသူတွေချည်းပဲ"

"မင်းတို့ အရမ်းမနောက်နဲ့ကွာ၊ စံကားရှက်သွားမယ်၊ သတိုးကတော့ လိုက်စေချင်တာပေါ့ ဒါပေမယ့် စံကားသဘောပါ"

"ကြာကြာတော့ မသွားဘူးနော်"

"အလွန်ဆုံး ငါးရက်ပဲ"

ခင်စံကား ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်။

"လိုက်မယ်"

သတိုးက ခင်စံကားကို မယုံကြည်နိုင်သလို လှမ်းကြည့်လိုက်သည်။

"ဟေး. . ဒီလိုဆို အပြန် စံကားကိုပို့ရင်း ကျိုက်ထီးရိုးဝင်မယ် မော်လမြိုင်ဘက် ဘုရားတွေလည်းဖူးမယ်"

"ဒါက စံကားတာဝန်ထားလေ၊ သူတို့အားလုံးသာ တစ်ပတ်လောက်လို့ လိုလိုပိုပိုပြောခဲ့လိုက်ပါလား"

"အိုကေ. . အိုကေ"





"ဒီလိုဆိုရင် ကားနှစ်စီးနဲ့သွားမယ်"

"ဟုတ်တယ် ခရီးသွားတယ်ဆိုတာ သက်တောင့်သက်သာမှ ကောင်းတာ၊ မင်းပါဂျဲရိုးက ပစ္စည်းတင်လို့ သိပ်မနိုင်ချင်ဘူး"

"Town Ace တစ်စီးနဲ့ စုသွားရအောင် ငါကားရှာခဲ့မယ်"

စားရင်းသောက်ရင်း ပြောင်းရင်းခုန်ရင်းဖြင့် နောက်ဆုံးဖော်ဖော်၏ဝမ်းဒိုးပါဂျဲရိုးနှင့် သတိုး၏တူးဒိုးပါဂျဲရိုးတို့ ယူသွားရန် သဘောတူ ဆုံးဖြတ်လိုက်ကြလေသည်။

"နှစ်စီးဆိုတော့ ကားအချင်းချင်းလည်း အဖော်ရတာပေါ့"

"ဖက်တီးကတော့ ပေါက်ကရပြောတော့မယ်"

စားသောက်ပြီးသည်နှင့် လူစုခွဲကာ ဖော်ဖော်က ကျန်သူအားလုံးကို တာဝန်ယူပို့ပေးမည်ဆိုသဖြင့် သတိုးနှင့် ခင်စံကား လွတ်လပ်စွာ ပြန်လာခွင့်ရသည်။

အိမ်ရောက်တော့. . .

"သတိုး"

"ဘာလဲစံကား"

"သတိုး စံကားကို ဘယ်လိုထင်သလဲ"

"ဘယ်လိုထင်ရမှာလဲ"

သတိုးက ခင်စံကားကို နားမလည်သကဲ့သို့ ကြည့်ကာ မေးခွန်းပြန်ထုတ်လိုက်သည်။

ခင်စံကားက. . .



www.burmeseclassic.com

www.burmeseclassic.com



"အခုမှတွေ့တဲ့ သူစိမ်းတွေနဲ့ ခရီးဝေးတစ်ခုကို လိုက်ရဲတဲ့အတွက်လေ"

သတိုးကပြုံးကာ. . .

"သတိုးတာ သူစိမ်းမှမဟုတ်ပဲ"

"ဟုတ်ပါတယ် ကိုကိုကြီးရဲ့ညီပဲဟာ ကိုကိုကြီးလိုပဲ သစ္စာသမာဓိနဲ့ ပြည့်စုံမယ့် လူတော်လူကောင်းတစ်ယောက်လို့ သူများ ယုံကြည်မိလို့ လိုက်တာနော်၊ ဒါပေမယ့် သူနဲ့သူများကို သူငယ်ချင်းတွေက အတွဲလို့ထင်ထားတော့ ခက်တယ်၊ အဲဒီကိစ္စ ဘယ်လိုရှင်းမလဲ"

"ခုချိန်မှတော့ ဘာမှမရှင်းပြနဲ့ဦး၊ မော်လမြိုင်နား နီးလာမှ"

"ဒါလည်းကောင်းတာပဲ. . ဒါပဲနော် သူများတွေ ဘယ်လောက်မြှောက်ပေးပေး သူနဲ့သူများ ဘာမှမဟုတ်ဘူးဆိုတာ သူခေါင်းထဲ ထည့်ထားနော်"

"စိတ်ချပါ ငါလည်းမင်းနဲ့ ဘာမှမတော်ချင်ဘူး သူစိမ်းပဲ တော်ချင်တယ်၊ ဒါမှ. . ."

ခင်စံကားက သတိုးအား အလန့်တကြား ကြည့်လိုက်သည်။ သတိုးက သူဘာမှမဟုတ်တာ မပြောသကဲ့သို့ လေတလေးချွန်ကာ ရေခဲသေတ္တာဖွင့်ကာ ရေသောက်လေသည်။

"ဒူးရင်းသီးတွေ ကုန်သွားပြီလား"

"မောင်ကြံတစ်တို့ ဖြစ်နေပြီပေါ့"

"အစစ်ပဲ၊ ဒူးရင်းသီးစွဲသွားလို့ မော်လမြိုင်သူပါ ယူရမလိုဖြစ်နေပြီ"

"မော်လမြိုင်သူယူမှ မဟုတ်ပါဘူး၊ ဒူးရင်းသီးထွက်တဲ့နေရာတွေ အများကြီးရှိပါတယ်နော်၊ သံတောင်တို့၊ ဖြူးဘက်ကခုန်းတို့၊ ရခိုင်သံတွဲတို့ ထားဝယ်တို့. . ."

"တော်ပါတော့ မတောသူရယ်၊ အရှုံးပေးပါတယ် ဒါပေမယ့် ငါကဖားအောက်ဒူးရင်းသီးကို စွဲသွားတော့ ဖားအောက်သူပဲ ယူမှဖြစ်မယ် အဲဒါ မင်းတာဝန်ပဲနော်"

ခင်စံကား မသိကျိုးကျွန်ပြုကာ. . .

"ဖြစ်ပါတယ် သူများတို့ဆီမှာ ဖားအောက်သူချောချောလေးတွေရှိပါတယ်၊ ကြိုးစားရမှာက သူ့တာဝန်လေ"

သတိုးက ဘာမှထပ်မပြောပဲ ပြုံးကာ ခင်စံကားခွဲပေးသော ဒူးရင်းသီးကို ထိုင်စားလေသည်။

ထိုအချိန်၌ တယ်လီဖုန်းမြည်လာသည်။ သတိုး၏. . Hand Phone ဖြစ်နေသဖြင့် သတိုးကကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ညီညီလား. . ကိုကိုပါ၊ မင်းအိမ်မရောက်သေးဘူးလား၊ အိမ်ကဖုန်းခေါ်တာ ကိုင်မယ့်သူ မရှိဘူးဖြစ်နေလို့"

"ညီညီတို့ အပြင်သွားကြလို့"

"တယ်ဟုတ်ပါလား၊ မင်းမမက စိတ်ပူနေတယ်"

"မပူပါနဲ့ ဆဲဗင်းအပ်မှာ ဟော့ပေါ့(ပ်)သွားစားကြတာပါ ဆူးတို့ ငါးယောက်လည်းပါတယ်"

"မယ်တော်ကြီးက ကြည့်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်ကြည့်မှာလဲ သူ့ကိုအသိမပေးထားဘူး၊ ဪ. . ကိုတို မနက်ဖြန်ကစပြီး ဖုန်းမဆက်နဲ့တော့”

“ဘာဖြစ်လို့လဲကွ”

“ကျွန်တော်တို့ ပုဂံသွားကြမလို့”

“စံကားကော”

“သူပါလိုက်မယ်၊ ကျွန်တော်တို့ သူငယ်ချင်းခြောက် ယောက်ရယ် သူရယ်သွားမလို့”

“မယ်တော်သိလား”

“စံကားပါမှာတော့ ဘယ်သိပ့်မလဲ၊ မမေ့ကိုမှ စံကားနဲ့ ပတ်သက်ပြီး တစ်ခွန်းမှ ဟမထားဘူး၊ မမကော မမနဲ့သူတို့ညီ အစ်မချင်း ပြောပါစေ၊ အိမ်ကိုတော့ သော့ပဲခတ်ပြီး မမေ့ကို အပ်ထားခဲ့မယ်၊ ကိုကိုပြန်ရောက်တော့ သွားယူကြည့်ပေါ့”

“အင်း. . ကိုကိုတို့မှာ သော့ပိုပါပါတယ်၊ ဒါပေမယ့် မင်း ပြောသလိုပဲ မမေတို့ကို ဝင်ကန်တော့ရင်း တောင်းတာပေါ့ ပြန်လာချိန်လောက်ဆိုရင် သီတင်းကျွတ်ပြီလေ”

“ဟုတ်သားပဲ ညီညီတို့သွားမယ်နော်”

“အေးအေး တိုက်ခန်းအတွက်မပူပါနဲ့ အောက်ထပ်ကို အပ်ထားခဲ့၊ ကိုင်း. . မမနဲ့ပြောပါစေဦး”

သတိုးက ခင်စံကားအား Hand Phone လှမ်းပေးလိုက် သည်။

ခင်စံကားက. . .

“မမကြီးလား”





“ဟုတ်တယ် ညီမလေး၊ ဘယ်သွားကြမလို့လဲ”

“ပုဂံ သတိုးတို့နဲ့သွားပြီး သတိုးတို့က ပြန်ပို့ပေးမယ်တဲ့”

“ပြန်တော့မလို့လား၊ မပြန်နဲ့ဦး ကွန်ပျူတာမတက်ဖြစ် သေး နေပါဦး”

“မမကြီးနဲ့တော့ တွေ့ချင်ပါတယ်၊ ဒါပေမယ့် သင်တန်း တက်ဖြစ်တဲ့ အတူတူဆိုတော့ ပြန်ပြီး အိမ်အလုပ်တွေဝိုင်းကူ တာပဲကောင်းလိမ့်မယ်”

“ဒါဖြင့်ရင်လည်း ပုဂံကပြန်ပြီး အိမ်မှာပဲစောင့်ပါလား၊ မကြီးတို့ သီတင်းကျွတ်လို့ရှိရင် အဖေနဲ့အမေကို သွားကန် တော့ဦးမှာဆိုတော့ အဲဒီတော့မှ ညီမပြန်လိုက်လေ၊ သတိုးကို အားနာပါတယ်”

ခင်စံကားက. . .

“မဟုတ်သေးဘူး မမကြီး သတိုးနဲ့ သူ့သူငယ်ချင်းတွေ က လိုက်လည်ချင်လို့တဲ့. . . အဲဒါကြောင့်ပါ၊ သူတို့လည်း ထွက် ခွင့်ရတုန်း တစ်ခါတည်း ထွက်ချင်ကြတာ”

“အေးလေ. . ဒါဖြင့်ရင် သွားနှင့်ကြ၊ ညီမလေး မမကြီး အကြောင်းကို အဖေနဲ့အမေကို မသိစေချင်ဘူး လိမ္မာပါးနပ်စွာနဲ့ နေနော်”

“ဟုတ်ကဲ့ ညီမလေးသဘောပေါက်ပါတယ်”

“သတိုးသူငယ်ချင်းတွေကိုလည်း သေသေချာချာ ပြော ထားဦးနော်”

“ဟုတ်ကဲ့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"အစစအရာရာ သတိဝီရိယနဲ့သွား၊ ရေပြောင်းရေလွှဲ ဖြစ်တတ်တယ်. . ရေချိုးကော အစားအသောက်ကော ဆင်ခြင်၊ ညီမလေး ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

"ဒီလိုဆိုရင် မမကြီးပဲ သင့်ရာ ဝယ်ပေးခဲ့တော့မယ်"

"ဟုတ်"

"ဒါပဲ. . ဒါပဲ"

"ဟုတ်"

ခင်စံကားရင်ထဲ မမကြီးအတွက် စိတ်မကောင်းဖြစ်သွားလေသည်။ အစ်မကြီးအမိရာပီပီ မိမိတို့ညီအစ်မများအပေါ် အနစ်နာခံဆောင်ရွက်ပေးတတ်သလို၊ မိဘများအပေါ်၌လည်း ပြုစုစောင့်ရှောက်တတ်ပြီး သူ့ပဲအပင်ပန်းခံကာ ညာတာ လုပ်ကျွေးခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့သော အမျိုးကောင်းသမီးအပေါ်၌ ယောကျ်ားမတွေက ငြိုငြင်ကာ လက်မခံနိုင်ဘူးဆိုခြင်းကို ခင်စံကား လက်မခံနိုင်ပါချေ။

"စံကား"

"ဗျော်. . . ရော့"

Hand Phone ကိုကိုင်ကာ ငိုင်နေသော ခင်စံကားသည် သတိုးကလှမ်း၍ အသိပေးလိုက်မှ ယောင်တီးယောင်တနှင့် သတိုးအား Hand Phone လှမ်းပေးလိုက်လေသည်။

"ဘာတဲ့လဲ"

"ကြားတဲ့အတိုင်းပဲ၊ သူများတို့အစီအစဉ်အတိုင်းပဲ ဆက်





သွပ်ရှားရုံပဲ"

သတိုးအား ကျောခိုင်းကာ ခင်စံကားသည် အပေါ်ထပ်သို့ တက်ခဲ့လေသည်။

ခင်စံကား မျက်နှာညှိုးနွမ်းသွားသည်ကို သတိုးသတိပြုမိလိုက်သည်။ ဘာကြောင့်ရယ်တော့ သူတိတိကျကျ မတွေးနိုင်ပါချေ။

သို့သော် သူ့ရင်ထဲတွင်တော့ ခင်စံကားမျက်နှာ ညှိုးနွမ်းသွားခြင်းကိုတော့ မနေတတ်မထိုင်တတ်နှင့် ရင်တွင်း မချမ်းမြေ့နိုင်သကဲ့သို့ ခံစားလိုက်ရသည်။

ခင်စံကားမျက်နှာ၌ အပြုံးပန်းလှလှလေး ဖူးပွင့်နေခြင်းကိုသာ သူထာဝရ မြင်လိုပါသည်။

ဤအရာသည် ချစ်ခြင်းကြောင့်ဟု ဆိုနိုင်မည်ထင်သည်။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

သတိုးနှင့် ခင်စံကားအား သူငယ်ချင်းများက အလိုက်သိအမြဲရှောင်ပေးတတ်ကြသည်။

သတိုးသည် အခွင့်အရေးသမား မဟုတ်ချေ။

သို့သော် သူ့ရင်တွင်းမှ ချစ်ခြင်းမြတ်နိုးခြင်းတို့ကိုတော့ မျက်လုံးတံခါးပေါက်မှတစ်ဆင့် ဖေါ်ကောင်လုပ်တတ်သည်မှအပ နှုတ်မှမဖွင့်ဟချေ။

☺ ဧအာင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ဧရာဝတီမြစ်ကမ်းဘေး လမ်းလျှောက်ကြ ရင်း ညနေ နေဝင်ဆည်းဆာအလှကို ခံစားကြသည်။

ဓါတ်ပုံရိုက်မယ် ဘာလုပ်မယ် ညာလုပ်မယ်ဆိုကာ. . ခင်စံကားနှင့်သူ့အား ထားပြီး ပြေးသွားကြသည်။

ခင်စံကားကတော့ သူ့ထုံးစံအတိုင်း ခပ်အေးအေးလေး ဖြင့် ခြေလှမ်းမှန်မှန် လျှောက်လှမ်းလာသည်။

"မနက်ဖြန် ပုပ္ပါးကိုဝင်ပြီး ပြန်ကြတော့မယ်၊ အဲဒါ ဟို ကောင်တွေကို ဖွင့်ပြောပြရင်ကောင်းမလား"

"ဘာလဲ သတိုးကသူများနဲ့ ခုလိုနေရတာကို မပျော်ဘူး လား"

"ဟင်"

ဟူသောအာမေဍိတ်သည် သတိုးရင်ထဲ မြည်ဟည်း သွားသည်။ တဆက်တည်း နှလုံးသားသည် ပုစွန်ဆိတ်တစ် ကောင်လို တဆတ်ဆတ်ခုန်လေပြီ။

ခင်စံကားအား လှမ်းကြည့်လိုက်သည်။

ခင်စံကားက သူ့အားမကြည့်ပဲ မြစ်ကမ်းဘေး ရေချိုး ဆင်းနေကြသူများကို ငေးကြည့်နေသည်။

"ဤနေရာ ဤဒေသမှာ ညောင်ဦးဖီးလိုပုဂ္ဂိုလ်မျိုး ပေါ် ထွက်ခဲ့တာ အဆန်းမဟုတ်ဘူးနော်၊ သတိုး ဟိုမှာကြည့်ပါဦး ကလေးသာသာလေးတောင် ရေငုပ်တတ်နေပြီ"

သတိုးက ခင်စံကားကို နားမလည်နိုင်သလို ခင်စံကား ပြောသောနေရာသို့ တစ်ချက်မျှလှမ်းကြည့်လိုက်ပြီး. . .





"စံကား"

"ဘာလဲ"

"မေးခွန်းကို သတိုးဖြေရဦးမယ်"

"ဘာမေးခွန်းလဲ"

"မပျော်ဘူးလားဆိုတဲ့ မေးခွန်းလေ"

ခင်စံကား ရင်ခုန်လာသည်။ သတိုးဆီက ပေါက်ကွဲလွင့် ထွင်လာမည့်စကားများကို မျှော်လင့်ခဲ့သည်။ မျှော်လင့်သလို ဖြစ် လာသောအခါ ရေလာစေရန် မြောင်းပေးမိသည်။ သည့်အ တွက် မိမိလိပ်ပြာ မိမိမလုံသကဲ့သို့ ခံစားနေရသည်။

တကယ်တမ်း နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်လာရသောအ ခါ ရင်ခုန်ခြင်း စိတ်လှုပ်ရှားခြင်းတို့က ထိန်းမရချေ။

အချစ်ဆိုတာ ရင်ခုန်ခြင်းလား။

ဒါ အချစ်မဟုတ်ပါဘူး၊ လုပ်ဆောင်သင့်တဲ့ လုပ်ငန်း တစ်ခုကို လုပ်ဆောင်နေခြင်းပါ။

အတွေ့အကြုံသစ်၊ လုပ်ငန်းသစ်အတွက် ရင်ခုန်ခြင်း ပါဟု ခင်စံကားက မိမိကိုယ်မိမိ ဖြေသိမ့်မှုပေးနေလိုက်သည်။

"သတိုး. . တစ်သက်နဲ့တစ်ကိုယ် မပျော်ဘူးတဲ့ အပျော် တွေ၊ ရင်မခုန်ဖူးတဲ့ရင်ခုန်မှုတွေ၊ မကြည်နူးဖူးခဲ့တဲ့ ကြည်နူးမှု တွေနဲ့ကို ပျော်ရွှင်ကြည်နူးနေပါတယ် စံကားရယ်၊ အဲဒါ ဘာ ကြောင့်လဲလို့ မင်းထင်သလဲ"

ခင်စံကားက မျက်နှာရဲရဲနှင့် ရှက်သွေးစိုလူးမှုကို သတိုး မမြင်စေရန် မျက်နှာကွယ်ဝှက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမှာလဲ"

"မသိရင်ပြောပြမယ်၊ မင်း သေသေချာချာမှတ်ထား နော် စံကား"

ခင်စံကား မတုန်မလှုပ် ခေါင်းကလေးငုံ့လျက်။

တွေ့တွေ့ဆိုင်ဆိုင် အချစ်ကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင် လာရသောအခါ ကြိုတင်ပြင်ဆင်လာခဲ့သော စကားလုံးများစွာ တို့သည် ရင်တွင်းတိမ်မြုပ်ပျောက်ကွယ်သွားလေသည်။

"စံကားကို သတိုး ချစ်နေလို့ပဲ၊ ချစ်သူနဲ့ အတူသွား အတူလာခြင်းကို မကြည်နူးတဲ့လူ၊ မပျော်တဲ့လူရယ်လို့ ဤကမ္ဘာ လောကကြီးမှာ မရှိနိုင်ဘူးထင်ပါတယ်"

သူတို့နှစ်ယောက်အား ဖော်ဖော်နှင့် တော်မီတို့က ခါတ် ပုံအမျိုးမျိုး ရှုထောင့်အမျိုးမျိုးရိုက်နေခဲ့သည်မှာ ခရီးစထွက်က တည်းကဖြစ်သည်။ ဘယ်လိုမှ တားမရသည့်အဆုံး၌ လွှတ်ထား လိုက်သည်။

"စံကား သတိုးထပ်ပြောမယ်၊ မင်းကို သတိုးချစ်တယ် မင်းကကော သတိုးကို ချစ်နိုင်သလား"

ခင်စံကား ခေါင်းမဖော်တော့. . .

ချက်ချင်းဖြေသင့် မဖြေသင့်ကိုတွေးတောလိုက်သည်၊ အချိန်တွေရှိပါသေးသည်။

"သူများ မသိဘူး"

"ဘာလို့မသိရမှာလဲ အချစ်ဆိုတာ ဘယ်သူမှ သွန်သင် စရာမလိုပဲ. . အလိုအလျောက် ပေါက်ဖွားလာတဲ့ အရာမျိုးပဲ





စံကားရဲ့၊ ပြောပါကွာ သတိုးကို ချစ်တယ်လို့"

"သူ့ကို သူများ ပြန်မေးမယ်"

"မေး"

ခင်စံကားက သတိုးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

သတိုးက ခင်စံကားကို ရွှန်းလက်နေသော မျက်လုံးဖြင့် စိုက်ကြည့်လိုက်သည်။

"သူများ ဒီလိုဘာဖြစ်လို့ လိုက်လာခဲ့တာလဲသိလား"

"မရောက်ဖူးလို့ဆို"

"ဟုတ်တယ် မရောက်ဖူးတာလဲပါတယ်၊ ကိုယ့်နိုင်ငံရဲ့ နှလုံးသား မြို့ဟောင်းတစ်နေရာကို တွေ့မြင်ပြီး ခံစားချင်တာ လဲပါတယ်၊ နောက်တစ်ချက်က သူ. . သူများကို အိမ်လိုက်ပို့ရင်း သူနဲ့နေရ သုံးလေးရက်က အလွန်ဆုံးပဲ ခုလိုလိုက်ခဲ့တော့ တစ် ပတ်ဆယ်ရက်လောက် သူနဲ့အတူနေရတယ် ဒါကြောင့်. ."

"အိုး. . ဒါဖြင့် စံကားက သတိုးကို"

"ဟုတ်တယ်. . သတိုးလိုပဲ ထင်တယ်"

"အိုး. တကယ်"

သတိုး၏ ဆိုင်းနေခဲ့သော သွေးကြောများ ပွင့်ထွက် သွားသည်ထင်ပါသည်။ ဝမ်းသာမှု၊ ကျေနပ်မှုများဖြင့် ခင်စံကား ၏လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းကာ. . .

"တိတိကျကျလေးပြောပါလား စံကားရယ်"

"ဘာကို တိတိကျကျလဲ"

"သတိုးကို ချစ်တယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်လေ၊ ပြောဖို့မလိုတာ ဟိုမှာလည်းကြည့်လုပ်ဦး တော်မီကို"

တော်မီက သူတို့နှင့်မလှမ်းမကမ်းတွင် မြေကြီးပေါ်လဲလျောင်းပြီး ကင်မရာကို အမျိုးမျိုးရွှေ့ပြောင်းကာ ဓါတ်ပုံရိုက်နေလေသည်။

"မလိုချင်ဘူးပြောကွာ"

"သတိုး အကျပ်မကိုင်နဲ့နော်"

"အကျပ်ကိုင်တာမဟုတ်ပါဘူး၊ သတိုးပြည့်ပြည့်ဝဝလေး ခံစားပျော်ရွှင်ချင်လို့ပါ"

ခင်စံကား ရင်ထဲလှုပ်ခတ်မှုကြောင့် ကတုန်ကယင်ဖြစ်သည်။ ဘဝမှာ အကြီးမားဆုံးသော စွန့်စားခြင်းတစ်ရပ်ကို မိမိပြုလုပ်နေမိပါလား။

"ပြောလေကွာ"

"ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"သူ့ကို"

"ဘယ်သူကလဲ"

"ဒီသူ. . ဒီသူ"

ခင်စံကားက သတိုး၏လက်ကို ဖြုတ်ချပြီး ဆူးတို့ရှိရာနောက်သို့ ပြေးလိုက်သွားလေသည်။

"အိုး. . ဘယ်လိုလဲ ရွှေစံကား၊ မျက်နှာကြီးနီရဲလို့၊ နင့်ကို သတိုးက ဘာများ မဟားတရားလုပ်လိုက်လို့လဲ"





ဆူးကလည်း. . .

"ဟဲ့. . လူမြင်ကွင်းကြီးမှာ မဟားတရားလုပ်ပါ့မလား၊ သေကာ ကစ်(စ်)ပေးရုံလောက်"

"ဟာကွာ. . ဘာတစ်ခုမှ မဟုတ်ဘူး၊ သူလားလုပ်ရဲမှာ၊ သုပ်တော့ကော ဒီကခံမလားလို့"

"ဒါဖြင့် ရှက်သွေးကြွပြီး လှုပ်လှုပ်ရှားရှားဖြစ်လာတာ တာ. . ."

"ပေါက်ကရတွေ လျှောက်ပြောလို့"

"ဘာပေါက်ကရလဲဟယ်. . ငါတို့လည်းသိချင်တယ် ပြောစမ်းပါဦး"

ပိုက်ပိုက်က ခင်စံကားအားဖက်ကာ ပြောလိုက်သည်။ ဆူးကလည်း. . .

"ဟုတ်သားပဲ. . ခပ်တိုးတိုးသာပြော"

ခင်စံကားမျက်နှာ မထားတတ်တော့၊ တစ်ခုခုမပြောသွင် ဆူးနှင့်ပိုက်ပိုက်က မလွှယ်၊ မရမချင်းမေးတော့မည့်ပုံ။

ထို့ကြောင့်. . .

"သတိုးက သူများကို မခွဲနိုင်တော့ဘူးတဲ့. . အမြန်ဆုံးသတ်ထပ်ချင်တယ်ပြောလို့"

"ဟေး. ."

ပိုက်ပိုက်ကထခုန်ကာ. . .

"ဟေ့ကောင်တွေရေ. . သတိုးက စံကားကို အမြန်ဆုံးသတ်ထပ်ချင်ပြီတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



အသံကို ဟစ်အော်လိုက်လေသည်။

ခင်စံကားမှာ မျက်လုံးပြူးသွားပြီး ရှက်လွန်းသဖြင့် မျက်ရည်များပင် ရစ်ဝဲလာသည်။

သတိုးက ပိုက်ပိုက်အား. . .

"ဟော့. . မိပိုက်၊ မအော်နဲ့ကွာ ဟိုမှာ စံကားရှက်နေပြီ"

"ရှက်စရာလား၊ မကြာခင် သီတင်းကျွတ်တော့မယ် တို့တွေ အဝှါဟဝိဟာဟကိစ္စအမှု ဆောင်ရွက်ပေးရင် မကောင်းဘူးလား"

သတိုးက ရှက်ကြောက်ခြင်းကြောင့် တုန်လှုပ်နေပုံရသော ခင်စံကားအနီးကပ်ကာ. . .

"စံကား သတိထားလေ ဘယ်သူမှမရှိပါဘူး၊ သတိုးတို့ ခုနစ်ယောက်ပဲရှိတာ၊ ဒီကောင်တွေကို ရှက်နေရင် လောကကြီးမှာ နေစရာမရှိအောင် ဖြစ်နေလိမ့်မယ်၊ သတိုးတို့က သူငယ်တန်းကတည်းက ဆယ်တန်းထိ တစ်တန်းထဲနေခဲ့ကြတဲ့သူတွေ သိလား၊ တစ်ယောက်အကြောင်း တစ်ယောက်အတွင်းသိ အစင်းသိပဲ. . . မရှက်နဲ့နော်"

"ဆောရီးပဲ စံကားရာ၊ ငါအံစလွန်သွားတယ်၊ ငါက ပျော်တတ်တာသက်သက်ပါ၊ နင်သိပ်ရှက်သွားသလား"

"ရပါတယ်ဟာ ပြန်ချင်ပြီ"

"ပြန်ကြတာပေါ့"

ဒီတစ်ချီတွင်တော့ အားလုံးအတူတူ လက်တွဲကာ. . လျှောက်ပြန်လာကြသည်။





ခင်စံကား စိတ်ပြေသွားစေရန် နောက်လိုက် ပြောင်သိုက်နှင့် ခင်စံကား မရယ်ပဲမနေနိုင်တဲ့အထိ ပေါက်ကရများ လျှောက်ပြောကြလေသည်။

ခင်စံကား စိတ်ဆိုးပြေကာ ရယ်မောမှ. . သူတို့လည်း သက်ပြင်းချနိုင်လေသည်။

သတိုးမှာ ထိုအချိန်ရောက်မှ အသက်ဝဝလင်လင် ရှူမိလေတော့သည်။


သတိုး ခင်စံကားကို မခွဲနိုင်မခွါရက်လောက်အောင် ချစ်မိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ၏ အိုအေစစ်တူ တင်စားခေါ်ဝေါ်ရလောက်အောင် စိမ်းလန်းစိုပြေပြီး တောရိပ် တောင်ရိပ်လေးဖြင့် စိမ့်နေသော ပုပ္ပါးဥယျာဉ်ဟိုတယ်၌ သူတို့ တစ်ညတည်းခိုကြလေသည်။

သတိုးနှင့် ခင်စံကားမှာ တပူးတွဲတွဲဖြစ်နေရာမှ နောက်ထပ်တစ်တွဲ တိုးလာသည်။ ဇော်ဇော်နှင့်ဆူး။





"နင်တို့နှစ်ယောက်ကို အားကျသွားလို့ထင်တယ် ဆယ်တန်းအောင်ပြီးကတည်းက ပရိုပို့စ်လုပ်ထားတဲ့ငါ့ကို ဆူးက နေ့က်ကမှ အဖြေပေးတယ်ကွ"

"ဇော်နော်၊ ပေါက်ကရ လျှောက်မပြောနဲ့တော့"

ဆူးက မျက်နှာနီနီရဲရဲနှင့် လှမ်းအော်သည်။

ခင်စံကားက ဝမ်းသာအားရ. . .

"ဟုတ်လား ဘယ်တုန်းကလဲ"

"စောစောကလေ၊ တောင်ကလပ်ပေါ်တက်တော့ ငါတို့ အပေါင်းအသင်းတွေက ဝိုင်းဆွဲတယ်မဟုတ်လား"

မျောက်များကိုပြောခြင်းဖြစ်သည်။

"အဲဒါ သူကကြောက်ပြီး ငါ့ရင်ခွင်ကကို မထွက်တော့ဘာ"

"ဘာဆိုင်လို့လဲ ငါကြောက်လို့ပဲဟာ"

"ကြောက်ရင် ငါ့ထက်ကိုယ်ကြီးတဲ့ ဖက်တီးရင်ခွင်ထဲ ဝင်ပါလား၊ ဘာဖြစ်လို့ ဖက်တီးကိုကျော်ပြီး ငါ့ဆီပြေးလာခဲ့ရတာလဲ"

ဆူးကရှက်ရှက်နှင့် ဇော်ဇော်အား ထုရိုက်လေသည်။

ဇော်ဇော်က တဟဲဟဲရယ်ကာ ဆူး၏လက်များကို ဆုပ်ကိုင်ပြီး. . .

"မညာပါနဲ့ဆူးရယ်၊ စောင့်ဆိုင်းရတာ သုံးနှစ်သုံးမိုးမကတော့ပါဘူး ငါးနှစ်ငါးမိုးရှိပါပြီ"

"ဟိတ်. . ကောင်မလေးကို လွှတ်လိုက်"

www.burmeseclassic.com



တော်မီက ထအော်လေသည်။

အားလုံးကရယ်မောကာ အသီးသီးထလျက်. . .

"လာဟော့ ငါတို့ရှိရင် ပွဲသိမ်းမှာ မဟုတ်ဘူး၊ ညစာသွားမှာရအောင်၊ ပြီးမှ လိုက်ခဲ့၊ ဇော် ဒီညစာ မင်းဒကာပဲ"

"ရပါတယ် ကျေးဇူးရှင်တို့ရယ်"

ဇော်ဇော်နှင့်ဆူးကို ချန်ခဲ့ပြီး သူတို့ထမင်းစားခန်းဘက်သို့ ထွက်ခဲ့ကြလေသည်။

သတိုးရင်ထဲ၌ ရှင်းသွားလေပြီ။ ဆူးကို ဇော်ဇော်ကြိုက်နေသည်ကိုတော့ သိသည်။ ဒါပေမယ့် ဆူးက ပြန်ကြိုက်မကြိုက်ကိုတော့ သူမခန့်မှန်းနိုင်ခဲ့၊ ယခုတော့ ရှင်းသွားပြီ။

ညစာစားသောက်သည့်အခါ၌ သူငယ်ချင်းများအားအဖြစ်မှန် အားလုံးကိုရှင်းပြရန် သတိုးဆုံးဖြတ်လိုက်သည်။

သူ့ဆုံးဖြတ်ချက်ကို ချစ်သူပူပူနွေးနွေးလေးအား ပြောပြလိုက်သည်။

"စံကား"

"ဘာလဲ သူ"

"သတိုးကို သူလို့မခေါ်ရင်ကောင်းမယ်ထင်တယ်၊ သူတွေက အများကြီး၊ အများကြီးထဲက သူအဖြစ်မခံနိုင်ဘူး"

"အကဲပိုတဲ့ သတိုးပဲ"

သတိုးကလည်း. . .

"အများသုံးစွဲခေါ်ဝေါ်နေကြ ချစ်သူချင်းနှစ်ဦးတည်း ပိုင်ဆိုင်မှု အညွှန်းနာမ်စားနှစ်ခု ရှိသင့်ပြီ"





ခင်စံကားရင်ထဲ လှုပ်ခတ်လာသည်။

ခက်နေပြီ။

သတိုးသည် မချစ်ဖူးတော့ အချစ်ဦးသူ့ အပေါ်တွင် အရှုံးအမူး. . .။ မိမိကရော. . .

ချစ်သူရည်းစားမရှိခဲ့တော့ ယခုလိုအချစ်ဦးအပေါ်တွင် အရှုံးအမူးပေမဲလား။

အတွေ့အကြုံသစ်တစ်ခုအတွက် ရင်ခုန်လှုပ်ရှားခြင်းပါဘူ အားတင်းလိုက်သည်။

"ဘယ်လိုခေါ်ရမှာလဲ"

"ဘယ်တော့မှ ရိုးမသွားတဲ့ အမြဲဆန်းသစ်နေတဲ့ အခေါ်အဝေါ်တစ်ခုပေါ့"

"ဘာလဲ"

"သိရဲ့သားနဲ့ကွာ"

"ဘယ်သိမှာလဲရှင့် ကျွန်မမှ ရည်းစားမထားခဲ့ဘူးတာ"

"ဒါဖြင့် ကိုယ်မေးမယ်၊ စံကားအမေက စံကားအဖေကို ဘယ်လိုခေါ်သလဲ"

"ကိုဘခိုင်တဲ့"

သတိုးက သူ့နဖူးသူရိုက်ခါ. . .

"ဟာကွာ"ဟု ဆိုလေသည်။

ခင်စံကားက ပြုံးကျဲကျဲလေးလုပ်ကာ. . .

"အမေကကော အဖေ့ကို ဘယ်လိုခေါ်သလဲ သိချင်သေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်တော့ဘူး"

"သိချင်ပါ. . မိအေးတဲ့၊ မေမေ့နာမည်က ဒေါ်အေးရင်ကိုး"

"ကိုင်း. . ထားပါတော့၊ ကိုယ့်ဖေဖေနဲ့မေမေ အခေါ်ဝေါ်ကို ပြောပြမယ်၊ သေသေချာချာနားထောင်နော်"

"ဟုတ်ကဲ့"

ခင်စံကား ပြုံးပြုံးလေးလုပ်ကာ လက်ပိုက်ပြီး ခေါင်းညိတ်လိုက်သည်။

ရှစ်ယောက်၊ ဆယ်ယောက်အထိ ထိုင်စားနိုင်သော စားပွဲဝိုင်းကြီးဝယ် သူတို့နှစ်ယောက်ထဲရှိနေသည်။ တော်မီ၊ ဖက်တီးနှင့် ပိုက်ပိုက်က မီးဖိုချောင်အတွင်းဝင်ကာ ဟိုစပ်စုဒီစပ်စု လုပ်နေကြသည်။ ထို့ကြောင့် သူတို့နှစ်ဦးလွတ်လပ်နေခြင်းဖြစ်သည်။

"ဖေဖေက မေမေ့ကို အသက်တဲ့"

ခင်စံကားက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

"မေမေက ဖေဖေ့ကို မောင်တဲ့"

ခင်စံကား ထပ်မံခေါင်းညိတ်လိုက်သည်။

သတိုးက ခင်စံကား၏ ပြောင်ချော်ချော် အပြုအမူကို ကြည့်ကာ မချင့်မရဲဖြစ်ပြီး. . .

"ပြောကွာ မင်းငါ့ကိုဘယ်လိုခေါ်မှာလဲ"

"မြို့သား"

"ဟာကွာ"

"မြို့သားကကော ကျွန်မကို ဘယ်လိုခေါ်မှာလဲ"





"အများနဲ့မတူတဲ့ အခေါ်အဝေါ်စဉ်းစားထားတယ်"

"ဘာလဲ"

"မိစံလို့"

ဟုတ်ပါရဲ့၊ ခင်စံကားကို "မိစံကား"ဟုသာ ဒေသကသူတွေခေါ်ကြသည်။ "မိစံ"ဟု ဘယ်သူမှမခေါ်ခဲ့ကြပေ။

"မိစံ"

"ဟုတ်တယ် မိစံကြိုက်ပါတယ်နော်"

ခင်စံကား ခေါင်းညိတ်လိုက်သည်။

သတိုးက ခင်စံကား၏လက်ကိုဆွဲကာ လက်ချောင်းသေးများကို ဖျစ်ညှစ်ပြီး. . .

"သတိုးကိုကော မိစံဘယ်လိုခေါ်မှာလဲ"

"သတိုးက ဘယ်လိုခေါ်စေချင်သလဲ"

"ဟင့်အင်းကွာ မင်းနှလုံးသည်းပွတ်ထဲက ထွက်လာတဲ့အခေါ်အဝေါ်ကို လိုချင်တာ"

ခင်စံကား အားယူလိုက်သည်။ ရှက်စရာတော့ ကောင်းနေပြီး. . .

လက်ထပ်ပြီးမှဆိုလျှင် အကြောင်းမဟုတ်၊ သူနှင့် လက်ထပ်နေစရာအကြောင်းကလည်း မရှိတော့။

ရှိပါစေတော့ ဒေါ်သက်ထား၏ နှလုံးသားကို ထိမှန်ပါစေတော့. .

"မောင်"

"ဟာ. . မိစံ"



www.burmeseclassic.com

www.burmeseclassic.com



သတိုး ဝမ်းသာအားရဖြင့် ခင်စံကား၏ လက်ချော
လေးများကို ဆွဲယူကာ လက်ခလယ်ကို ကိုင်လိုက်သည်။

"ဟော့ . . ဟော့ . . မှာထားပြီးပါပြီ၊ ဒီလောက်ဆာနေမှန်း
သိရင် စောစောကမျောက်တွေကျွေးတဲ့ ငှက်ပျောသီးကို ချန်
ပါတယ်"

ဖက်တီးက စားသောက်ခန်းထဲဝင်ပြီး လှမ်းပြောလို
သဖြင့် သတိုးက ခင်စံကားလက်အား လွှတ်လိုက်လေသည်

ဇော်ဇော်နှင့်ဆူးလည်း ရောက်လာသည်။

လူစုံချိန်တွင် စားပွဲထိုးများကလည်း ဟင်းလျာကို
ချပြီးတစ်ခု ချလိုက်သည်။

"စားရင်းသောက်ရင်းနဲ့ နင်တို့ကို ငါအဖြစ်မှန်တ
ဖွင့်ဟစရာရှိတယ်"

သတိုးက အစချီကာ ခင်စံကားသည် သူ့မရီး ခင်နှင်း
၏ညီမဖြစ်ကြောင်းနှင့် ဆူးနှင့်သူ့အား မိခင်က သဘော
ကြောင်း အစအဆုံးရှင်းပြလိုက်သည်။

"ငါ့မေမေက ငါ့ကိုအတင်းအကြပ် မစီစဉ်ပါဘူး၊ ဇော
ဇော်နဲ့ ငါကိစ္စကို ပြန်ရောက်တာနဲ့ ငါဖွင့်ပြောလိုက်မှာပါ၊ ဒီအ
တွက်တော့ မစိုးရိမ်နဲ့ သတိုး"

ဇော်ဇော်က. . .

"မင်းနဲ့ စံကားကိစ္စအတွက် လိုအပ်တဲ့ အကူအညီရှိ
ပြော၊ ငါတို့ အစွမ်းကုန်ကူညီမယ်"

"ဟုတ်တယ်ကွ . . မင်းတို့ဘာဖြစ်ချင်သလဲ၊ ငါတို့





အောင် အကူအညီပေးမယ်"

ခင်စံကားက ငြိမ်သက်နေသည်။

သတိုးက. . .

"စံကားမိဘတွေက မမကိစ္စတောင် သိထားတာမဟုတ်
. . ငါတို့ကိစ္စလည်း မသိစေချင်သေးဘူး၊ ဒါတွေအားလုံး
တို့စိတ်ထဲမှာပဲ ထားကြပါ၊ ဟိုရောက်ရင် မမကိစ္စ၊ ငါတို့ကိစ္စ
မင်းတို့ မပြောမိစေနဲ့၊ မနောက်မိစေနဲ့"

"အေးပါကွာ၊ ငါတို့ သဘောပေါက်ပါတယ်"

"နောက်မှ အခြေအနေအရ လိုအပ်လာရင် မင်းတို့ကို
ငါအားကိုးစရာရှိတာပါ"

"ကောင်းတယ် . . ကောင်းတယ်၊ ဒီတစ်ခေါက်က လေ့
နေပေါ့၊ နောက်တစ်ခေါက်ဆိုရင် မမလေးကို မောင်ကခိုး
အတွက် ဘယ်လမ်းကို ဘယ်ကားနဲ့ခိုးပြီး ဘယ်နေရာ ဘယ်
သတို့ ခေါ်သွားမယ်ဆိုတာပေါ့ကွာ"

ပွင့်လင်းသော သတိုးသူငယ်ချင်းများနှင့် အတူတကွ
သွားနေထိုင်ရခြင်းကို ခင်စံကားပျော်ရွှင်မိလေသည်။

ငယ်သူငယ်ချင်းများနှင့် တွေ့ဆုံသွားလာနေရသကဲ့သို့
ခံစားလိုက်ရလေသည်။

သို့သော် ထိုအကြောင်းအရာဟူသမျှတို့သည် တခဏ
ပါ။

မိမိ၏အသုံးချမှုအတွက် တခဏတာပဲဖြစ်သည်။

နောက် သူတို့အားလုံး မိမိအား မုန်းသွားကြပေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။

ခင်စံကားရင်ထဲ နာကျင်မှုဝေဒနာကြောင့် ထမင်း
ကောင်းကောင်းမစားနိုင်။

"မိစံ . . စားလေ၊ ဘာဖြစ်လို့လဲ ဟင်းမကြိုက်ဖူးလား

သတိုးက သူ့ပန်းကန်ထဲသို့ ဂျိသားဟင်းများထည့်
ရင်း စိုးရိမ်မကင်းလေသံနှင့် မေးလိုက်သည်။

ခင်စံကား သတိုးအားကြည့်လိုက်သည်။

သတိုးမျက်ဝန်းသည် ချစ်ခင်ကြင်နာခြင်းတွေနှင့် ပြ
လျှံလျက် . . .

"ကောင်းပါတယ်မောင် ရင်ခံနေလို့ပါ"

ဖော်ဖော်က ဆူးအား မျက်စပြစ်ပြသည်။ ဆူးက မ
စောင်းထိုးသည်။

ကျန်သူငယ်ချင်းသုံးယောက်က မသိချင်ဟန်ဆောင်
ကြသည်။ သို့သော် . . အားလုံးစားသောက်ပြီးချိန်တွင် . .

"ကိုင်း မိစံနဲ့မောင်ရေ၊ ထတော့ လသာဆောင်မှာ အ
ပွဲပြင်ခိုင်းထားတယ်၊ ညှော်လည်းရှင်းတဲ့အတွက် မောင်ကစီ
တီးပြီး မိစံကသီချင်းဆိုပြ"

"ဟေး . . ဟုတ်တယ်"

ခင်စံကားမျက်နှာမထားတတ်တော့၊ ထိုအခါ သတိုး
အလိုက်တသိဖြင့် ခင်စံကား၏လက်ကိုဆွဲကာ ထူပေးလိုက်
သည်။

ခင်စံကား သူတို့နှင့်အဝေးဆုံးကို ပြေးထွက်သွားယ





င်သည်။

အကြွအစည်ဟူသမျှတို့ကို ဖျက်သိမ်းလိုက်ချင်ပါပြီ။
သို့သော် . . .

'စ'မိလျှင် တစ်ဝက်တစ်ပျက်နှင့် မထားတတ်ပဲ ပြီးဆုံး
သည့်တိုင်အောင် လုပ်တတ်သောအကျင့်သည် ခင်စံကား၏
ည် ဖြစ်သည်။

နောက်မဆုတ်ဘူးဟု ဆုံးဖြတ်လိုက်သည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

"တောင်ဖွင့်ပွဲဆိုတော့ လူကကျပ်တယ်ကွ"

"ညအိပ်လို့တော့ ဖြစ်မှာမဟုတ်ဘူးထင်တယ်"

"ဒီလိုဆိုရင်လည်း ဘုရားဖူးပြီး ပြန်ဆင်းတာပေါ့။ ကျိုက်ထိုဟိုတယ် တည်းလို့ရရင် တည်းမယ်ကွာ"

ခင်စံကားက ဖက်တီးအားကြည့်လိုက်သည်။ သူ... ခြောက်ယောက်စလုံး ချမ်းသာသောမိသားစုမှ ပေါက်ဖွားကြ...





များဖြစ်၍ ငွေ၏တန်ဖိုးကို သိပ်သိကြပုံမပေါ်။ တည်းခိုခဲ့သမျှကို လှည့်လာကြည့်သောအခါ အကောင်းဆုံးဟူသော ဟိုတယ်များကိုသာ ရွေးချယ်တည်းခိုခဲ့လေသည်။

မိမိအား သတိုးက ပိုက်ဆံတစ်ပြားမှ ထုတ်ခွင့်မပေးချေ။ မိမိ,မိသားစုအတွက် လက်ဆောင်ပစ္စည်းများဝယ်လျှင်တောင်မှ သူကအနားမှ ပိုက်ဆံကို ဒိုင်ခံထုတ်ပေးလေသည်။

ခင်စံကား ဘယ်လိုမှ ငြင်းပယ်၍မရခဲ့၊ မိမိဒေသသို့ ရောက်လျှင် မိမိဒိုင်ခံပြုစုရန် ဆုံးဖြတ်ထားသည်။ အဖေနှင့်အမေ ကတော့ မိမိသဘောဖြစ်သည်။ သဘောလည်းကောင်းကြသူများဖြစ်သည်။

ကံကောင်းထောက်မစွာဖြင့် ကျိုက်ထိုဟိုတယ်၌ တည်းခိုရန် လိုချင်သော အိပ်ခန်းများကို ရလိုက်သဖြင့် ကျိုက်ထီးရိုး၌ တစ်ညအိပ်ဖြစ်ရန် သေချာသွားလေသည်။

တောင်ဖွင့်ပွဲကိုတော့ မမီလိုက်ချေ။ သို့သော် ဘုရားဖူးများနှင့် စည်ကားနေလေသည်။

"ရောက်တုန်းရောက်ခိုက်မှာ ဂုဏ်တော်ကိုးပါး သက်စေ့သွားစိပ်လိုက်ဦးမှ"

ပိုက်ပိုက်က စတင်လိုက်သည်။ ခင်စံကားနှင့် ဆူးကသည်း. . .

"ငါတို့လည်း စိပ်မယ်"

"ဟိုကောင်တွေကော"

"အိပ်နေရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သွားနှိုးဟာ၊ ဘယ့်နဲ့ မအိပ်ဖူးတာကြနေတာပဲ၊ ခက်ရာခက်ဆစ် တောင်ပေါ်လမ်းကို ကားမောင်းတက်ခဲ့ရပြီး ဘုရားရင်ပြင်တော်ပေါ်မှာမနေပဲ အိပ်နေရတယ်လို့"

ပိုက်ပိုက်က ပြောလိုက်သည်။

ညစာစားပြီးဖြစ်သဖြင့် ဗိုက်လေးကား အိပ်ပျော်နေကြသလား။

ခင်စံကားနှင့်ဆူးက သူတို့တံခါးအား ခေါက်လိုက်သည်။

သတိုးက အိပ်ချင်မူးတူးနှင့် တံခါးလာဖွင့်ပေးသည်။

"ထကြလေ၊ ဘုရားရှိခိုးကြမယ်"

"ရှိခိုးပြီးပြီလေ"

"ထပ်ရှိခိုးရမယ်၊ သူများတို့ ပုတီးသွားစိပ်မယ်၊ ဆီမီးအမွှေးတိုင် သွားပူဇော်မလို့"

"ဒါဖြင့် လိုက်ခဲ့မယ်၊ ဗိုကောင်တွေကို နှိုးလိုက်ဦးမယ်"

ဘယ်လိုနှိုးနှိုး ဖက်တီးနှင့်တော်မီက လိုက်မလာတော့ပေ။ တော်မီက ဘာသာကွဲဖြစ်၍ ထားလိုက်သည်။ ဖက်တီးကချက်ချင်းပြန်အိပ်ပျော်သွားရာ. . .

"ထားလိုက်ပါတော့ကွာ"

ဇော်ဇော်က တံခါးပိတ်ကာ အခန်းသော့ယူခဲ့လေသည်။

သူတို့ငါးဦးသား ရင်ပြင်တော်ဘက်သို့ လျှောက်ခဲ့သည်။ ကျိုက်ထီးယိုတယ်နှင့် ရင်ပြင်တော်သည် အနည်းငယ်လှမ်းသည်။

"တရားကျဖို့ကောင်းတယ်နော်"





"ဘာလဲ ပိုက်ပိုက်၊ သီလရှင်ဝတ်တော့မှာလား"

"စိတ်ကူးမရှိပါဘူး၊ သတိုးနဲ့ဇော်ဇော်ကိုပြောတာ"

"ဘာဖြစ်လို့လဲ"

"အရင်ကဆိုရင် သူတို့က မင်းသား၊ အိပ်ရင်အရင်. . အရင်နောက်၊ အပင်ပန်းလုံးဝမခံတဲ့သူတွေ ခုကြည့်စမ်း သူတို့စွည်းတွေကို စိတ်မချတော့ ငေါက်ခနဲထ၊ ကောက်ခနဲလိုက်ခဲ့ကြတာ၊ အဟင်း. . အဟင်း. ."

"ခွေးပိုက်နော်. . နင်ဝင့်လည်မယ်"

ဆူးက မျက်စောင်းထိုးပြီး ပြောလိုက်လေသည်။ ပိုက်ပိုက်က မခံပဲ. . .

"လည်စမ်းပါစေ၊ ဒီဝင့်မျိုးလည်လို့ကတော့ ဆယ်ခါမကခံရဲတယ်"

"ဒီလိုဆိုရင် ဖက်တီးကိုကြိုက်ဖို့ စဉ်းစားလိုက်ပါလား"

"တော်စမ်းပါ. . . သူ့ကိုမြင်မြင်နေရတာနဲ့ ဝက်သားအောင်းကောင်း မစားတော့တာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ဝက်သားစားခါနီး သူ့မျက်နှာပေါ်ပေါ်လာလို့"

"မစားရက်. . မသောက်ရက် သူ့အသားဖွဲ့စားရသလိုခံမြင်မိတာ ထင်တယ်၊ ဖက်တီးတော့ ပွတာပဲ. . စကားထဲကအတိပြလာပြီ. . . ဒီကောင့်ကို ပြေးနှိုးပြောဦးမှ"

"ဇော်ဇော်နော် ပေါက်ကရလျှောက်မပြောနဲ့၊ ငါ့ဖက်တီး



www.burmeseclassic.com

www.burmeseclassic.com



ကို မကြိုက်ဖူး၊ ငါ့မှာ မိဘတွေသဘောတူထားတာ ရှိပြီးသား”

ပိုက်ပိုက်မျက်နှာ လေးနက်သွားသည်။ အပြောင်အပျက် အမူအရာမျိုးမရှိတော့။

အားလုံးငြိမ်သက်သွားကြသည်။ လရောင်အောက်ဝယ် လမ်းလျှောက်ရသော အေးချမ်းသည့်အရသာသည် လျှပ်စစ်မီးရောင်များ လင်းထိန်ပြီး မီးစက်သံများညံနေသော ရင်ပြင်ပေါ် ရောက်သည်နှင့် ပျောက်ကွယ်သွားသည်။

“ဒါဖြင့် နင်က မိဘသဘောတူတဲ့သူကိုပဲ ယူမှာပေါ့”

“ဒါပေါ့. . ငါက တစ်ဦးတည်းသော သမီးမဟုတ်လား၊ မိဘတွေစိတ်ဆင်းရဲအောင် ဘယ်လုပ်ရက်ပါ့မလား၊ ဖက်တီးကိုလည်း ဝေဒနာမပေးချင်လို့ အစကတည်းက ယတိပြတ်ငြင်းပြီးသားပဲ”

“ဖက်တီးမှာ ဘာအပြစ်ရှိလို့လဲ”

“အပြစ်တော့ မရှိပါဘူး၊ သူက ပရိုဖို(စ်)လုပ်တာ နောက်ကျသွားခဲ့တာကိုး၊ အဲဒီအချိန်မှာ မားမားတို့က လူကြီးချင်းစကားပြောပြီးသွားကြပြီ”

“သေဟဲ့ နန္ဒိယ၊ ဒီကောင်ကိုက ဘာလုပ်လုပ် နောက်ကျတာကိုး”

ခင်စံကားတွေးမိလိုက်သည်။ လူတိုင်း၌ ပြဿနာရပ်လေးတွေ ကိုယ်စီနှင့်ပါလားဟု။

ဘုရားကို လှမ်းဖူးတွေ့လိုက်သည်နှင့် ရင်တွင်း၌ရှိနေခဲ့သော သောကနှင့် မငြိမ်းချမ်းသော အပူဟူသမျှတို့သည် ပျောက်





ကွယ်သွားပြီး ကြည်ညိုသဒ္ဒါစိတ်ဖြင့် ငြိမ်းအေးခြင်းကို ရရှိလိုက်ရလေသည်။

သတိုးနှင့်သူသည် ဖယောင်းတိုင်များကို အတူတကွ ထွန်းညှိပူဇော်ကြသည်။ အမွှေးတိုင် အတူတူထွန်းသည်။ ရွှေသင်္ကန်းကို သတိုးက ကိုယ်တိုင်သွားကပ်လှူသည်။

သူ ပုတီးစိပ်တော့လည်း အနား၌လိုက်ထိုင်ကာ အာနာပါနရှုမှတ်နေလေသည်။

ခင်စံကားရင်ထဲ ငြိမ်းချမ်းမှုနှင့်အတူ အမှန်တကယ်ပင် ကြည်နူးနေမိလေသည်။ နောက်ကြောင်းကို မတွေးစတမ်း၊ ရှေ့ကိုမကြည့်စတမ်းသာဆိုလျှင် အဘယ်မျှကောင်းလိမ့်မည်နည်းဟု။

ဇော်ဇော်နှင့်ဆူးတို့အတွဲမှာလည်း တကယ်ကို တစ်ပူးတွဲတွဲနှင့်။

“ဖက်တီးနဲ့ ပိုက်ပိုက်အတွက် ပြန်ရောက်ရင် ကြိုးစားကြည့်ရအောင်နော် ချစ်ဆူး”

“ကောင်းတယ်ဇော်၊ ဆူး ပိုက်ပိုက်အမေဆီဝင်ပြီး ပိုက်ပိုက်ခံစားနေရတာ နည်းနည်းကို ပုံကြီးချဲ့ပစ်လိုက်မယ်”

“ဟုတ်တယ်၊ ပိုက်ပိုက်နဲ့ သဘောတူထားတဲ့လူကို ဇော်သွားတွေ့မယ်၊ နှလုံးသားမပါတဲ့ အိမ်ထောင်ရေး ခင်ဗျား မတည်ဆောက်ချင်ပါနဲ့ဘာနဲ့ အဆင်းဘီးတပ်ပေးရမယ်”

“တော်မီတို့နဲ့တိုင်ပင်ပြီး ကူညီကြတာပေါ့”

အရွယ်ရောက်လာကြသည်နှင့် အချစ်ရေးပြဿနာ



www.burmeseclassic.com

www.burmeseclassic.com




သည့် စတင်လာကြသည်။

ဒါလည်း သဘာဝနိယာမတစ်ခုပါပဲဟု ခင်စံကား သဘောပေါက်မိသည်။ သို့သော် လူငယ်များ၏ နှလုံးသားရေးရာကိစ္စကို လူကြီးများက နားလည်သဘောပေါက် လိုက်လျောပေးမည်ဆိုပါက. . . ခင်စံကား သက်ပြင်းချလိုက်မိလေသည်။



BURMESE CLASSIC





# အခန်း (၁၆)

မော်လမြိုင်သို့ နီးလာလေလေ ခင်စံကားအားလုံးကို မျက်နှာအညိုမခံပဲ လိုအင်ဆန္ဒဟူသမျှကို လိုက်လျောပေးလေသည်။

အလူး၌ ဒူးရင်းသီးများဝယ်စားကြလေသည်။

ကျိုက်ကော်ဒူးရင်းသီးကိုလည်း အလွတ်မပေးကြ။

ဒူးရင်းခြံမှာမွေးခဲ့သူ တစ်ယောက်လုံးပါနေသဖြင့် ဒူးရင်း



www.burmeseclassic.com

www.burmeseclassic.com



သီးအကောင်းစားများကို ရွေးချယ်စားသုံးနိုင်ခဲ့သည်။

"ရေပေါ်ပဲ့မလား၊ ငါတို့တစ်ကိုယ်လုံးတော့ ပူနေပြီ"

"စိတ်ချပါ၊ မပေါ်မှာမပူပါနဲ့ ကန်ကော တွင်းတွေကော ရှိတယ်၊ ရေစုပ်စက်နဲ့စုပ်ယူပြီး မီးသတ်ပိုက်နဲ့ လောင်းချိုးဖေ လို့ရတယ်"

ခင်စံကားက ရဲရဲဝံ့ဝံ့ အာမခံလေသည်။ သတိုးက သွက်လက်ဖျတ်လတ်နေသော ခင်စံကားကိုကြည့်ပြီး ရင်ခုန်လာသည်။ ခင်စံကား၏ မိသားစုသည် သူ၏မိသားစုအဖြစ်နှင့် ရင်းနှီးကြည့်ရမည်။ သူ့အပေါ်၌ လိုလားကြပါ့မလား။

ခင်စံကားဘက်ကတော့ ရိုးသားစွာဖြင့် သူ့အပေါ်၌ ချစ်ခင်နိုင်မည်မှာ သေချာသည်။

သူ့ဘက်ကသာ။

သတိုးစိတ်မကောင်းပါ။

"မောင်"

"အင်"

"မျက်နှာမကောင်းပါလား၊ နေမကောင်းဘူးလားဟင်"

တော်မီက ကားမောင်းပြီး ဖက်တီးက ဘေးမှထိုင်သည်။ သတိုးနှင့်ခင်စံကားက နောက်ခန်း၌ထိုင်သည်။

ဇော်ဇော် ဆူးနှင့်ပိုက်ပိုက်ကတစ်စီး စီးကြသည်။ ကျိုက်ကော်မှအတွက် ကားပေါ်ရောက်ရောက်ခြင်း ခင်စံကားက သတိုး၏ငြိမ်သက်မှုကို သတိပြုမိကာ မေးလိုက်သည်။

"မဟုတ်ပါဘူး၊ နည်းနည်းနုံးနေလို့ပါ"





"ဒါဖြင့် မိစံကိုမှီပြီး အိပ်လိုက်ပါလားမောင်"

"ရပါတယ် မိစံ"

ထိုင်ခုံကိုသာ နောက်သို့ လှန်ချလိုက်သည်။

"အိပ်ကြ. . အိပ်ကြ၊ ညကတစ်ညလုံး မအိပ်ကြပဲနဲ့ ရင်ခွင်တော်မှာနေကြတာ၊ ဟာ. . ခုမှ သတိရတယ်၊ ဇော်ဇော်လည်း အိပ်ချင်မှာပဲ၊ ဖက်တီး နင်ဇော်ဇော့်ကား သွားမောင်းလိုက်ပါလား"

"အေး. . ဟုတ်တယ်၊ အချက်ပြလိုက်"

နောက်မှကားကို အချက်ပြပြီး ရပ်လိုက်သည်။

ဇော်ဇော်က ကားကို သူတို့ကားနား ကပ်ရပ်လိုက်သည်။

"ဘာဖြစ်လို့လဲကွ"

"မင်း. . အိပ်ချင်အိပ်ရအောင် ငါလာ မောင်းပေးမလို့ မတွေ့ဘူးလား သတိုးတို့အတွဲတော့ အိပ်မက်ထဲမှာ မင်္ဂလာအခမ်းအနား ကျင်းပနေကြပြီ"

သတိုးက အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

ခင်စံကားက ပြတင်းပေါက်မှ ခေါင်းပြူကာ. . .

"ဖက်တီးနော်၊ ဟုတ်လည်းမဟုတ်ပဲနဲ့"

"ဘာလို့ မဟုတ်ရမှာလဲ၊ နောက်တော့ ဟုတ်မှာပေါ့"

"လာကွာ"

ဖက်တီးအား နေရာဖယ်ပေးလိုက်သည်။ ဇော်ဇော်ရှေ့ခန်းက ဆင်းတော့ သူပါအလိုအလျောက် ဆင်းပြီးဖြစ်ရာပိုက်ပိုက်က မနေသာပဲ. . .

www.burmeseclassic.com



"အင်း. . ဒုက္ခ. . ဒုက္ခ၊ သမီးရည်းစားကြား မနေနဲ့ဆိုတာ ဒါပဲ၊ ငါ အခုမှ နတ်ဘုံပျောက်တော့မယ်"

"ခွေးနေရာ မရတာပါဟာ"

တော်မီက ဝင်နှောက်လိုက်သည်။

"အဲဒါ နင်မှ နင်အစစ်"

ဖက်တီးက သူ့ဘေးတွင် ပိုက်ပိုက် ဝင်ထိုင်လိုက်သောအခါ ကျေနပ်သောမျက်နှာဖြင့် ပြုံးဖြီးဖြီးကြီးဖြစ်သွားလေသည်။

ပိုက်ပိုက်က မျက်စောင်းထိုးလေသည်။

တော်မီက ဟက်ဟက်ပက်ပက်ရယ်ကာ. . .

"ဖက်တီးတော့ မှူးရသွားပြီဟေ့၊ သွားမယ်. . လိုက်ခဲ့တော့"

သတိုးတို့ကားက ထုံးစံအတိုင်း အရင်ထွက်လိုက်သည်။

သတိုးသည် မျက်လုံးဖွင့်မကြည့်ပဲ အကုန်ကြားနေသည်။

ခင်စံကားက သတိုးအား စိုးရိမ်မကင်းသော မျက်ဝန်းဖြင့် ငုံ့စောင်းကြည့်လိုက်ပြီး. . .

"မောင် ကိုယ်ပူနေသလား စမ်းကြည့်မယ်နော်"

သတိုးက ဘာမှမဖြစ်။ ခင်စံကား၏ ယုယမှုကို ခံလိုသဖြင့် ငြိမ်သက်နေခြင်းဖြစ်သည်။

ခင်စံကားက နူးညံ့သော လက်ကလေးဖြင့် သူ့နဖူးပေါ်သို့ စမ်းသပ်လိုက်သောအခါ ကျေနပ်စွာဖြင့် ခင်စံကားလက်ကလေးကို ဆုပ်ကိုင်ထားပြီး မျက်လုံးဖွင့်ကာ. . .





"မောင် ဘာမှမဖြစ်ပါဘူး၊ မိစံနဲ့ မကြာခင်ခွဲရတော့မယ့်အချိန်အတွက် ကြိုပြီးစိတ်မကောင်းဖြစ်နေတာ"

"မောင်တို့ နေနိုင်သလောက် နေလို့ရပါတယ်၊ မိစံတို့အိမ်က စပါးဆိုလည်း ကျီနဲ့လှောင်ထားတာ၊ ဆီဆိုလည်း စဉ့်အိုးကြီးတွေနဲ့အပြည့်၊ တစ်သက်လုံးတောင် ကျွေးထားနိုင်သေးတယ် သိလား"

"တကယ်လား မမေတို့ သဘောမတူဘူးဆိုရင် မောင်က မိစံအိမ်မှာ လိုက်နေပြီး ဥယျာဉ်ပဲ စိုက်စားတော့မှာ"

"မောင့်အတွက် စက်ရုံတစ်ခုတည်ပေးမှာပေါ့"

"မိစံရယ် အလကားပြောတာပါ၊ မောင့်မိဘတွေ မိစံကိုလက်ခံနိုင်အောင် မောင်ကြိုးစားမှာပေါ့"

"မမကြီးကိုပဲ လက်ခံနိုင်အောင် အရင်ကြိုးစားပါဦးလားမောင်"

သတိုး သက်ပြင်းချလိုက်သည်။

ခင်စံကားက သတိုး၏ မျက်နှာညှိုးနွမ်းမှုကိုကြည့်ကာစိတ်မကောင်းစွာဖြင့်. . .

"အနာဂတ်ကို မတွေးဘဲ ပျော်ပျော်နေပါမောင်၊ မိစံမောင့်ဘက်က ကျေနပ်မှုကို မျှော်လင့်နေမှာပါ"

"ကျေးဇူးတင်ပါတယ် မိစံ၊ မောင်ကြိုးစားမှာပါ"

"မတတ်သာတဲ့အဆုံး မောင့်ဘက်က သဘောမတူဘူးဆိုရင် မိစံဆီသာ ပြေးလာခဲ့ပေါ့ မောင်ရယ်"

သတိုး ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားတစ်ဦးဖြစ်တဲ့မောင်ဟာ အိမ်ထောင်တ[illegible]ကို တည်ဆောက်တော့မယ်ဆိုတာနဲ့ မောင်ကပဲ ဦးဆောင်[illegible]တယ်၊ မောင်ဟာ ကိုကိုသူရိန်ရဲ့ညီပဲ၊ ကိုကိုသူရိန်လို မိန်းမဘ[illegible]က အကူအညီမယူဘဲ အိမ်ထောင်တစ်ခုကို တည်ထောင်ပြ[illegible]မှာပါ"

ခင်စံကားက သက်ပြင်းချလိုက်လေသည်။ စိတ်တွ[illegible]ကျေနပ်စွာ ပြုံးမိလေသည်။ ခင်နှင်းဆီညီမကတော့ ခင်နှ[illegible]လို မဟုတ်ဘူးဆိုတာ ရှင်မကြာခင် သိမှာပါ။

ခင်စံကား၏ ရင်တွင်းကြုံးဝါးသံကို သတိုးသာ ကြ[illegible]ပါလျှင်. . . သို့သော်. . .

"မောင်ရယ် ကျောင်းပြီးအောင်တော့ သည်းခံကြ[illegible]ပေါ့"

"ဖော်ဖော်တို့နဲ့ တိုင်ပင်ပြီး မောင်ဆောင်ရွက်မ[illegible]မေမေ့ အနေနဲ့က မိစံတို့မိသားစုရဲ့ စိတ်ဓါတ်ကို သိရှိဖို့လို[illegible]တယ်"

"နောက်တော့လည်း နားလည်လာမှာပေါ့ မောင်ရ[illegible]"

ခင်စံကားက စကားကို ရှေ့မတိုးတော့ပဲ နောက်ဆု[illegible]ကာ ဖြေသိမ့်မှု ပေးလိုက်သည်။

"ကိုင်း. . အိပ်တော့ မောင်၊ ညကလည်း အိပ်ပျက်[illegible]တာ"

"မိစံကော အိပ်လေ"

"ဟင့်အင်း ခရီးသွားရင် မအိပ်တတ်ဘူးမောင်၊ [illegible]





[illegible]လောက် အိပ်ပျက်ပျက်"

"ဟင့်အင်းကွာ၊ မောင်နဲ့အတူ အိပ်ရမယ်"

သတိုးက ခုန်ကို အသာလှဲချရင်း ပြောလိုက်သည်။ ခင်စံကားက ရှက်စနိုးပြုံးကာ ရှေ့မှ တော်မီကို မျက်စပစ်ပြပြီး. .

"တော်တော်အချွဲတတ်နေ၊ တော်မီ ကြားသွားဦးမယ်"

"တော်မီက သီချင်းနားထောင်နေရရင် တလောကလုံး [illegible]မေ့ပဲ၊ ဒီကောင် စီးရီးထုတ်ချင်နေတယ်၊ ဒီကပြန်သွားရင် အဲဒီ [illegible]စွကို အကောင်အထည်ဖေါ်ပေးရမှာ"

"ဖြစ်မှာပါ တော်မီက အသံကောင်းတယ်"

ပုဂံ၏ညချမ်းများ၌ တော်မီက ဒိုင်ခံဂီတာတီးကာ သီ[illegible]ချင်းဆိုတတ်သည်ကို ခင်စံကားက လွမ်းဆွတ်အောင်းမေ့ကာ [illegible]ပြောလိုက်လေသည်။

"မောင့်အသံကော"

"ကောင်းတာပေါ့ မောင့်ကိုကြတော့ နားနဲ့နားထောင် [illegible]တာမဟုတ်ဘူး၊ နှလုံးသားနဲ့ နားဆင်ကြည့်တော့ ရင်မှာထိတယ် [illegible]သိလား"

"မိစံရယ် ချစ်စကားသိပ်တတ်တယ်၊ မောင့်ကို ရူးသွပ် [illegible]သွားအောင် မင်းလှည့်စားနေတာ မဟုတ်ပါဘူးနော်"

"မောင်ရယ် မိစံပြောရမယ့် စကားပါနော်"

ခင်စံကားရင်ထဲ လှုပ်ရှားသွားသည်။ မိမိ၏ စိတ်ထားကို [illegible]သတိုးများ ရိပ်မိ၍ပြောဆိုနေခြင်းလားဟု. . .

သတိုးကတော့ ရှင်းသန့်နေသည်။ မချစ်ဖူးသဖြင့် အ



www.burmeseclassic.com


ချစ်ဦးသူ့အား ရှုရှုမှုမှုပင် ချစ်ခင်စွဲလမ်းနေပုံ ပေါက်လေသည်

'စိတ်တော့မကောင်းပါဘူးမောင်၊ ဒါပေမယ့် ဒီနည်း မသုံးရင် အခြားနည်းကို ရုတ်တရက်ရှာမတွေ့လို့ပါ'ဟု ခင်း ကားကစိတ်တွင်း၌ တောင်းပန်လိုက်လေသည်။

ကားက သထုံ၊ မုတ္တမ၊ အဝေးပြေးလမ်းမကြီးအပေါ် ဦးတည်ပြေးလွှားလျက် ရှိသည်။







# အခန်း (၁၅)

"ဟယ် နင်တို့ခြံက ပျော်စရာကြီးပဲဟယ်"

"ဒါတောင် အိမ်ခြံပဲ ရှိသေးတာ၊ ဥယျာဉ်ခြံဘက်ကို ရောက်သေးလို့၊ အမေ. . . သူများ သူငယ်ချင်းတွေလေ"

"ဟုတ်လား၊ ဟဲ့. . ဟဲ့. . ရွှေမိတို့ ရွှေစာတို့ လာကြပါဦး ဟဲ့. . ပစ္စည်းတွေ ဝိုင်းကူချပါ၊ ခင်မြာများ ပင်ပန်းလာကြမှာ"

နှစ်ထပ်တိုက်ကြီးက ခန့်ခန့်ထည်ထည်ပင်၊ အောက်

www.burmeseclassic.com



ထပ်၌ အုန်းသီးများ၊ ဒူးရင်းသီးခြင်းများ၊ ကြက်မောက်သီး၊ မင်းဂွတ်သီး၊ ကွမ်းရွက်များ၊ ကွမ်းသီးများ၊ အုန်းတံမြက်စည်းများ အုန်းဆံကြိုးများ၊ ရာဘာအစိမ်းချပ်များ၊ သူနေရာနှင့်သူ ပုံထားပြီး ပြည့်နှက်နေသည်။ ကတ္တားချိန်သည့်နေရာ၌ လူက အလုပ်များနေသည်။

"ဟော့ . . အငယ်မ၊ တစ်ခါတည်း အိမ်ပေါ်ခေါ်သွားလေကွယ်၊ ခင်မြာများ အနံ့အသက်တွေ မခံနိုင်ပဲနေမယ်"

ကြောင်အိမ်လှေကားသဖွယ် ကွေ့ဝိုက်ဆောက်ထားသော ကျွန်းလှေကားကြီးက ခန့်ညားသည်နှင့်အမျှ လှေကားများမှာ မှန်သဖွယ် ကိုယ့်အရိပ်ကို ကိုယ်ကြည့်လို့ ရလေသည်။

"လိုင်ကာ တင်ထားတာလား စံကား"

ဆောက်လုပ်ရေးလုပ်ငန်းတွင် ဖခင်နှင့်အတူ တွဲ၍တာဝန်ယူနေသော ဇော်ဇော်က စိတ်ဝင်စားစွာမေးလိုက်သည်။

"မဟုတ်ဘူး၊ အုန်းခွံနဲ့ တိုက်တယ်၊ ရေဝတ်နဲ့ပဲတိုက်တယ်"

"အို . . ဒါကြောင့် ခြေရာမကွက်တာကိုး၊ ကောင်းတယ် ကောင်းတယ်"

"ဟုတ်တယ်၊ ရေကွက်မှာလည်း မပူရဘူးလေ"

အပေါ်ထပ်ရောက်သောအခါ၌ ဧည့်ခန်းကျယ်ကျယ်ကို လှမ်းတွေ့လိုက်ရသည်။ ခေါင်းရင်းဘက်၌ အိပ်ခန်းသုံးခန်း၊ ခြေရင်းဘက်၌ အိပ်ခန်းသုံးခန်း ဖွဲ့စည်းထားသည်။

"ခေါင်းရင်းဘက် အရှေ့ဆုံးအခန်းက ဘုရားခန်း၊ ပြီး





တော့ အမေနဲ့ အဖေ၊ ဒီဘက်က မမကြီး၊ အခုမရှိတော့ ဒီအ
းထားတယ်၊ ခြေရင်းဘက်က သူများတို့ ညီအစ်မတွေ တစ်
ခါလေ ဧည့်သည်လာတော့ ပေါင်းအိပ်ပြီး ဧည့်သည်တွေကို
ရာပေးကြရတယ်၊ ခု သူတို့တွေအားလုံး နေရာကြကုန်ကြ
တော့ သူများတစ်ယောက်ထဲ မောင်ပိုင်စီးထားတာ"

အပေါ်ထပ်၌ ရေချိုးခန်း နှစ်ခန်း၊ အိမ်သာနှစ်လုံး ရှိ
သသည်။

ကိုယ်ပိုင်မီးစက်ကြီးနှင့် နေနိုင်သော ခင်စံကားတို့ကို
အားလုံးက အံ့အားသင့်နေသည်။ ကနုတ်ခြူးပန်းခြူးနွယ်နှင့်
ဆက်တီခုံကြီးများတွင် ဆိုဖာများ တင်မထားချေ။

"အဖေလေ တင်ပါးပူတယ်တဲ့ မြန်မာပြည်ရာသီဥတုက
ဟာ ဆက်တီမလိုပါဘူးဆိုပြီး သူ့စိတ်တိုင်းကြ အပ်ထားတာ၊
ဆောင်းတို့ မိုးတို့အေးရင်တော့ ထိုင်လို့ရအောင် ဂွမ်းကပ်ဖုံးလေး
ချုပ်ထားပေးပြီး အစွပ်နဲ့ ထားပေးရတယ်"

"တော်တော် စည်းကမ်းရှိတာပဲ"

ကိုယ်ပိုင်မီးစက်ကြောင့် ထိန်ထိန်ညီးနေသော အိမ်ကြီး
ကြည့်ပြီး သတိုးက မိခင်ကိုသတိရလိုက်သည်။

"မေမေ့ချွေးမ တောသူမရဲ့အိမ်ကို လာကြည့်ပါဦး၊ အ
အစိုင်းတွေ၊ မေမေတို့ အသိုင်းအဝိုင်းထဲ ဘယ်လိုလုပ်ဝင်
မှာလဲဆို"

အိမ်ဖော် အလုပ်သမားလား၊ ဘာလားမသိသော မိန်းက
နှစ်ယောက်တက်လာပြီး အိပ်ခန်းများကို ပြင်ဆင်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

ခင်စံကားက သွက်လက်စွာ ညွှန်ကြားပေးလေသည်။

"ကျဉ်းကျဉ်းကြုတ်ကြုတ် မဖြစ်စေနဲ့နော်၊ နှစ်ယောက်ခါ အိပ်နိုင်အောင် ပြင်ဆင်ပေးပြီးရင် ရေချိုးပြီး ထမင်းစားကြမယ် အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ မမကြီး စီစဉ်နေပါတယ်"

"အေးအေး ရေကောတင်ထားတယ်နော်"

"တင်ထားပါတယ် အပြည့်ပဲ"

"ပြီးရော အမေ့ကို သွားကူတော့ လိုအပ်မှခေါ်မယ်"

"ဟုတ်"

အပေါ်ထပ်တစ်ထပ်လုံးကို ခြင်လုံဆန်ခါတပ်ထားလေသည်။ သစ်ပင်များ အုံ့ဆိုင်းနေမှု၊ အုပ်မိုးနေမှုကြောင့် ပူအိုက်ခြင်းမရှိပဲ အေးစိမ့်စိမ့်နှင့် နေ၍ပင် ကောင်းနေသည်။

"တယ်ဟုတ်ပါလား၊ အဲကွန်းမလိုဘူးကွ၊ ရေချိုးရမှာတောင် ခပ်လန့်လန့်ပဲ"

ဆူးကပြောလိုက်သည်။

"ချိုးလိုက်ပါ လန်းသွားတာပေါ့၊ ဘာမှမဖြစ်ဘူး တွင်းရေပဲ၊ ပြီးရင် ထမင်းပူ ဟင်းပူလေးနဲ့ ဟော့ပေါ့(ပ်)သောက်လိုက်ရင် အချမ်းပြေသွားမှာပါ"

အိမ်၌ ဟော့ပေါ့(ပ်)အိုးကို မီးသွေးထည့်ကာ အဆင်သင့်အနေအထားမျိုး လုပ်ပေးထားသည်။ သူတို့ ရေချိုးနေစဉ် မိန်းကလေးသုံးလေးဦးသည် ဟင်းလျာများကို ဇွန်းနှင့်ထည့်ယူ





လာပြီး ဆယ်ယောက်စားနိုင်သော ကျွန်းစားပွဲဝိုင်းတွင် ပြင်ဆင်လေသည်။

ရေချိုးခန်းနှစ်ခန်းရှိလေသဖြင့် ချက်ချင်းပင် ရေချိုးပြီး စီးချိန်၌ စားသောက်ရန် အဆင်သင့်ပြင်ပြီးသား ဖြစ်နေသည်။

ဟော့ပေါ့(ပ်)အိုးအား အိမ်လုပ်မီးသွေးဖိုကို စားပွဲအလယ်၏ သစ်သားပြား၊ မီးခံကျောက်ပြားခံ၍ တင်ထားပေးသည်။

"စားပွဲကို ဖောက်ရမှာ နှမြောလို့လေ၊ ဒါပေမယ့် အခုသုံးထပ်သား စားပွဲတစ်လုံးကို ဖောက်ပြီး လုပ်ခိုင်းရမယ်၊ သားတွေ သမီးတွေ မြေးတွေလာရင် လုပ်ကျွေးနိုင်အောင်လေ၊ လာ သားတို့သမီးတို့ ထိုင်ကြ အားပါးတရသာစားကြ၊ ဟင်းသီးဟင်းရွက်တွေတော့ အကုန်လတ်လတ်ဆတ်ဆတ်ကြီးပဲ၊ သားငါးကတော့ မြင်သားကြားသားမစားတော့ ရေခဲသေတ္တာထွက်ပေါ့"

ခင်စံကား၏မိခင် ဒေါ်အေးရင်က ဖော်ရွေစွာပြောလိုက်လေသည်။

"အန်တီတို့ကော စားပြီပြီလား"

"တို့များက ညနေခြောက်နာရီဆို စားနေကြ၊ လူကြီးတွေဆိုတော့ သိပ်ညဥ့်နက်ရင် အစာမကြေမှာစိုးတယ်လေ စိတ်တိုင်းကျသာ စားကြ"

"အမေနဲ့ မိတ်ဆက်ပေးရဦးမယ်"

ခင်စံကားက. . .

"အမေက ဒိုက်ဦး၊ ပဲခူးသူလေ၊ အီးကိုနဲ့ ဘွဲ့ရပြီး တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ကျတဲ့ ဒီကစာရင်းရုံးကိုရောက်လာတယ်၊ ဒီမှာပဲ အဖေနဲ့တွေ့တော့ ဝန်ထမ်းအလုပ်ကထွက်ပြီး အဖေ့ရဲ့ပင်ဆိုင်စာရင်းစစ်ဖြစ်သွားတော့တာပဲ၊ အဖေက စိုက်ပျိုးရေးဘွဲ့ရပဲ၊ ဘိုးဘွားမိဘရဲ့ လုပ်ငန်းကို ဦးစီးလုပ်ကိုင်တယ်၊ အမေ ဒါ ရန်ကုန်ရောက်မှ သိကျွမ်းရပေမယ့် မီးတိုငယ်ပေါင်းကြီးဖေါ်လို ချစ်ခင်စောင့်ရှောက်ပေးကြတဲ့ သူငယ်ချင်းတွေပဲ"

သတိုးသည် ချစ်သူ၏ သွက်လက်ချက်ချာမှု စကားပြောဆိုပုံ လိမ္မာပါးနပ်မှုကို ကြည့်ကာ စိတ်ထဲ၌ကျိတ်၍ ကျေနပ်နေမိသည်။

"သူက သတိုး၊ ကိုကိုကြီးရဲ့ညီ၊ သူကဇော်ဇော်၊ သူကတော်မီ၊ သူက ရဲဝင်းခေါ် ဖက်တီး၊ သူကဆူး၊ သူက ပိုက်ပိုက်တဲ့"

"တွေ့ရတာ တို့များ အရမ်းဝမ်းသာတယ်ကွယ်၊ လွတ်လွတ်လပ်လပ်သာ နေကြ၊ ကျိုက္ခမီဘုရားပွဲအရောက်အထိ နေသွားကြပါကွယ်၊ ရောက်တုန်းရောက်ခိုက်လေး"

"ကျိုက္ခမီဘုရားပွဲက ဘယ်နေ့လဲအန်တီ"

"သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့လေ"

"လေးရက်တောင် လိုသေးတာပဲ"

"တစ်ပတ် ဆယ်ရက်လောက်တော့ နေသွားပါကွယ်"

"ငါတို့ကတော့ နေနိုင်တယ်ဟေ့. . ၊ အိမ်ကို ဖုန်းလှမ်းဆက်လိုက်မယ်"

ပိုက်ပိုက်ကပြောသည်။

ဖက်တီးက အားကျမခံ. . .





"ငါတို့က ပိုတောင်နေနိုင်သေး"

"ကဲပါ နောက်နေ့လောက်ကို အိမ်ကို ဖုန်းတင်ကြမယ်၊ နေသွားကြပါ. . . မပျင်းစေရဘူး တာဝန်ယူတယ်၊ ဘားအံကို သွားလို့ရပြီဆိုတော့ သာမညကို တစ်ရက်သွားဖူးမယ်၊ စက်စဲ ညအိပ်လို့ရအောင်လည်း ဘန်ဂလိုတစ်ခု လှမ်းစီစဉ်ပေးမယ် နော်"

ဆူးက. . .

"စိတ်ချပါ စံကားရယ်၊ နင်လိုက်မပို့ပေးလည်း ငါတို့က အိမ်နဲ့ ဒီခြံနဲ့တင် ပျော်နေပါပြီ"

ခင်စံကားရင်ထဲ ချမ်းမြေ့သွားသည်။ သတိုးကို လှမ်းကြည့်လိုက်သည်။

သတိုးက အေးမြသော အပြုံးလေးကို ပြုံးပြဖြစ်လေသည်။ နှစ်သိမ့်ပြုံးလေး. . .

သူကတော့. . . 'မပြန်ချင်တဲ့အထဲက ရှေ့ဆုံးကလူပါ' ဟူသော အဓိပ္ပါယ်ပါသော မျက်ဝန်းဖြင့် လှမ်းကြည့်လိုက်လေသည်။

"ဟော. . အဖေကြီးတောင်လာပြီ၊ လာပါဦး ကလေးတွေနဲ့ မိတ်ဆက်ပေးရဦးမယ်"

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် လူချောကြီးသည် ခင်စံကား၏ ဖခင်တဲ့၊ ဒါကြောင့် ခင်စံကားတို့ ညီအစ်များသည် မြင်သူငေးရလောက်အောင် ချောမောလှပကြခြင်း ဖြစ်သည်ဟု သတိုးက သဘောပေါက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တွေးမွေးသော ထမင်းနှင့် ဟင်းလျာများကို ကြည့်ခြင်းအားဖြင့် စေတနာနှင့် ကြွယ်ဝမှုကို ပေါင်းစပ်ထားကြောင်း အထဲခတ်မိလေသည်။

"စားကြကွယ်၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး စားကြ၊ အားနာစရာ မလိုဘူးကွယ်၊ အန်ကယ်လ်တို့က ဧည့်သည်လာမှ ပျော်တတ်တဲ့ မိသားစု"

"စိတ်ချပါ အန်ကယ်(လ်) ကျွန်တော်တို့ကလည်း ဧည့်သည်လုပ်မှတော့ မရှက်တတ်တော့ပါဘူး"

"မရှက်ပါနဲ့လေကွယ် ဧည့်သည်မဟုတ်ဘူး၊ အိမ်သည်ပဲပေါ့ မဟုတ်ဘူးလား"

"ဟုတ်တယ်နော် သတိုး အိမ်သည်တဲ့"

တော်မီက သတိုးခြေထောက်ကို ခုန်အောက်မှ မသိမသာလှမ်းကန်ပြီး ပြောလိုက်သည်။


သတိုးက ပြုံးကာ ခင်စံကားအား လှမ်းကြည့်လိုက်သည်။ ခင်စံကားက အကြည့်နှင့် . အကြည့်ခြင်းဆုံသွားသည်။

သတိုး၏ အဓိပ္ပါယ်ပါသော အကြည့်ကြောင့် ခင်စံကားရင်ထဲ တုန်ခါသွားကာ မျက်လွှာချလိုက်သည်။

သတိုးက တိတ်တခိုး သက်ပြင်းချလိုက်မိလေသည်။







# အခန်း (၁၈)

"ဟဲလို"

"မေမေလား၊ သားငယ်ပါ"

"သားငယ် ဘယ်ကဆက်နေတာလဲ ပြန်မလာသေးဘူးလား"

"မလာသေးဘူးမေမေ၊ ပုဂံကနေ ကျိုက်ထီးရိုးမှုမော်လမြိုင် ရောက်နေတယ်၊ ကျိုက္ခမီဘုရားပွဲပြီးမှ ပြန်လာခဲ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက် လေးငါးရက်"

"မော်လမြိုင် လာပြန်ပြီလား တစ်ယောက်"

သတိုးရင်ထဲ လှုပ်ရှားသွားသည်။ မလှမ်းမကမ်းတွင် စကားပြောနေကြသော ခင်စံကားအား လှမ်းကြည့်လိုက်သည်။

ခင်စံကား မသိဟန်ဆောင်ကာ သူငယ်ချင်းများနှင့် စကားပြောနေလေသည်။ အမှန်တကယ်တော့ ခင်စံကားသည် သတိုးပြောသောစကားများကို မကြားရသော်လည်း မသိမသာ အကဲခတ်နေသည်။ သတိုးမျက်နှာပုံရိပ်ကို ထောက်ရှု၍ သတိုး မိခင်၏စကားကို ခန့်မှန်းနိုင်သည်။

"ဘာဖြစ်လို့လဲ မေမေ"

"မေမေ စိတ်နာလွန်းလို့ပါကွယ်"

"မေမေကလည်း တစ်ယူသန်ကိုး. . . ကဲပါမေမေ မေမေ စိတ်ပူနေမှာစိုးလို့ ဖုန်းဆက်တာ၊ နောက် ငါးရက်ခြောက် ရက်လောက်မှ ပြန်လာမယ်နော်"

"ဘယ်မှာတည်းကြသလဲ၊ ပိုက်ဆံကော လောက်ကြရဲ့ လား"

"လောက်ပါတယ် ဒါပဲနော်မေမေ"

"နေဦး သားငယ် ပြန်လာရင် ဆူးနဲ့ စေ့စပ်ဖို့ ဒီနေ့ပဲ ရက်ကောင်း ရတ်မြတ်ရွေးကြတော့မှာ"

"ဟာ. . မလုပ်နဲ့မေမေ၊ ဆူးကောသားကော သဘော မတူကြဘူး။ သားတို့ချင်းက သူငယ်ချင်းလို ညီအစ်ကို မောင်နှမ လိုထက် ပိုမချစ်နိုင်ဘူး"





"သားငယ် သူငယ်ချင်းချစ်ကနေ အိမ်ထောင်သည်ဘဝ ပြောင်းသွားတာ ပိုတောင် သံယောဇဉ်ကြီး ခိုင်မာပါသေးတယ်"

"မေမေ သားတို့ရဲ့ တစ်သက်တာအရေးကို သားတို့ ကိုယ်ပိုင်ဆုံးဖြတ်တာ အကောင်းဆုံးပါပဲ"

"မိဘစကားနားထောင်လို့ ဆင်းရဲဒုက္ခရောက်ရတယ်ဆို တဲ့ သာဓကမျိုး သားတွေ့ဖူးခဲ့လား"

"ကိုကိုတို့ ဆင်းရဲဒုက္ခမရောက်ကြပါဘူး မေမေ"

"သားငယ်. . မင်း. . မင်း"

"ကန်တော့မေမေ၊ ကန်တော့. . သားစကားကြောင့် မေမေ စိတ်ထိခိုက်သွားတယ်ဆိုရင် သားလည်းစိတ်ထိခိုက်ရပါ တယ် ဒါပဲနော် မေမေ၊ သားကိုခွင့်လွှတ်ပါ"

သူငယ်ချင်းများက မျက်စိမျက်နှာပျက်နေသော သတိုး အား. .

"ဘယ်လိုလဲကွ"

"အရေးတော်ပုံတော့ စလာပြီ၊ ဆူးနဲ့ငါ့ကို စေ့စပ်ဖို့ ရက် ရွေးနေကြပြီ"

"အိုး ဘယ်ရမလဲ ငါအခုပဲပြောမယ် ဒါ နင့်အမေဘက် အတစ်ဖက်သတ် နားသွင်းတာပဲဖြစ်မယ်သိလား သတိုး၊ မေမေ က ငါ့သဘောမပါပဲ မစီစဉ်ဘူးလို့ ပြောပြီးသား"

ဆူးက ဖုန်းပြောနေလေသည်။

မျက်မှောင်ချီလိုက်၊ တွန့်လိုက်နှင့် အခြေအတင်ပြော ဆိုနေပုံရသည်။ အတန်ကြာတော့ သုန်သုန်မှုန်မှုန်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်နှင့်သတိုးက စိုးရိမ်ပူပန်မှုဖြင့် သံပြိုင်. . .

"ဘာတဲ့လဲ"

"ဟုတ်တယ်၊ လပြည့်ကျော်ငါးရက်နေ့မှာ စေ့စပ်မယ်တဲ့၊ အဲဒါဖြစ်နိုင်ရင် အခုပြန်လာခဲ့တဲ့"

"နင်ဘာပြောလိုက်သလဲ"

"ဘာပြောရမှာလဲ သမီးမှာ ချစ်သူရှိတယ်၊ သတိုးနဲ့ လက်မထပ်နိုင်ဘူးလို့ ပြောလိုက်တာပေါ့"

ခင်စံကားက ဆူး၏ပြတ်သားမှုကို သဘောကျသွားလေသည်။ သတိုးကတော့ ထိုသို့ ပြောပုံမရချေ။

"အန်တီက ဘာပြန်ပြောသလဲ"

"ဘယ်သူနဲ့လဲတဲ့"

ဇော်ဇော်က ချစ်သူဆူးအား အသက်ပင်ဝဝမရှူဝံ့ပဲ ငေးကြည့်နေလေသည်။

"ဇော်နဲ့လို့ ပြောလိုက်တယ်လေ၊ မေမေက အရမ်းအံ့အားသင့်သွားတယ်"

"ဘာဆက်ပြောသေးသလဲ"

"ဒီလိုဆိုရင်လည်း မာမီနဲ့ အေးအေးဆေးဆေး တိုင်ပင်ကြတာပေါ့၊ သတိုးမေမေကို မျက်နှာဘယ်လိုပြရမလဲလို့ ငါတို့အပျော့လေးနဲ့ သိမ်းသွင်းဖို့ ကြံနေပြီလို့ ငါထင်တယ်"

"ဘာပဲဖြစ်ဖြစ် လပြည့်ကျော်နှစ်ရက်နေ့ ငါတို့ပြန်ကြမယ်၊ အရာရာကို ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားပဲ ရင်ဆိုင်ကြမယ် လူကြီးတွေက နောက်မဆုတ်ဘူးဆိုရင် ငါတို့ကလည်းရှေ့တိုး





သိတ်ရုံပဲပေါ့ကွာ"

ဇော်ဇော်က ပြတ်သားစွာပြောလေသည်။

ခင်စံကားက တစ်ခွန်းမှ ဝင်မပြောဘဲ သတိုးကိုသာ အကဲခတ်နေသည်။ သတိုးက ငြိမ်သက်နေသော ခင်စံကားကို သူမ်းကြည့်ကာ. . .

"မိစံက ဘာဖြစ်ချင်သလဲ"

"တစ်ခုတော့ စဉ်းစားမိတယ်၊ သတိုးမပြန်ပဲနေခဲ့လေ၊ ဆူးတစ်ယောက်ထဲနဲ့ စေ့စပ်ပွဲလုပ်လို့ရမှာ မဟုတ်ဘူး၊ ပွဲပျက်ပြီးဆိုတော့မှ သတိုးပြန်ချင်ပြန်၊ ပွဲပျက်မခံနိုင်ဘူးဆိုရင် သတိုးနေရာမှာ ဇော်ဇော်ကဝင်ပြီး စေ့စပ်လိုက်ပေါ့၊ အဲဒါက ဆူးရဲ့ ကြိုးမင်းချက်ပေါ့ မူတည်တာပေါ့"

"ဟုတ်တယ်၊ ဒီအကြံကောင်းတယ်"

"သတိုး တစ်ယောက်ထဲနေခဲ့ရင် မကောင်းတတ်ဖူး၊ ဒါကြောင့် ဖက်တီးပါ နေခဲ့ပေးလိုက်"

တော်မီအကြံပေးသည်။ ခင်စံကားရင်ထဲ လှုပ်ရှားလာသည်။ မိမိမျှော်မှန်းထားသော အချိန်ကာလထက် စောစီးစွာ ဆိုက်ရောက်တော့မှာလားဟူသော စိတ်အာရုံနှင့်အတူ ကျေနပ်မှုကြောင့် ရင်ခုန်တုန်လှုပ်လျက်ရှိသည်။

"အေး ဒီအကြံတွေ မဆိုးဘူး"

"ဒါပေမယ့် စံကား မိဘတွေက လူခွဲပြန်သွားရင် ရိပ်မိနေမလား"

"ရိပ်မိစရာ မလိုပါဘူးကွာ၊ ကိစ္စရှိတဲ့လူက ပြန်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့လူက နေခဲ့တယ်ပေါ့ကွာ မဟုတ်ဘူးလား"

သတိုးနှင့် ခင်စံကားက သူငယ်ချင်းများ တစ်ယော တစ်ပေါက်ပြောဆိုမှုကို ကြည့်နေပြီးမှ. . .

"စကား မိဘတွေကိုတော့ မပူပါနဲ့၊ ခေတ်မီပြီး သူမ အတွင်းရေးလည်း မစပ်စုတတ်ပါဘူး၊ ဖော်ဖော်နဲ့ဆူး အခက် ခဲတွေ့လို့ ခိုးပြေးမယ်လို့ ဆုံးဖြတ်ရင်တော့ ဒီကိုပဲခိုးလာခဲ့ နှစ်ယောက်ထဲ နေချင်တယ်ဆိုရင်တောင် ရာဘာခြံမှာ တစ်ထ တိုက်လေး တစ်လုံးရှိသေးတယ်"

"ဟုတ်လား. . ."


"ကဲ. . ကဲ. . လာ ဈေးထဲဝင်ပြီးရင် ခြံထဲသွားကြမ ခြံထဲက စားသောက်ဖို့ စီစဉ်ထားတယ်"

"အားနာစရာ သိပ်ကောင်းနေပြီထင်တယ် သူငယ်ခ သစ်လေးရယ်"

တော်မီက ခင်စံကားအား နောက်လိုက်သည်။ သူ တစ်အုပ်လုံး စကားကိုရောက်တတ်ရာရာသာ ပြောနေကြသည် ရင်ထဲမှာတော့ အတွေးကိုယ်စီနှင့် ဖြစ်သည်။







# အခန်း (၁၉)

"မီးငယ် အိပ်ပြီလား"

ခင်စံကားထိတ်ခနဲဖြစ်သွားသည်။ မိခင် မိမိအခန်းထဲသို့ ဝင်ရောက်လာခြင်းသည် အကြောင်းရင်းတစ်ခုတော့ ရှိပေလိမ့်မည်။

"မအိပ်သေးပါဘူး မေမေ"

မိခင်ဝင်လာပြီး ခင်စံကား၏ ခုတင်ပေါ်တွင် ဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ခင်စံကားက ဒိုင်ယာရီစာအုပ်ကိုပိတ်ကာ ကုလားထိုင်၌ တစောင်းအနေအထား ပြင်ထိုင်၍ မိခင်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

"ဘာဖြစ်လို့ ကွန်ပျူတာသင်တန်း မတက်တာလဲ"

"တက်ပြီးရင် အမြဲတန်းအသုံးချနေမှရတဲ့ ပညာမျိုးဆို တော့ ဒီဒေသမှာလည်း အကြိုးမဝင်ဘူးထင်လို့ပါ"

"မမကြီးမရှိလို့ မနေချင်လို့ ပြန်လာတာလား"

"ဒါကလည်း တစ်ကြောင်းပေါ့အမေရယ်"

မမကြီးအမည်ပါလာသည်နှင့် ခင်စံကား စိတ်လှုပ်ရှား လာသည်။ ရှေ့လျှောက် မုသားစကားတွေပြောရမည်ကို အ တတ်သိနေသည်။

"မမကြီးက သူ့ယောက္ခမတွေနဲ့ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

ဖွတ်မှိတ်ကာ လိမ်လည်လိုက်သည်။

"ဟုတ်ရဲ့လားသမီးငယ်၊ သမီးငယ်ကပါ အမေတို့ စိတ် ချမ်းသာမှုအတွက် လိမ်ညာဖို့ ကြိုးစားနေပြန်ပြီလား"

ခင်စံကားသည် ပါးပြင်ပေါ်မှ သနပ်ခါးများကို ကုတ်ခြစ် လိုက်သည်။

"မမကြီးယောက္ခမတွေက သမီးအပေါ် ဖော်ရွေရဲ့လား"

"ဖော်ရွေပါတယ် အမေ"

"ဒေါ်သက်ထားက အမေလို ပိန်ပိန်ပါးပါးပဲလား"





"ဘယ်ကဟုတ်ရမှာလဲ အမေရယ်၊သူဌေးဆိုတော့ ဘာ အလုပ်စရာကိုင်စရာမလိုပဲ အဆီရစ်ပြီး ဝပြီးစည်ပိုင်းရှိတ် ဖြစ်နေ တာပေါ့"

မိခင်က ခင်စံကားအား ကြေကွဲသောအသွင်ဖြင့် မျက် တောင်မခတ်တမ်း ငေးကြည့်နေလေသည်။

"ဟင်" ခင်စံကားမလုံမလဲဖြစ်သွားသည်။ သွေးခုန်နှုန်း သည် သာမန်ထက်ပိုမြန်ဆန်လာသည်။ မိမိ၏ လိမ်ညာမှုကို မိခင်ရိပ်မိသွားပြီလား။

"သမီးငယ်ကပါ အမေကို လိမ်ညာဖို့ ကြိုးစားနေပြန်ပြီ နော်"

"မီး ဘာလိမ်ညာလို့လဲ အမေ"

"မီးကြီးကလည်း အမေနဲ့အဖေ စိတ်မကောင်းမှာစိုးလို့ ယောက္ခမတွေက ကြည်ဖြူပါတယ်၊ အတူနေပါတယ်လို့ ဟန် ဆောင်ခဲ့တယ်၊ ဒီကိစ္စကို တိတိကျကျသိချင်လို့ မီးငယ်ကို ကွန် ပျူတာသွားတက်ပါလားဆိုပြီး တမင်လွှတ်လိုက်တာ၊ မီးငယ်က ပါ ထပ်ညာတယ်"

ခင်စံကားခေါင်းမဖော်ဝံ့တော့ပဲ ခေါင်းငုံ့ချလိုက်သည်။

"ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက ဖိုးအေးရန်ကုန်သွားလို့ အမေတို့ မီးကြီးတို့အိမ်သားတွေအတွက် လက်ဆောင်ပစ္စည်း တွေနဲ့ သူရိန်တို့အိမ်လိပ်စာအတိုင်း လွှတ်လိုက်တယ်၊ အဲဒီအိမ် ကသူရိန်လည်းဒီအိမ်မှာ မနေဘူး ခင်နှင်းဆီလည်းမရှိဘူး ပြော လွှတ်လိုက်လို့ ဖိုးအေးဒေါကန်ပြီး ပြန်ခဲ့ရတယ်၊ အမေတို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ပြီး မီးငယ်ကို သူရိန်ရဲ့အလုပ်ရုံလိပ်စာနဲ့ တမင် လွှတ်တာ၊ မီးငယ်ဟာ အမှန်တရားကို ပြောပြလိမ့်မယ်လို့ ထင်ခဲ့ တယ်၊ ညှော့သည်တွေကြားမှာဆိုတော့ အမေ မမေးဖြစ်ခဲ့ဘူး မီးငယ် ဘာတွေရှုပ်ပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာ အမေ့ကို ပြောပြဦး"

ခင်စံကားသည် မိခင်အား မဝံ့မရဲမော့ကြည့်လိုက် သည်။

"ဟုတ်ပါတယ် အမေ၊ အမေတို့ စိတ်ဆင်းရဲမှာစိုးလို့ မီးမပြောတာပါ။ မမကြီးကို ကိုကိုကြီးတို့ဘက်က အသိအမှတ် မပြုကြလို့ ကိုကိုကြီးက သီးခြားတိုက်ခန်းဝယ်ပြီးထားပါတယ်"

"သဘောမတူရတဲ့ အကြောင်းရင်းကကော"

"အဲဒါတော့ မသိဘူးအမေ၊ တောသူမ အနုပ်စုတ်ကုပ် စုပ်ဆိုပြီး အထင်သေးလို့လား"

"ဒါအဓိက ဟုတ်မယ်မထင်ပါဘူး"

"အမေက ဒေါ်သက်ထားကို မြင်ဘူးလို့လား"

"မမြင်ဘူးပါဘူး ဒါပေမယ့် မီးငယ်အလစ်မှာ မောင် သတိုးကို မင်းအမေကတော့ ဝမှာပေါ့လို့ မေးမိတယ်၊ အဲဒီအခါ သတိုးက မဝပါဘူး အန်တီလိုပဲ အဆီအသားအပိုအလိုမရှိ ခ သွယ်သွယ်ပဲလို့ ပြောတယ်၊ မီးငယ်ကိုမေးတော့ မီးငယ်လိမ်ညာ မှုက ဘွားခနဲပေါ်လာတာပေါ့"

"မီးလည်း မကျေနပ်ဘူးအမေရာ၊ မီးငယ်တို့က နွဲ့ဝဲ လို့လား၊ ဆင်းရဲလို့ဆိုရင်လည်း ငွေမျက်နှာကြည့်တတ်လို့ ...





...လို့ဆိုပြီး ထားလိုက်ပါတော့၊ ခုဟာက သက်သက်အပြစ်မရှိ ... အပြစ်ရှာနေတာ"

"မီးကြီးကကော သူ့ယောက္ခမတွေကို သွားမကန်တော့ ...လား"

"ကန်တော့ပါတယ်၊ လုံးဝဆင်းမလာကြဘူးတဲ့"

"ဒါတွေ ဘယ်သူပြောပြတာလဲ"

"မမကြီးရဲ့ ဒိုင်ယာရီမှာတွေ့တာ"

"ဩော်"

မိခင်ဒေါ်အေးရင်သည် စိတ်ဓါတ်ခိုင်မာသောသူဖြစ် ...သဖြင့်အလျောက် ဝမ်းနည်းကြေကွဲမှုတို့ကို စိတ်တွင်း၌ပင် ထား ...ပုံရသည်။ မျက်ရည်ကျခြင်းအလျဉ်းမရှိချေ။

"မီငယ်နဲ့ မောင်သတိုးရဲ့ အခြေအနေကကော"

ခင်စံကားက...

"စိတ်ချပါအမေ၊ မီး ဒီလောက်မိုက်မဲပါဘူး၊ ကိုယ့်အ ...မကြည်ဖြူတဲ့ အသိုင်းအဝိုင်းထဲကို ဘယ်တော့မှ အောက် ...ခံပြီးမဝင်ပါဘူး"

"ဒါပေမယ့် မောင်သတိုးရဲ့ မျက်ဝန်းတွေက မီးငယ်ကို ...တ်နိုးတဲ့ အရိပ်အယောင်တွေ ပေါ်နေတယ်"

"ဒါကတော့ သူ့ဒုက္ခသူရှာတာပဲ၊ မီးလည်း မတတ်နိုင် ...ဘူး"

"ကဲကဲ၊ မီးငယ်တို့ မနက်ဖြန် ကျိုက္ခမီဘုရားပွဲသွားမယ် ...ဟုတ်လား၊ အိပ်တော့. . ညှော့သည်တွေ ပြန်သွားမှ အမေတို့



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ကြတာပေါ့”

မိခင်ထွက်သွားတော့မှ ခင်စံကား အသက်ရှူချောင်သွားလေသည်။

ရုတ်တရက် ခင်စံကားအိပ်မပျော်ချေ။


သတိုးနှင့်ပတ်သက်၍ မိမိသည် အပြတ်သားဆုံးဖြစ်ရမည်။ သတိုး၏မိဘများကို အပြတ်သားဆုံးသော မျက်ဝန်းနှင့် ရင်ဆိုင်ကာ မေးခွန်းထုတ်ရပေမည်။

သတိုးကတော့. . .

သူကယောက်ျားပဲ၊ သူ့အသည်းက မိမိတို့အသည်းထက် အပြန်တစ်ရာမက မာကြောနိုင်သည်ပဲ။







# အခန်း (၂၀)

ကျိုက္ကမိဘုရားပွဲ၌ မြိမ့်မြိမ့်သဲလူစည်ကားမှုကြောင့် လူချင်းကွဲမှာစိုးသဖြင့် နှစ်ယောက်တစ်တွဲ လက်ချိတ်တော့ သတိုးက ခင်စံကားကို မလွှတ်တန်း ဆွဲထားသည်။ ဇော်ဇော်ကတော့ ဆူးပခုံးကို သိုင်းဖက်ထားသည်။ ပိုက်ပိုက်ကတော့ ဖက်တီးနှင့် သော်မီကတစ်ဖက်ဆီဆွဲကာ ခြံရံထားသည်။

ပိုက်ပိုက် လုပ်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ခက်နေပြီ၊ ကိုယ်တော်ချောကနှစ်ယောက် ကိုယ်တစ်ယောက်နဲ့"

"ခွေးကောင်. . ပစ်ထားခဲ့လိုက်ရ"

ဖက်တီးကပြောသည်။

ပိုက်ပိုက်က အားကျမခံ. . .

"ပစ်ထားရက်ရင် ပစ်ထားလေ၊ တော်မီက နင့်လို စိတ်ထားမမှန်တဲ့လူမျိုးမဟုတ်ဘူး၊ သူ့သူငယ်ချင်းကို ဘယ်ပစ်ထားမလဲ"

"အေးအေး မြှောက်ပေးသူငယ်ချင်းမရေ၊ မြှောက်သာပေး"ဟု တော်မီက ရယ်မောရင်းပြောလိုက်သည်။

သူတို့ခုနစ်ယောက်သည် ယခုမှတက်ညီလက်ညီ စိတ်တူကိုယ်တူဖြင့် ဘုရားဖူးပြီးသည်နှင့် ရဟာတ်စီးကြသည်။ လက်ဖွဲ့ပွဲလည်း ဝင်ကြည့်သည်။ မျက်လှည့်ပွဲလည်းအလွတ်မပေး။ ကစားပွဲပေါင်းစုံလည်း ဝင်ပြိုင်ကြသည်။

"ဘယ်နဲ့လဲ မြို့ကြီးသားမောင် ပျော်ရဲ့လားဟင်"

"ပျော်တာပေါ့၊ ချစ်သူအနားမှာရှိရင် ဘယ်နေရာသွားသွား ဘာပဲလုပ်လုပ်၊ မြင်မြင်သမျှ တွေ့တွေ့သမျှဟာတွေဟာ ကြည်နူးပျော်ရွှင်စရာတွေချည်းပဲလို့ မောင်ထင်တယ်"

ခင်စံကား၏ ပခုံးလေးကိုဖျစ်ညှစ်ပြီး သတိုးကပြောလိုက်သည်။

ခင်စံကား တုန်လှုပ်သွားသည်။ ဒီကြားထဲ မော်လမြိုင်တက္ကသိုလ်မှ အတန်းတူသူငယ်ချင်းများရော၊ အထက်တန်း





ကျောင်းမှ သူငယ်ချင်းများပါ တွေ့ကြသည်။ တက္ကသိုလ် အလှဘုရင်မတစ်ယောက် တစ်ရွာသားကို ရည်းစားလုပ်နေပါလားဟု ပြောကြပေတော့မည်။

ခင်စံကား သတိုးအားငဲ့စောင်းကြည့်လိုက်သည်။

ကျိုက္ခမီ၌ ညမအိပ်ပဲ စက်စဲ၌အိပ်ရန် စက်စဲသို့လာခဲ့ကြသည်။ ညဘက်အိပ်ရာမဝင်ခင် သောင်ပြင်၌ ထိုင်နေကြသည်။ သတိုးကသူ့အား မြတ်နိုးခြင်းနှင့်အတူ ငေးကြည့်နေသည်ကို ဤတွေ့လိုက်ရသောအခါ ခင်စံကားရင်ထဲ လှုပ်ခတ်သွားသည်။

သတိုးရင်ခွင်၌ မျက်နှာအပ်လိုက်သည်။ လရောင်အောက်၌ ငွေလှိုင်းဖြူတို့သည် ဝင်းခနဲလက်ခနဲ ကမ်းခြေဆီသို့ အပြေးကလေးချီတက်လာလျက်. . .။

"ချစ်တယ် မိစံရယ်"

စက်စဲကမ်းခြေ၏ ညအလှကို ထိုင်ကြည့်ရင်း ချစ်တေးသီနေကြသော ချစ်သူစုံတွဲများကြားဝယ် သတိုးနှင့်သူ ဇော်ဇော်နှင့်ဆူးတို့ ပါဝင်လေသည်။

သတိုးက သူ့အား မချင့်မရဲဖျစ်ညစ်ကာ ဖက်လိုက်သောအခါ ခင်စံကားရင်ထဲ တဆတ်ဆတ်တုန်ခါသွားသည်။ တုန်လှုပ်ချောက်ချားခြင်းနှင့်အတူ သတိုးရင်ခွင်မှ ဆတ်ခနဲ ရုန်းထွက်လိုက်သည်။

"ဟင်. . . မိစံ ဘာဖြစ်လို့လဲ"

"ဘန်ဂလိုပြန်ရအောင် မောင်"

"နေပါဦးကွယ်၊ မောင် မိစံကို စကားတွေအများကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တယ်"

"မပြောပါနဲ့မောင် မောင့်စကားတွေကို မိစံရင်ထဲက အလိုလိုကြားပြီးသားပါ ပြန်ရအောင်မောင်ရယ်"

သတိုးသက်ပြင်းချလိုက်သည်။ သဲသောင်ပြင်ပေါ်မှ ဖုတ်ဖက်ခါထလိုက်သည်။

ဇော်ဇော်တို့အတွဲကို လှမ်းကြည့်လိုက်တော့ ဇော်ဇော် ရင်ခွင်ကို ဆူးကမ္မီထိုင်ကာ လရောင်ကိုသောက်သုံး ပျော်မြူး နေသောလှိုင်းခေါင်းဖြူတို့၏ လှုပ်ရှားမှုကို ငေးကြည့်ရင်း ငြိမ် သက်နေကြသည်။ သူတို့၏ ဆုံးဖြတ်ချက်က ပီပြင်သည်။ မိဘ များထံခွင့်ပန်မည်။ မိဘများသဘောမတူလျှင် ထွက်ပြေးကာ လက်ထပ်ကြတော့မည်။ အနာဂတ်အတွက် တိုင်ပင်နေကြ သည်။ မိမိတို့ကတော့ ဘာမှမရေရာ။ သတိုး ခင်စံကားအား လှမ်းကြည့်လိုက်သည်။

ခင်စံကားက သူ့အားကြည့်မနေပဲ သဲသောင်ပြင်တစ် လျှောက်တွင်ရှိနေသော မီးပုံပွဲကျင်းပသူအဖွဲ့များ၊ ပါဆယ်ဂိန်း ကစားနေသော အဖွဲ့များ၊ သီးချင်းဆိုနေသောအဖွဲ့များ၊ နောက် ချစ်တင်းနှောနေကြသော ချစ်သူစုံတွဲများ၊ သူတို့အားလုံးသည် အနှောင်အဖွဲ့မရှိ လွတ်လပ်ပျော်ရွှင် နေကြသည်။

မိမိကတော့ အနှောင်အဖွဲ့နှင့်၊ ထိုအနှောင်အဖွဲ့ကို မိမိ ဘာသာ မိမိပြုလုပ်ဖန်တီးယူထားသော အငြိုးအတေး၊ အာឃာ တပဟူသော အနှောင်အဖွဲ့သာ ဖြစ်သည်။

ထိုအနှောင်အဖွဲ့ကြောင့် ခင်စံကားရင်၌ လိပ်ခဲတင်





သင်းဖြစ်ကာ ဘယ်အခါမှ တိတိကျကျပျော်ရွှင်မှုကို မခံစားရပဲ ချောက်လှန့်နေတတ်သည်။

"မိစံ ပြန်မယ်ဆို"

"ဇော်ဇော်တို့ကော"

သတိုးကသက်ပြင်းချလိုက်သည်။

"နေပါစေ၊ သူတို့ရဲ့ ချစ်ကမ္ဘာလေးပျက်စီးသွားမှာပဲ၊ မောင်တို့မရှိမှန်း သူတို့ပြန်ချင်တဲ့အချိန်ရောက်မှ သိပါစေ"

ခင်စံကားက သတိုး၏မျက်နှာချောချောကလေးကို လှမ်းကြည့်လိုက်မိသည်။ သတိုးမျက်နှာပြင်၌ ကြည်သာပျော် ရွှင်ရိပ်တို့ ပျောက်ဆုံးနေသည်။

"မောင် နေချင်နေခဲ့လေ"

"ဘယ်လိုပြောလိုက်တာလဲမိစံ"

"မောင်နေချင်နေခဲ့လို့"

"အဲဒီစကားကို မိစံပြောသင့်သလား"

"ဘာဖြစ်လို့လဲမောင်"

"ဒီအချိန်မျိုးမှာ ချစ်သူကအနားမှာရှိနေရက်နဲ့ မောင် ဘာအထီးကျန်စွာတစ်ယောက်ထဲ နေသင့်သလားလို့"

"ဆောရီးပဲမောင်၊ သူများကလေ မောင်နဲ့ခွဲခွါခြင်းအ ခေါ်မှာ ခံနိုင်ရည်ရှိနေအောင် ကြိုးစားထားတာပါ"

"မောင်နဲ့ ခွဲခွါခြင်း"

ခင်စံကားသည် ဘန်ကလိုဘက်သို့ ခြေလှမ်းဦးတည် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်နဲ့ခွဲခွါခြင်းပဲ၊ မောင့်မိဘတွေက သူ များနဲ့ မောင့်ကို သဘောတူလိမ့်မယ်လို့များ မောင်က မျှော်လင့် နေလို့လား"

"မျှော်လင့်တယ်"

"သူများတော့ မမျှော်လင့်ဘူး"

"မောင်ကြိုးစားမယ် မောင်ကမိစံကလွဲရင် ဘယ်သူ့ မယူနိုင်ဘူး၊ ဆူးနဲ့ဇော် လက်ထပ်သွားရင် မောင်တို့ကိစ္စ အလည် အလျောက်ပြေလည်သွားပြီးဖြစ်မှာပါ"

"ဟင့်အင်း သူများလိုချင်တာက မောင့်မိဘတွေ ကိုယ် တိုင်လိုလိုလားလားနဲ့ သူများကို လာရောက်တောင်းရမ်း လက် ထပ်ရဲတာမျိုး"

"ဖြစ်စေရမှာပေါ့ မိစံရယ်"

သတိုးသည် ခင်စံကားဘေးမှ ယှဉ်တွဲလျှောက်လာရင်း သူ့ရင်ထဲ၌ လိပ်ခဲတင်းတင်းဖြစ်နေသည်။

"ဆူးနဲ့ဇော်လို စွန့်စားမှုမျိုးကြုံရမယ်ဆိုရင်ကော၊ မိစံ ဟာဆူးလို သတ္တိရှိမှာလား"

"အဲဒါသတ္တိလားမောင်၊ မိဘသဘောမတူလို့ ခိုးပြေး လိုက်ပြေးတာဟာ သတ္တိရှိတာလား"

"ချစ်သူတွေအတွက်တော့ သတ္တိပေါ့၊ ချစ်ခြင်းရဲ့ သစ္စာ တရားပဲ၊ မိဘတွေကို ပုန်ကန်တာတော့မဟုတ်ဘူးပေါ့၊ နဒီလည်း မှုလွဲမှားစဉ်ကာလမှာ ချစ်သူအပေါ် သစ္စာရှိရှိ လက်တွဲခြင်း ဒါကို မိုက်မဲတယ်လို့ မိစံက ဆိုချင်တာလား"





"ဘာပဲဖြစ်ဖြစ် မိဘသဘောတူအောင်ကြိုးစားပြီး ချစ် သူက နှစ်ဦးနှစ်ဘက်မိဘတွေ ခြံရံပြီး လက်ထပ်ယူတာကမှ တ ကယ့်ကို ချစ်ခြင်းသစ္စာလို့ မိစံထင်တယ်၊ ယူဆတယ်မောင်၊ မောင် သူများကိုချစ်ရင် မောင့်မိဘတွေ သူများမိဘထံမှာ လာ ရောက်တောင်းရမ်း လက်ထပ်ယူခိုင်းရမှာပဲ၊ သူများကတော့ မမ ကြီးတို့လို ခပ်ပျော့ပျော့မိန်းမ မဟုတ်ဘူးနော်"

"မိစံ"

သတိုးသည် ခင်စံကားအား နားမလည်နိုင်သော အ ကြည့်ဖြင့် ကြည့်လိုက်သည်။

"ဘာလဲမောင် သူများပြောတာ မှားနေလို့လား"

ခင်စံကား၏မျက်ဝန်းများသည် မာကြောနေသည်။ အစိမ်းရောင် တောက်ပနေသည်ဟုသူထင်သည်။

"မောင် သူများကိုသူစိမ်းဆန်တဲ့အကြည့်နဲ့ မကြည့်ပါ နဲ့"

"သူစိမ်းဆန်တဲ့အကြည့်က မောင်ကြည့်တာမဟုတ်ပါ ဘူး၊ မိစံကကြည့်နေတာပါ၊ မောင့်ရင်ထဲမှာ မိစံနဲ့မောင်ဟာ နှစ် ကိုယ့်တစ်စိတ် ဖြစ်မနေပဲ သူစိမ်းသက်သက်လို ခံစားနေရတယ်"

ခင်စံကားရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ သတိုးသည် မိမိအကြံအစည်ကိုများ ရိပ်မိနေသလား။

ခင်စံကားက ပြုံးကာ သတိုး၏ညာလက်မောင်းကို ဖက် တွယ်လိုက်သည်။ နောက် ပါးနှင့်ကပ်ကာ. . .

"မောင်ရယ် လက်မှမထပ်ရသေးပဲနဲ့ မောင်က ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နေချင်လို့လဲ"

သတိုးက သက်ပြင်းချကာ. . .

"မောင်က ခန္ဓာကိုယ်ချင်း နီးကပ်နေမှုကို ပြောတာ ဟုတ်ပါဘူး မိစံ၊ နှလုံးသားချင်း သိနားလည်ကြဖို့ပါ၊ မိစံဟာ မောင့်ကိုနားမလည်သလို မောင်ကလည်း မိစံကို နားမလည် နိုင်တော့ဘူး၊ မိစံဟာ မောင်နားမလည်နိုင်လောက်အောင် လျှို့ ဝှက်မှုတွေရှိနေတယ်လို့ မောင့်စိတ်က အလိုလိုသိနေလို့ပဲ"

"မောင်ရယ်မဟုတ်တာ၊ မောင့်အပေါ် သူများဘာမှ လျှို့ ဝှက်မထားပါဘူး၊ မောင့်ကိုသိပ်ချစ်ပါတယ်၊ မိစံဘဝမှာ မောင် ဟာအချစ်ဦးနဲ့ အချစ်ဆုံးပါ၊ မိစံ မောင်ကလွဲရင် ဘယ်သူ့ လက်မထပ်ဘူးလို့ ပိုင်းဖြတ်ပြီးသားပါ"

"တကယ်သစ္စာစကားလို့ မောင်ယုံကြည်လိုက်မယ် နော်"


"အင်းပါ. . ၊ မိစံ သွားအိပ်တော့မယ်နော်"

သတိုး၏လက်ကိုလွှတ်ကာ ခင်စံကားသည်သူတို့ မိန်းမ သားသုံးဦးအိပ်သော အိပ်ခန်းသို့ဝင်ကာ တံခါးကိုပြန်တွန်းပိတ် လိုက်သည်။ ပိုက်ပိုက်ကတော့ အပူအပင် ကင်းမဲ့စွာဖြင့် အိပ်မော ကျနေလေသည်။ သူလည်း ပိုက်ပိုက်လို နေချင်စမ်းပါဘိ။

သို့သော် သူ့မှာတော့ ပူပင်သာကနှင့်. . .







# အခန်း (၂၁)

"မိစံ"

"ဘာလဲမောင်"

"မောင်လည်း ဖော်ဖော်တို့နဲ့အတူတူ ပြန်လိုက်သွား

"ဟင်. . ဘာဖြစ်လို့လဲမောင်"

ခင်စံကား ထိတ်လန့်သွားသည်။ သတိုးအား စိတ်ချ



www.burmeseclassic.com

www.burmeseclassic.com



နိုင်၊ သတိုးသည် မိခင်အား သိပ်ချစ်သောသားတစ်ယောက် သည်ဟု ဆူးမှတစ်ဆင့် ခင်စံကားသိထားသည်။ မိခင်စကား မလွန်ဆန်နိုင်သဖြင့် ဆူးအားလက်ထပ်လျှင် ဒါတော့မဖြစ်နိုင် ဆူးနှင့်ဇော်ဇော်က ပြတ်သားကြသည်။

သတိုး မိမိအပါး၌ရှိနေရမည်။ သို့မှသာ ဒေါ်သက်ထား လိုက်လာမည်ဟု ခင်စံကားတွက်ဆပြီးသားဖြစ်သည်။ အတ ၍ သတိုးအား မိခင်ကပြန်မလွှတ်တော့လျှင် . . .

"မောင်တစ်ယောက်ထဲ ခေါင်းရှောင်မနေချင်ဘူး မောင့်ကိုစွ မောင်ဖြေရှင်းချင်တယ်၊ ဆူးတောင် မိန်းကလေး မယ့် သူမှာချစ်သူရှိတယ်လို့ ဝန်ခံရဲရင် မောင်ကပိုပြီး ဝန်ခံ မယ်၊ တောင်းဆိုရဲရမှာပေါ့"

"ဖုန်းနဲ့ပြောလိုက်ရင်လည်း ရရဲ့သားနဲ့၊ အဲဒီတုန်း မောင်ဘာဖြစ်လို့ မပြောလိုက်တာလဲ"

"ရုတ်တရက်မို့လို့ပါ စိတ်ချပါမိစံ၊ မေမေတို့ဆီ မော ခွင့်တောင်းမယ်"

"မောင့်မေမေက ဘယ်ခွင့်ပြုမှာလဲ"

"ဒါကတော့ မေမေ့သဘော၊ မောင့်သဘောက ခွင့်မ ဘူးဆိုရင် မိစံဆီထွက်လာခဲ့မယ်၊ မိစံမိဘတွေ ခွင့်မပြုရင်လည်း မိစံတို့အိမ်မှာ အလုပ်သမားအနေနဲ့ မောင်နေလိုက်မယ်လို့ ခြော ခြောက်ခဲ့မယ်လေ"

ခင်စံကား တွေဝေစဉ်းစားလိုက်သည်။ ပြီးတော့မှ

"ဟုတ်တယ်မောင် အမေကလေ မမကြီးအကြောင်း





လို့ မိစံကိုမေးတယ်၊ မိစံငြင်းလို့မရဘူး၊ နောက်. မောင်နဲ့ တို့ ရိပ်မိပုံရလို့ ဟန့်တားတယ်၊ မမကြီးလို အဖြစ်မခံနိုင်ဘူး . . . "

"မောင်ကြိုးစားပါ့မယ် မိစံရယ်၊ မောင်ဖုန်းခေါ်မယ်"

"တစ်ပတ်အတွင်း မောင်ပြန်လာခဲ့မယ်"

ခင်စံကားမှာ မိမိအကြံအစည်တွေ ပျက်ပြားသွားမှာ မို့သဖြင့် မျက်ရည်များရစ်ဝဲလာသည်အထိ ကြေကွဲသွားလေ သည်။

ခင်စံကား၏ ကြေကွဲရိပ်ကို သတိုးက မကြည့်ရက်သဖြင့် ရည်များကို သုတ်ပေးလေသည်။

"မောင်ကတိပေးပါတယ်"

"သူများ မယုံရဲဘူးမောင်"

"တကယ်ပါ ယောက်ျားကတိပါ မိစံရယ်"

ခင်စံကာတို့ ဥယျာဉ်ခြံထဲ၌လျှောက်ကြည့်ရင်း အလုပ် များ နှုတ်ဆက်ကြသည်။

မနက်ဖြန်သူတို့ ရန်ကုန်ပြန်ကြတော့မည်။

"မောင် ဘယ်နှရက်နေ့ပြန်လာမလဲ"

"တစ်ပတ်နဲ့ ဆယ်ရက်ကြား ရောက်အောင်လာမယ်၊ အကြောင်းကို မောင်ကိုယ်တိုင် လာပြောပြမယ်"

"မမကြီးတို့ ရောက်လောက်ပြီနော်"

"ဟုတ်တယ် သူတို့လည်း မောင့်ကို အကူအညီပေးမှာ



www.burmeseclassic.com

www.burmeseclassic.com



"မထင်ဘူးမောင် မမကြီးက သူလိုဝေဒနာမျိုး မခံစား အောင် သူများကို နောက်ဆုတ်ခိုင်းမှာ သေချာတယ်"

သတိုးအကျပ်ရိုက်နေသည်။ ချစ်သူသည် မိမိအပေါ်၌ အေးတိအေးစက် ဖြစ်သည်မှန်သော်လည်း တကယ်တမ်းခွဲကြ မည်ဆိုတော့ စိုးရိမ်ကြောင့်ကြမှုတွေက များနေရှာသည်။

"မောင် မိစံတို့ခြံထွက်သီးနှံတွေပေးပြီး မေမေ့ကိုဖွင့် ပြောမယ်၊ သဘောမတူဘူးဆိုရင် မိစံဆီကိုချက်ချင်းလာခဲ့မယ် ကျေနပ်ပြီလား"

"ကျေနပ်ရမှာပေါ့မောင်၊ ဒါပေမယ့် သူများ ပိုကျေနပ် ချင်တာက မောင်နဲ့အတူ မောင့်မိဘနှစ်ပါးပါ လိုက်ပါလာပြီး တောင်းရမ်းလက်ထပ်ဖို့ပါပဲ"

"မောင်ကြိုးစားပါ့မယ်"

"သူများဆန္ဒနဲ့ တောင်းဆိုချက်ဟာ များယွင်းနေတယ် လို့ မောင်ထင်သလား"

"မထင်ပါဘူး၊ သိပ်ကိုမှန်ကန်တဲ့တောင်းဆိုမှုပါ"

"ကျေးဇူးတင်ပါတယ်မောင်၊ ကဲ. . လာ ရေစိမ်မုန့်ဆီ လေးကို နေ့လယ်အဆာပြေစားလိုက်ပါဦး"

"စံကားရေ နှင့်အပြုအစုကောင်းလို့ ဖက်တီးသူကိုယ်သူ မနည်းသယ်နေရပြီး"

ဥယျာဉ်ခြံထဲရှိ အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်သူထိုင် အုန်း ပက်လက်ကုလားထိုင်တွင်ထိုင်ရင်း၊ အုန်းစိမ်းရေသောက်သူ သောက်နှင့် တကယ့်ကို လွတ်လပ်ဖိမ်ကျနေသော သူငယ်ချင်း





များကိုကြည့်ပြီး ခင်စံကားအား ကျေးဇူးတင်လေသည်။

ခင်စံကားသည် ထုံးစံအတိုင်း သနပ်ခါး ပါးကွက်ကြား နှင့် ကျစ်ဆံမြီးနှစ်ဖက်ကျစ်လျက် ရိုးသားသော အသွင်သဏ္ဌာန် နှင့်ရှိနေခြင်းကို သူမြတ်နိုးစွာ ငေးကြည့်နေမိသည်။

"မတောသူရယ် မင်းရဲ့တောကို မောင်လည်းနှစ်သက် မြတ်နိုးတတ်လာပါပြီ"ဟု ရင်တွင်း၌ ကြေညာလိုက်သည်။

သို့သော် သူ့ထက်မိခင်က မြတ်နိုးဖို့ ပို၍လိုအပ်နေ သည်ဟု. . .




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၂)

"ဟာ . . များလှချည်လား သားငယ်ရဲ့"

သားငယ် ပြန်ရောက်လာပြီဆိုသည်နှင့် ခြံထဲ၌ အပန်းဖြေရင်း ရေနွေးကြမ်းနှင့် အချိုစားသုံးနေသော ဖခင်နှင့် မိခင်က ကားရပ်ရာသို့ လျှောက်လာရင်း ပြောလိုက်သည်။

ဒူးရင်းသီးခြင်း၊ မင်းဂွတ်၊ ကျွဲကောသီး၊ ကြက်မောက်သီး များကိုချလိုက်ပြီး အိမ်အလုပ်သမားများ သယ်ယူသွားသည်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းကြည့်ရင်း ဖခင်က တအံ့တသြပြောလိုက်သည်။

"သားငယ် ဝလာသလိုပဲ"

"စားလိုက် အိပ်လိုက်သွားလိုက်လာလိုက်နဲ့ကို ဖိမ်ကျ
တာကို မေမေရယ်၊ ဝလာတာပေါ့"

"ကဲကဲ . . အိမ်ထဲဝင်ပြီး အမောပြေ ရေလေးသော
ပါဦးသားရယ်၊ မင်းအမေတော့ မင်းပြန်မလာသေးလို့ သွေးတိုး
တာနဲ့ မောရတာနဲ့ ဘာနဲ့ဖြစ်နေလို့"

ဖခင်စကားကြားလိုက်ရသည်နှင့် သတိုး မောင်းတ
လာခဲ့ရသမျှတို့သည် လျော့ပါးသွားချင်နေသည်။

"ဟုတ်လား၊ သားတို့ကလည်း ဧည့်ဝတ်ကျေတဲ့ အိမ်ရှ
တွေကြောင့် နေရထိုင်ရတာ အရမ်းကိုပျော်ပြီး အိမ်မပြန်ချင်
အောင်ကို ဖြစ်နေကြတာ"

သတိုးက သွေးတိုးစမ်းစကား စတင်လိုက်ပြီး ဆေး
သေတ္တာကို လျှောက်သွားကာ ရေတစ်ပုလင်းယူလာပြီး မိခင်
နှင့်ဖခင်အနီး ဝင်ထိုင်ကာ ရေငှဲ့သောက်လိုက်သည်။

"နေစမ်းပါဦး၊ မင်းတို့က မော်လမြိုင် ဟိုတယ်မှာ တည်း
တာမဟုတ်ဘူးလား"

"မဟုတ်ဘူး ဖေဖေ၊ အိမ်မှာတည်းတာ ဒါတွေက သူ့
ခြံထွက်လက်ဆောင်တွေကြီးပဲ၊ ကျန်သူငယ်ချင်းတွေကိုလည်း
ပေးလိုက်ရသေးတယ်"

"ဟ. . . တယ်ဟုတ်ပါလား၊ မင်းတို့ခြောက်ယောက်
မော်လမြိုင်မှာ ဘယ်နှရက်ကြာခဲ့သလဲ"





"တစ်ပတ်တိတိပဲ ဖေဖေ"

"အဲဒီအိမ်မှာပဲ တည်းတာလား၊ ဘယ်သူနဲ့ပါတ်သက်
လို့လဲ . . ဖော်ဖော်လား၊ ဖက်တီးလား၊ တော်မီလား"

သတိုးအတွက် လမ်းစရလိုက်ပြီ၊ တွေဝေတွန့်ဆုတ်နေ
၍မဖြစ်၊ အဖေရှိနေတုန်း တိုက်စစ်တစ်ခုကို အမြန်ဆင်လိုက်မှ
ဖြစ်မည်။ ဖေဖေသည် မေမေ့ကိုချစ်၍ အလိုလိုက်သည်မှအပ
ကိုကို့ကိစ္စတွင်လည်း ကိုကိုမမှားဘူးဟုဆိုကာ သူ့အား ဝင်ထွက်
ခွင့်ပေးသူဖြစ်သည်။

"မဟုတ်ဘူး၊ သားနဲ့ပါတ်သက်တာ ဖေဖေ"

"ဟေ"

ဒီတစ်ချီတွင်တော့ ဖခင်မှာ တအံ့တသြဖြစ်ပြီး. . .

"ဘယ်ကဘယ်လို"

မိခင်ကတော့ သားဖြစ်သူအား. . ရင်တမမနှင့် မျက်
တောင်မခတ်တမ်းငေးကြည့်နေသည်။

သတိုးမိခင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ရုတ်တ
ရက်ပြောမထွက်ချေ။ သို့သော် ခင်စံကားမျက်နှာလေးပေါ်လာ
သောအခါ သူ့အတွက် အားအင်များ အလိုလိုဖြစ်ထွန်းလာပြီး

"ကိုကို့ရဲ့ယောက္ခမအိမ်ပါ"

"ဘာ"

"ဟေ"

ဖခင်က "ဟေ"ခနဲဖြစ်ရုံလောက်မှအပ ထူးထူးခြားခြား
အံ့သြမှု မဖြစ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



မိခင်မှာ ထိုင်ရာမှ ဝုန်းခနဲထပြီး "ဘာ"ခနဲ နေအောင် ဒေါသနှင့်ယှဉ်သော အံ့ဩမှုကို စတင်လေသည်။

"မင်းကို ကိုကို့အိမ်ပဲ သွားခွင့်ပေးထားတာ၊ မင်းက အူယောက္ခမအိမ်ကို ဘာသွားလုပ်ရတာလဲ"

"ကိုကို့ခယ်မကို လိုက်ပို့တာ"

"ဘုရားရေ မင်းနဲ့ဘာဆိုင်လို့လဲ"

"သက်ကလဲကွာ အေးအေးဆေးဆေး ထိုင်နားထောင်စမ်းပါကွာ၊ သားငယ်ကလည်း အစကနေအဆုံး သေသေချာချာ ရှင်းပြပါဦး"

ဖခင်က မိခင်အား လက်ဆွဲပြီးထိုင်စေပြီး အမေနှင့်သားကြားဝယ် ရွှေပြည်အေးစကားနှင့် လေပြေထိုးလိုက်သည်။

သတိုးက ရေထပ်သောက်လိုက်ပြီးမှ. . .

ခင်စံကားရောက်လာသဖြင့် သူသွားကြိုပုံကအစ ခင်စံကားပါ ပုဂံလိုက်ခဲ့ပြီး၊ ခင်စံကား ဇာတိဖားအောက်သို့ လိုက်လည်ကြပုံကိုပါ ရှင်းပြလိုက်သည်။

"တယ်ဟုတ်နေကြတာပေါ့၊ ငါ့သားလေး တော်လှတော်လှနဲ့ ယောင်မမြင်းစီးထွက်ပြလိုက်တာပေါ့ ဟုတ်လား၊ အကြီးကောင်အတွက် ရတက်မအေးရတဲ့အထဲမှာ မင်းကပါငါ့ကို နှိပ်စက်ဦးမလို့လား"

"မဟုတ်ပါဘူး မေမေ၊ ချစ်ချင်းမေတ္တာဆိုတာ သူ့အလိုအလျောက် ပေါက်ဖွားတတ်တာပါ သားစံကားကို လက်ထပ်ချင်တယ်မေမေ"





"အချိန်တိုကာလလေးအတွင်းမှာ မင်းအချစ်ကို လက်ခံခဲ့တဲ့ မိန်းမမျိုးနဲ့ မင်းကို မေမေသဘောမတူနိုင်ဘူး သား၊ ဆူးနဲ့မင်းကိစ္စအားလုံး စီစဉ်ပြီးပြီ"

"ဆူးနဲ့ဇော်ဇော် ချစ်နေကြတယ်၊ အချစ်ဆုံးသူငယ်ချင်းတွေရဲ့ ချစ်ချင်းကို သားကဗီလိန်လို ဝင်ရောက်ပေးရမှာလား၊ သစ္စာမဲ့ပေးရမှာလား"

သတိုးက ဒီကိစ္စကိုတော့ လုံးဝလက်မခံနိုင်ပါ။

ဖခင်က. . .

"နေပါဦး ဆူးနဲ့ဇော်ဇော်က ချစ်သူတွေလား"

"ဟုတ်ပါတယ်ဖေဖေ"

"ဟာ ဒီလိုဆိုရင်သက်ရေ ဒါတော့မလုပ်ကောင်းဘူးကွာ၊ သူငယ်ချင်း အချင်းချင်း သစ္စာမဲ့ရမယ့်အလုပ်ပဲ၊ ငါ့သားကို သစ္စာမဲ့တဲ့သူ အဖြစ်မခံနိုင်ပါဘူးကွာ"

"နောက်နေ့ပဲ ဇော်ဇော်မိဘတွေက ဆူးကိုသွားတောင်းသေးတော့မှာ၊ စေ့စပ်ထားကြမယ်၊ ကျောင်းပြီးမှ လက်ထပ်ကြဖို့ အစီအစဉ်ရှိတယ်"

"တယ်တတ်၊ တယ်ပြီးသိ၊ တယ်ပြီးသစ္စာရှိနေကြတယ်ပေါ့၊ သားငယ် မင်းမေမေကို ဘာကတိပေးထားသလဲ"

သတိုး အမှတ်ရလိုက်မိသည်နှင့် ရင်ထဲကြေကွဲသွားသည်။

"သားမကြိုက်တာကို မေမေဇွတ်မစီစဉ်ရဘူး၊ မေမေမကြိုက်တာလည်း သား မလုပ်ဘူးဆိုတာလေ၊ ဒီမှာသားငယ်



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ သားလက်ထပ်ဖို့အတွက် အဲဒီမိန်းကလေး တစ်ယောက်ထဲရှိပစေ၊ သား အဲဒီမိန်းကလေးကို လက်မထပ်ရဘူး ဒါပဲ"

သတိုးစိတ်ဓါတ်ကျဆင်းသွားသည်။

ဖခင်က . . .

"ဟ . . ဟ . . ဒါတော့မဖြစ်နိုင်ဘူး၊ တို့မျိုးဆက်တုံးကုန်မှာပေါ့ သားကြီးတောင် ကလေးမရသေးလို့ စိတ်ညစ်နေရတဲ့အထဲ"

"ဘယ်ရမလဲ၊ အမြဲ့ကိုယူထားတာကိုး၊ မိန်းမချော မိန်းမမြတ် မဖြစ်ထိုက်တဲ့အထဲမှာ အမြဲ့လည်းပါတယ်၊ တော်ရွှေမကြီးက"

"တော်ပါတော့သက်ရယ်၊ အချိန်မတန်သေးလို့ပါကွာ ဒါမှမဟုတ် မင်းရဲ့မြေးက မင်းအသိအမှတ်ပြုတာ မခံရမခြင်း လူ့လောကကို မလာဘူးလို့များ ဖွဲ့ကောင်းနေသလားမှ မသိတာ"

သတိုးက ထိုင်ရာမှ ထလိုက်သည်။

"သား . . ပင်ပန်းလာလို့ သွားနားတော့မယ်၊ ဖေဖေနဲ့ မေမေ ဒါထက် ကိုကိုတို့ပြန်ရောက်ပြီလား"

"ရောက်ပြီ . . . တစ်နေ့ကပဲ သော့ကို လင်မယားနှစ်ယောက်စလုံး ကန်တော့လက်ဆောင်ပစ္စည်းတွေနဲ့ ကန်တော့ရင်း လာယူတယ်၊ လေဆိပ်က တန်းလာတာ၊ မင်းအမေတောင် ဆင်းမတွေ့တော့ ခင်မြာများ မျက်ရည်ကျပြီး ပြန်သွားရှာတယ် မင်းကိုကိုကပါ အမေကို တက်မတွေ့တော့ပဲ မယားကိုချော့ပြီး





ပြန်သွားတာပေါ့"

"ဒါပေါ့ . . အမေနဲ့မယား ဘယ်တူပါ့မလဲ၊ ဒီမှာသတိုး ခင်းလည်း ကြိုက်သလို ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ မင်းလမ်း မင်းရွေးပါ၊ မိဘကို သေခန်းဖြတ်နိုင်တယ် ဆိုရင်ပေါ့"

မိခင်ကပြတ်သားနေပြီ။

ဖခင်က . . .

"သားငယ် သွားနား . . သွားနား၊ ဒီကိစ္စမျိုးက အလျင်စလိုဆုံးဖြတ်လို့ရတဲ့ ကိစ္စမျိုးမဟုတ်ဘူး၊ ဘဝတစ်သက်တာအရေးဆိုတော့ နည်းနည်းတော့အချိန်ယူကွာ၊ ဖေဖေလည်း ဝိုင်းစဉ်းစားပေးမယ်"

သတိုးကခေါင်းညိတ်ကာ အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည်။

ရင်ထဲမှာတော့ အလွမ်းမိုးတွေစွေနေပြီ။

အိပ်ခန်းတံခါးကို ချက်ချပြီးအိပ်ရာပေါ်လှဲကာ ဘေးနားစင်ကလေးမှ ဖုန်းကိုလှမ်းယူ၍ ခင်စံကားတို့အိမ်ကို လှမ်းဆက်လိုက်လေသည်။ ရလိုရငြား၊ မမကြီး ခင်နှင်းဆီတို့ကတော့ ခေါ်၍မရဟု ပြောတတ်သည်။


ဟုတ်ပါသည် ည သူအိပ်ပျော်သွားသည့်တိုင် ဖုန်းအဆက်အသွယ် မရပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၃)

နံနက်စောစော တယ်လီဖုန်းခေါ်သံကြောင့် သတိုးအိပ်မောကျနေရာမှ လန့်နိုးလာပြီး ဟန်းဖုန်းကို ကောက်ကိုင်လိုက်သည်။

“ဟဲလို”

“ညီညီလား”

“ဟုတ်ပါတယ် ကိုကို”





“မင်းပြန်ရောက်နေပြီဆို၊ ဖေဖေညကဖုန်းဆက်ပြီး မင်းနဲ့ခင်စံကားအကြောင်းတွေ ပြောပြတယ်၊ မင်းက. . တယ်ခြေသွက်ပါလား”

“ဖေဖေကဘာပြောသလဲ”

“ဖေဖေကတော့ ထုံးစံအတိုင်းပေါ့ကွာ၊ မိန်းမကြောက်ရတာကလွဲရင် သားတွေဆန္ဒကို လိုက်လျောပြီးသားပဲ”

သတိုးအားတက်သွားသည်။

“ကျွန်တော် ဘာဆက်လုပ်ရမလဲ ကိုကို”

“ဟ. . ကဲရီးအွန်ပေါ့ကွာ၊ ယောက်ျားပဲ ဆုံးဖြတ်ချက်ချပြီးရင် နောက်မဆုတ်စတမ်းပေါ့”

“ကျွန်တော် စံကားကို နှစ်နှစ်ကာကာကို ချစ်မိတာပါ ကိုကို”

“အေးပါကွာ ကိုကိုတို့တောင် ပါလာတဲ့ကိစ္စလေး သုံးလေးရက်နဲ့ အပြတ်ဖြတ်ပြီးရင် ဖားအောက်ကိုသွားကြမလို့ကွ”

“ဟုတ်လား ကျွန်တော်ပါလိုက်ခဲ့မယ်”

“ဖြစ်ပါ့မလား”

“ဖြစ်ပါတယ် ဖေဖေ့ကိုပါ ရအောင်မဲဆွယ်မယ် ကိုကိုရာ”

“အေး. . ဟုတ်တယ်ကွ၊ ငါ့တုန်းကလို မဖြစ်ရအောင် မေမေမသိနိုင်တဲ့နည်းလမ်းနဲ့ ဖေဖေ့ကို ရအောင်မဲဆွယ်ကွာ၊ အမေမပါပေမယ့် အဖေပါတယ်ဆိုရင် ပွဲသိမ်းပြီပေါ့”

“အင်း. . ဖြစ်နိုင်မယ်ဆိုရင် မေမေပါ ပါစေချင်တာ”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုကြုံကြတာပေါ့၊ အချစ်နဲ့စစ်မှာတရားတယ်၊ မတရားတယ် မရှိဘူးကွ၊ အချစ်အတွက် မင်းရယူပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ မင်းကြိုးစား၊ တစ်ခုခုတော့ မင်းစွန့်လွှတ်ရလိမ့်မယ်"

"ဟုတ်ကဲ့ ကျွန်တော်နားလည်ပါတယ် ကိုကို. .၊ ဖားအောက်ကဖုန်းခေါ်ရင် ကျွန်တော့်ဟန်းဖုန်းကို မနက်စောစောခေါ်လည်းရတယ်လို့ ပြောပေးပါ၊ ကျွန်တော်ခေါ်တာ ဘယ်လိုမှ မရလို့ပါ"

"အေးအေး သူတို့ဘက်ကခေါ်ရင်တော့ တစ်ခါတစ်ရံ လွယ်တယ်ကွ၊ ခေါ်ရင်ပြောလိုက်မယ်၊ မင်းအစ်မကိုလည်း မှာထား၊ အိမ်လာခဲ့ဦးလေ၊ ညီကြိုက်တာတွေ လာရွေးယူ"

"ဟုတ်ကဲ့ကိုကို ဒါပဲနော်"

သတိုးအားတက်သွားသည်။ ခင်စံကားကို လွမ်းစိတ်ဖြင့် အချစ်နာပင် မကျလိုက်ရ၊ သူငယ်ချင်းဇော်ဇော်တို့ကိစ္စအတွက် ဇော်ဇော်အိမ်၌ ချိန်းဆိုထားကြသည်။ ထိုမှတစ်ဆင့် ဆူးတို့အိမ်သို့ ချီတက်ရန်၊ ဆူးထံ၌ ပိုက်ပိုက်ကရောက်နှင့်မည်။

ဆူးကိုသတိရ၍ ဖုန်းဆက်လိုက်သည်။

"ဟဲလို"

"ဆူး ငါသတိုးပါ"

"သတိုး ဘယ့်နဲ့လဲ၊ အိုကေရဲ့လား"

"နင်နဲ့ကိစ္စတော့ငါ့ရဲ့သူငယ်ချင်းအပေါ် သစ္စာမဖောက်ဘူးဆိုတဲ့ အလုံးကြီးတစ်လုံးထဲနဲ့ပဲ ပွဲသိမ်းသွားတယ်၊ ဒါပေမယ့်





တားနဲ့ကိစ္စကတော့ ပေရှည်ဦးမယ်ထင်တယ်၊ နင့်ဘက်ကတော"

"အိုကေပါတယ် ဇော်ဇော်ဆိုရင်လည်း ပြောစရာမရှိပါဘူးတဲ့၊ ဇော်ဇော်နဲ့နင်တို့ အချိန်းအချက်လုပ်ပြီး ညနေခြောက်နာရီလာခဲ့ကြတော့"

"ဟေ ညနေမှလား"

"အေးလေ ရုံးဆင်းချိန်လောက်ပေါ့ဟယ်၊ အဲဒါ လူကြီးတွေ လာရမယ့်အချိန်၊ နင်တို့ ခုစောစောလာခဲ့ကြလေ၊ ဖိတ်ရမယ့်လူစာရင်းနဲ့ အစားအသောက်စာရင်းလေး ဘာလေးပြုစုပြီး အမြန်မှာကြရအောင်"

"အေးပါဟာ စံကားတို့အိမ်မှာဆို လူလေးငါးဆယ် တစ်ယောက်အတွက် သုံးလေးနာရီအတွင်း စီစဉ်နိုင်မယ်နော်"

"အရေးထဲ သူ့အဆက်ကို လွမ်းနေပါပြီ၊ ကဲ. . ကဲ. . ဒါပဲနော် ဇော်ဆီငါမဆက်ရသေးဘူး"

"သဲကြ. . သဲကြ"

သတိုးက ခလုတ်ကို ပိတ်လိုက်သည်။ အတန်ကြာ ငိုင်နေမိသည်။ လွမ်းတယ် စံကားရယ်. . .

ဩော် ခါတ်ပုံတွေ ကူးရဦးမည်ပဲ၊ ဒါအရေး အကြီးဆုံးကိစ္စပေပဲ။ သတိုးက တစ်ယောက်တည်းခပ်တိုးတိုး ရွတ်လိုက်ပြီး ခေါင်းသာမှ ထလိုက်သည်။

ဘာပဲဖြစ်ဖြစ် မေမေ့ကိုတော့ နည်းနည်းဆန္ဒပြမှဖြစ်မည်။ မျိုးရိုး၊ ရုပ်ရည်၊ ပညာ၊ အရည်အချင်း၊ ငွေကြေးဥစ္စာဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာအပြစ်မရှိသော မိန်းကလေးနှင့်မှ သဘောမတူလျှင် မိမိဤဘဝ လူပျိုကြီးဘဝနှင့် အရိုးထုတ်ရုံသာရှိတော့သည်။

သတိုးရေမိုးချိုးပြီး အောက်ထပ်သို့ဆင်းခဲ့သည်။

ထမင်းစား စားပွဲ၌ မိဘနှစ်ပါးနံနက်စာ စားသုံးနေ… ရာမှ သူ့အား လှမ်းကြည့်လိုက်သည်။ မိခင်မျက်နှာ တင်းမာ… တုန်းပဲဟု သူသတိထားလိုက်မိသည်။

"လာ သားငယ်၊ မင်းပင်ပန်းလို့ အိပ်မောကျနေတ… ထင်လို့ ဖေဖေတို့ စားနှင့်တာ"

"စားပါဖေဖေ၊ သားမစားတော့ဘူး၊ အပြင်သွားလိုက်… မယ် ကိစ္စလေးရှိလို့"

ဟုပြောပြောဆိုဆိုနှင့် အိမ်ထဲမှထွက်ခဲ့သည်။


"အချိုးကိုက မပြေဘူး၊ တောစိတ်တွေဝင်လာပြီး … တယ်"

"သက်ကလည်းကွာ၊ သားတွေဆိုတာ သမီးမိန်းကလေး… တွေလို အိမ်ထဲလှောင်ထားပြီး ပုံစံသွင်းယူလို့ မရဘူးကွ၊ သာ… ငယ်က သားကြီးလိုတော့ သူ့ထက်သုံးလေးနှစ်ကြီးတဲ့လူကို … မှာမဟုတ်တော့ နည်းနည်း မတော်ဘူးလားကွာ"

ဒေါ်သက်ထားက ခင်ပွန်းအား မျက်စောင်းထိုးလိုက်… လေသည်။ ခင်ပွန်းသည်ကတော့ "တဟဲဟဲ"ရယ်လျှက်..။







# အခန်း (၂၄)

"ကိုကိုကော"

"ဆိုဒ်ထဲ သွားပြီညီညီ၊ လာ"

"အဲဒီသေတ္တာထဲမှာ မင်းကြိုက်တဲ့ဝတ်စုံတွေ ယူပေ…ာ့လို့ မင်းကိုကိုပြောသွားတယ်၊ မမ အဝတ်လျှော်စက် ဖွင့်…ားလို့ သွားလုပ်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့မမ၊ လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သတိုးက သူကြိုက်သော စပို့ရှပ်သုံးထည်နှင့် ဘောင်းဘီ သုံးထည်ကိုယူလိုက်သည်။ ပြီးတော့ အထပ်လိုက်ယူထား ခင်နှင်းဆီအား ပြလိုက်သည်။

"မမ ဒါကိုသပ်သပ်ခွဲထားပြီး ဖားအောက်သွားရင် ထည့် သွားပေး"

"ဟေ"

"မေမေသဘောမတူလည်း ကျွန်တော် စံကားနဲ့လာ ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

"ဖြစ်ပါ့မလား ကလေးရယ်၊ မမအပေါ် မေမေကပြီး အမျက်ရှနေမှာပေါ့"

"မတတ်နိုင်ဘူး မမရာ၊ ကျွန်တော်မှ စံကားကို မခွဲနိုင် ပဲ၊ ဖေဖေကတော့ ကျွန်တော်အတွက် တစ်ခုခုစီစဉ်ပေးထား မယ်ထင်တယ်၊ ဩော်. . အရေးကြီးတာ ပြောဖို့တောင် မေ့နေ တယ်၊ ညနေဆူးတို့အိမ်မှာ ဆူးနဲ့ ဇော်ဇော်စေ့စပ်ကြောင်းလမ်း ပွဲရှိတယ်၊ အဲဒါ ကိုကိုနဲ့မမတို့ စုံတွဲတက်ဖို့ ဆူးမိဘတွေက ဖိတ် ခိုင်းလိုက်တယ်"

"မင်းနဲ့ မဟုတ်တော့ဘူးလား"

"မဟုတ်တော့ဘူး၊ ဒါ ကျွန်တော်တို့ရဲ့ တစ်ဆင့်အောင် ပွဲပဲ မမရဲ့၊ ကဲ ကျွန်တော်သွားမယ်၊ အဲဒီကပြန်မှ ဒူးရင်းသီး မင်းဂွတ်သီးတို့ ပေးလိုက်ဦးမယ်၊ ခုတော့ ကိစ္စတွေများလွန်းလို့ မေ့ခဲ့ပြီ"

"အေးအေး အဖေနဲ့အမေ နေကောင်းကြတယ်နော်





"ကောင်းပါတယ် ဒါထက် ဒီနေ့ စံကားဆီက ဖုန်းလာ သေးသလား"

"မလာပါဘူး ကလေးရယ်၊ ခေါ်ရခက်တယ် ထင်ပါ တယ်"

"ဖုန်းခေါ်ရင်. . ကျွန်တော်ဆက်တာ ဆက်လို့မရတဲ့အ ကြောင်း ပြောပေးပါ"

"အေးအေး"

"နောက်ပြီး မမတို့နဲ့အတူ ကျွန်တော်လိုက်မှာနော်"

"မင်းကို ဘယ်သူက ခေါ်လို့လဲ"

"မခေါ်လည်းရပါတယ်၊ ကျွန်တော်ဘာသာ ကျွန်တော် သွားလည်းဖြစ်ပါတယ်"

"စဉ်းစဉ်းစားစားလုပ်ပါ ကလေးရယ်"

"စဉ်းစားပြီးမှ ဆုံးဖြတ်ထားတာပါ မမ၊ ကျွန်တော် နောက်မဆုတ်တော့ပါဘူး"

ခင်နှင်းဆီက သတိုး၏မျက်နှာလေးကို လှမ်းကြည့် ပြီး. .

"အင်း တို့ညီအစ်မနဲ့ မင်းတို့ညီအစ်ကို ရေစက်က ဆုံ သွန်းပါတယ်ကွယ်"

"သွားမယ် မမ"

"အေးအေး"

သတိုးပေးသော ဝတ်စုံအဝတ်ကို စားပွဲပေါ် တင်လိုက် ပြီး တံခါးလိုက်ပိတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိုး ဇော်ဇော်တို့အိမ်သို့ ကားကို ဦးတည်လိုက်သည်။

ဇော်ဇော်ကမူ သူ့ထက်စာလျှင်အများကြီး ကံကောင်းသေးသည်။ ဆုးကို သုံးလေးနှစ်စောင့်ခဲ့ရပေမယ့် လက်ထပ်ဖို့အရေး အဆင်ပြေ ချောမွေ့လွန်းလှသည်။

မိမိနှင့်စံကားက ချစ်သူသက်တမ်းမကြာ. . .

အခက်အခဲတွေက အများကြီး ရှိသေးသည်။

ဇော်ဇော်တို့အိမ်ရောက်တော့ ဖက်တီးတို့ ရောက်နေလေပြီ။

"စံကား လိုက်ခဲ့ရင်ကောင်းမှာ"

"အေးလေကွာ"

"ညှိခံပွဲရောက်မှပဲ မင်းနဲ့စံကားကို လူပျိုရံ၊ အပျိုရံ လုပ်ခိုင်းရမယ်"

"ငါတို့ပဲအရံဖြစ်မလား၊ မင်းတို့ပဲ အရံဖြစ်မလား ကြည့်ကြသေးတာပေါ့ကွာ"

"အပြောမကြီးနဲ့သတိုး၊ ခုစေ့စပ်ပွဲကို မင်းအရင် စနိုင်သလား ငါအရင်စနိုင်သလား"

"အေးအေး. . မင်းတို့ပဲ လုနေကြ၊ ငါ့မှာတော့. . မဒွေပိုက်ဆံက အခုထက်ထိကို မျှော်လင့်ချက်ရောင်ခြည်လေး မထွန်းသေးဘူး"

"မင်းက အစွမ်းအစနည်းတာကိုးကွ"

သူငယ်ချင်းတွေနှင့် ရွှတ်ရွှတ်နောက်နောက်ပြောဆိုနေရသော်လည်း သတိုးရင်ထဲ မရွှင်လန်းနိုင်ပါ။





ခင်စံကားကိုသာ သတိရနေသည်။

ဇော်ဇော်တို့ ကိစ္စပြီးလျှင် တစ်ညအိပ်လောက် သွားတွေ့လိုက်လျှင်ကောင်းမည်လား။

အချစ်ဦးမို့ မခံစားရဖူးဝေဒနာက ထူးထူးကဲကဲ၊ အရူးအမူးကို ခံစားနေရသည်။

"ဟော့ကောင်သတိုး၊ ဟော့ပေါ့(ပ်)လာလုပ်ပေးမယ်တဲ့သား"

"အိုးက ငှားလို့မရဘူးတဲ့၊ ဆိုင်မှာ လူကျချိန်ဖြစ်နေလို့ဒီနေ့တို့ မီးဖိုတို့ အဆင်သင့်ရှိရင်တော့ စားတော်ချက်တစ်ဦး ငှားလိုက်မယ်တဲ့"

"တော်ပါတော့ကွာ ယိုးဒယားချဉ်စပ်ပဲမှာတော့"

"ငါးခေါင်းဟင်းချိုမှာပါကွာ"

"အေးအေး၊ နှစ်မျိုးစလုံးမှာထားပေါ့ကွာ"

ဇော်ဇော်ရွှင်လန်းတက်ကြွနေသည်။

"ခွင့်ပြုမယ်ဆိုရင် နောက်နှစ်မကူးတော့ဘူး၊ ဒီနှစ်မှာပဲ ဒီဇယ်(ဒင်)လုပ်ပေးမယ်တဲ့ကွ"

"ကျောင်းပြီးအောင်တောင် မစောင့်တော့ဘူးလား"

"ကျောင်းပြီးအောင်စောင့်နေရင် အရွယ်လွန်သွားလိမ့်မယ်ကွ၊ မာမီကော ဒယ်ဒီကော ဝမ်းသာအားရအားပေးကြတယ်ကွ"

သတိုး ဇော်ဇော်ဘဝကို အားကျပါသည်။ တစ်ဆယ်ပြည်း ရင်တွင်းမရွှင်လန်းနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး . . ဒါဖြင့် ငါ ဟင်းချိုဝင်မှာပေးပြီး အိမ်ပြန်နှင့်မယ်၊ ဆူးတို့အိမ်မှာ ဝိုင်းလုပ်ပေးရင်း သွားစောင့်တော့မယ်"

"အေး ဒါလည်းကောင်းတာပဲ"

သတိုးပြန်ခဲ့လေသည်။ မေမေ့ကို နားမလည်နိုင်တော့

မေမေသည် မမခင်နှင်းဆီတို့အပေါ်၌ အမြင်မကြည်လင်တာလား။

ပြဿနာက ဘာမှမယ်မယ်ရရမရှိ၊ အပြစ်လည်းရှာတွေ့ . . .။

သတိုးစိတ်လှုပ်ရှားလာသည်။ စိတ်ရှုပ်လာသည်နှင့်အမျှ စိတ်ဆင်းရဲခြင်းတို့ကလည်း နှိပ်စက်စပြုလာသည်။

အိမ်ထဲဝင်လိုက်သည်နှင့် မိခင်နှင့်ရင်ဆိုင်တိုးသည်။ မိခင်က သူ့ကိုစကားမပြော၊ သူကလည်းမပြောပဲ အပေါ်ထပ်သို့ တောက်လျှောက်ပင် တက်ခဲ့သည်။

ရေချိုး အဝတ်အစားလဲပြီး ဆူးတို့အိမ်ဘက်ကူးခဲ့သည်

"ဆူး ငါဘာဝိုင်းလုပ်ပေးရမလဲ"

"ရတယ် အားလုံးနေရာချထားပြီးပြီ"

"စားပွဲ ကုလားထိုင်တွေကော ငှားထားပြီးပြီလား"

"နင်တို့အိမ်ကပဲ ယူငှားတယ်လေ၊ လုံလောက်ပါတယ်"

"နင်တို့က တယ်ခမ်းနားတာကိုး၊ စေ့စပ်ပွဲမှာ ဒင်းကျွေးနိုင်တယ်"

"ဒါပေါ့ ဒါပေါ့ သူ့ကသိုလ်နဲ့သူဖြစ်တာ၊ နင်မနာလို ဖြစ်နဲ့"





"အေးပါ . . အေးပါ"

"ငါက အန်တီနဲ့ မေမေ့ကိုတောင် ကျေးဇူးတင်နေတာ သိလား"

"ဘာဖြစ်လို့လဲ"

"နင်နဲ့ငါကို စီစဉ်တော့မှ ငါလည်း ငါ့ရင်ထဲကတိမ်မြုပ်နေတဲ့ အချစ်ကိုသွားတွေ့ပြီး ဇော်နဲ့အမြန်ဆုံး လက်ထပ်ဖြစ်သွားတာ"

"တော်သေးတာပေါ့ဟာ"

"နင့်ကိစ္စဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ၊ ဖေဖေကတစ်ဆင့် ငါ့လို့လားချက်တွေကို တောင်းဆိုမယ်၊ ခွင့်မပြုဘူးဆိုရင် . . ကြေညာပြီး စံကားဆီ သွားလိုက်တော့မယ်"

"စံကားမိဘတွေက တစ်ခါသေဘူး၊ ပျဉ်ဖိုးနားလည်နေရောပေါ့၊ နင့်ကို လက်ခံပါ့မလား"

"ငါ့ရဲ့ ကံတရားပဲပေါ့၊ လက်မခံဘူးဆိုရင် အဲဒီမှာပဲ အိမ်ငှားအခြေချပြီး ကြိုးစားရမှာပေါ့"

"ဟယ် . . အဲဒီလောက်အထိ မစွန့်လွှတ်ပါနဲ့ဟာ၊ ငါတို့ဝိုင်းပြောပေးပါဦးမယ်"

ဆူးက သူငယ်ချင်းအတွက် စိတ်မကောင်းနိုင် . . .

"ငါတို့ကိစ္စပြီးရင် နင်တို့ကိစ္စငါတို့ ဝိုင်းကူညီပေးပါ့မယ်"

"ရပါတယ်ဟာ၊ ငါ့သစ္စာတရား၊ ငါ့ရဲ့ကြိုးပမ်းချက်ပေါ်မူတည်ပြီး ငါ့ဆန္ဒတွေပြည့်ဝလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သတိုးအတွက် ဆူးနှင့်ပိုက်ပိုက် တကယ်စိတ်မကောင်းဖြစ်ရသည်။

"နင့်အမေက သက်သက်မဲ့ အပြစ်ရှာနေတယ်လို့ကို ငါထင်တာ၊ လူကြီးတွေကို မပြောကောင်းပါဘူး၊ ငါ့သဘောအရ နင့်အမေကို စံကားတို့အိမ်ကို ရအောင်ခေါ်သွား၊ ဟုတ်တယ် ကြည့်စမ်းပါစေ၊ အဆင့်အတန်း မတူဘူးဆိုတာ ဘာကိုခွဲခြားတာလဲ"

"ဟုတ်ပ"

"ပညာမဲ့လူတန်းစားလည်း မဟုတ်၊ ဆင်းရဲတာလဲမဟုတ်ပဲ၊ ဘာသာတရားနဲ့ယဉ်ကျေးသိမ်မွေ့ကြတဲ့ မိသားစုကိုများကွယ်၊ ငါတော့ မတွေးတတ်အောင်ပဲ"

ပိုက်ပိုက်က ရှည်ရှည်ဝေးဝေးတွေးဆကာ ပြောလိုက်သည်။

သတိုးရင်ထဲ နေမြင့်လေအရှုးရင့်လေ ဖြစ်လာသည်။

"ဟုတ်တယ် ငါလည်းအမြင်ကပ်ကပ်နဲ့ မမခင်နှင်းဆီတို့ စုံတွဲကို ဖိတ်ပစ်လိုက်တယ်၊ တွေ့ကြပါစေ ဟဲ့. . ပိုက်ပိုက် ထပ်ဆက်ပါဦးဟ အလှဆုံးဖြစ်အောင် ရှိုင်းလာခဲ့လို့"

"အေးပါ ဒါပေမယ့် သတို့သမီးလောင်းထက် လှသွားရင် ဘယ်နဲ့လုပ်မလဲ နင်ငိုနေရမယ်နော် မိဆူး"

"မဆိုင်ပါဘူးဟာ၊ ငါက တရားရှိပါတယ်၊ အလှဆိုတာ ဘယ်လောက်ပဲဖန်တီးယူယူ ကယ်မီကယ်အလှကြောင့် သန့်ပြီးတောက်ပြောင်လည်း တခဏပဲ၊ ပင်ကိုယ်အလှကမှ တကယ့်

အလှ၊ အဲဒီတကယ့်အလှထဲမှာမှ နှလုံးသားအလှက အမြတ်ဆုံးအလှပဲလို့ ငါယူဆထားပါတယ်"

"တော်တယ်ဆူး၊ နင့်ကိုငါ လေးစားသွားပြီ၊ နင်ရဲ့ စိတ်ထား အလှကြောင့် ဇော်ဇော်လိုလူမျိုးရတဲ့အတွက် . နင်ကံအကောင်းဆုံးမိန်းမ ဖြစ်သွားပါစေလို့ ငါဆုတောင်းပေးပါတယ်"

သတိုးက လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။ ဆူးက တော့နပ်စွာဖြင့်. . .

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ၊ နင့်ကိုလည်းငါတို့က စံကားနဲ့ အမြန်ဆုံးနီးစပ်ပါစေလို့ ဆုတောင်းပေးပါတယ်"

သတိုးက မချိပြုံးပြုံးလိုက်လေသည်။

"သတိုးရယ် မချိသွားဖြဲနဲ့၊ နင့်ကိုငါတို့မြင်ရတာ မသက်သာလိုက်တာဟယ်"

"ပိုက်ပိုက်ရာ အချစ်နာဆိုတာ ကုရာနတ္တိဆေးမရှိတဲ့၊ အချစ်ကို နင်မခံစားဖူးသေးတော့ ပြောမှာပေါ့၊ နင်တွေ့ကြုံလာရရင်သာ ငါ့လိုမှခံစားရပါစေနဲ့လို့ ဆုတောင်းပေးပါတယ်"

"တော်ပြီကွာ စိတ်ပိန်တယ်၊ ဟဲ့မိဆူး ငါအလှပန်းအိုးတွေပြင်လိုက်ဦးမယ်၊ ပျော်စရာကြီးကွာ၊ အဟဲ ငါတောင်အားကျချင်သလိုလိုဖြစ်လာပြီ"

"အားကျရင် ဖက်တီးကိုပြန်လက်ခံလိုက်ပါလား"

"လူကြီးချင်းပြောထားပြီးသားပုဂ္ဂိုလ် ဘယ်ချောင်သွားအားရမလဲ"

"မနက်ဖြန် အဲဒီပုဂ္ဂိုလ်နဲ့ ဆွေးနွေးကြဖို့ ငါတို့ တိုင်ပင်

www.burmeseclassic.com



ထားတယ်"

သတိုးက မိမိကိစ္စအတွက် မလှုပ်ရှားနိုင်သေးဘဲ သူငယ်ချင်းတွေ၏အကျိုးအတွက် အရင်လှုပ်ရှားပေးရင် မိမိကိစ္စ၏ စိတ်တွင်း၌ အကောင်းဆုံးဖြစ်စေရန် ကြံစည်အားထုတ်နေလေသည်။

"ဪ အချို့ပွဲအတွက် ငါ့အိမ်က ဒူးရင်းသီးတို့ မင်းဂွတ်သီးတို့ လိုရင်လာယူနော်"


"အေးပါ ခုလုံလောက်ပါတယ်."

ပျော်စရာကောင်းနေသည်။ တော်မီနှင့်ဖက်တီးရောက်လာသည်။ ဆူးတို့အိမ်လေးပို၍ ဆူညံသံများထွက်ပေါ်လာသည်။

သတိုးက မချိုပြုံးနှင့်သာ သူငယ်ချင်းများအကြား ပြုံးနေရသော်လည်း သူ့ရင်ထဲမှာတော့ အချိန်ပြည့်ပင် "သတိရလိုက်တာ မိစံရယ် မင်းသာပါလာခဲ့ရင် ပျော်စရာကောင်းမှာ ခုတော့ကွာ မောင်ဘယ်လိုလုပ်ပြီး ပျော်နိုင်မှာလဲ"ဟု. . .







# အခန်း (၂၅)

ဒေါ်သက်ထားသည် သားကြီးသူရိန်တို့ ဇနီးမောင်နှံကို လှမ်းမြင်လိုက်ရသောအခါ အံ့အားသင့်သွားသည်။

ခင်နှင်းဆီ၏ ကျက်သရေရှိသောအလှကို ငေးကြည့်မိရင်း ရင်ထဲမှ ဝေဒနာသည် အသစ်တစ်ဖန်နိုးကြွလာသောအခါ ဒေါသစိတ်၊ နာကြည်းစိတ်ဖြင့် မျက်နှာတစ်ပြင်လုံး နီရဲလာသည်။

သတိုးက မိခင်မျက်နှာပျက်သွားမှုကို သတိထားမိလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"လှလိုက်တဲ့မိန်းကလေး၊ ဒေါ်သက်ထားတို့များ ချွေးမရ ကံကောင်းလိုက်တာ"

"ဟုတ်ပတော်၊ ပြစ်မျိုးမဲ့မထင်အလှဆိုတာ ဒါမျိုးထင်ပါရဲ့"

ခင်နှင်းဆီတို့အား ဆူးကသူတို့စားပွဲသို့ နေရာလာချပေးသောအခါ ဒေါ်သက်ထားကို ခင်ပွန်းဦးဇော်ဝင်းက ခြေဖျားချင်းလှမ်းတို့ကာ သတိပေးလိုက်သည်။ ဦးဇော်ဝင်းနှုတ်မှ ဇော်ရွှေစွာပင်. . .

"လာထိုင်ကြ သားကြီးနဲ့သမီး"

"ဟုတ်ကဲ့ဖေဖေ၊ ထိုင်. . မ"

သားကြီးက သူ့ဇနီးကို 'မ'ဟုခေါ်သည်။ အင်းလေ သူထက်အသက်သုံးနှစ်ကြီးတာပဲ။

အခမ်းအနားကစလေပြီ။ အခမ်းအနားမှူးဖြင့် ဇော်ဇော်တို့ဘက်မှ တစ်ဦး၊ ဆူးတို့ဘက်မှတစ်ဦးခြင်း ဆွေဂုဏ်မျိုးဂုဏ်နှင့် မင်္ဂလာ မောင်မယ်တို့၏ဂုဏ်ရည်သွေးများကို ထုတ်ဖော်ပြောပြီး နှစ်ဘက်မိဘများက ဒီဇင်ဘာလတွင် လက်ထပ်ပေးမည့်အကြောင်း ကြေညာလိုက်သောအခါ ဆူးနှင့်ဇော်ဇော်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးပျော်သွားကြလေသည်။

ထိုမျှမက ဇော်ဇော်ဘက်မှ တင်တောင်းသည့်ပစ္စည်းများကို ကြော်ငြာသောအခါ ဆူးဘက်ကလည်း အားကျမခံ မင်္ဂ





လာဦးအဖြစ် လက်ဖွဲ့မည့်ပစ္စည်းများကို ကြော်ငြာပေးလိုက်သည်။

ခင်နှင်းဆီအတွက် သူရိန်ကစိတ်မကောင်း၊ ဆူးနှင့် ခင်နှင်းဆီ ကံတရားခြင်း ကွာခြားချက်ကို သူရိန်နှိုင်းယှဉ်ကာ စိတ်ထိခိုက်ပြီး မျက်စိမျက်နှာပျက်သွားသည်။ ဒါကို ဦးဇော်ဝင်းက ရိပ်မိသကဲ့သို့ ဒေါ်သက်ထားက ရိပ်မိလေသည်။

ခင်နှင်းဆီက ဘာမှမဖြစ်သလို ပြုံးပြုံးကလေးနေသည့်ကြားက စားသောက်ရန် ထမင်းဟင်းလျာများ လာချသောအခါ ကြည့်ရင်း မူးမိုက်ကာ. . .

"မောင်. . မ. . မ မူးတယ်"ဟု ခင်ပွန်းဖြစ်သူအားမှီရင်း သတိလစ်သွားလေသည်။

"ဟဲ့. . သား အိမ်ထဲခေါ်သွား"

ဆူးမိခင်က ဂရုတစိုက် သူ့အိမ်ထဲသို့သွင်းစေပြီးစေ့စပ်ပွဲသို့ ကြွလာသည့်သူငယ်ချင်းဆရာဝန်အား စမ်းသပ်ကုသစေသည်။

ဆရာဝန်ထွက်လာသောအခါ ပြုံးပြုံးရွှင်ရွှင်နှင့် သူရိန်အား လက်ကမ်းကာ. . .

"ကွန်ကရက်ကျူရေးရှင်း ဦးသူရိန်၊ မင်းအတွက် ဂျူနီယာသူရိန်ကလေးရတော့မယ်"

"ဟား"

သူရိန်က ဝမ်းသာအားရ ဒေါက်တာလက်ကိုဆွဲကာ သူ့စ်ရမ်းလိုက်ပြီးနောက် ဖခင်အားပြေးဖက်ကာ. . .

www.burmeseclassic.com



"ဖေဖေ ဖေဖေ့အတွက် မြေးဦးလေးရတော့မယ်"

"ဟုတ်ပ ဦးဇော်ဝင်းရယ်၊ ကျွန်မသမီးဆူးရဲ့ မင်္ဂလာအချိန်မှာ တကယ့်ကို မင်္ဂလာနိမိတ် သယ်လာပေးတဲ့အတွက် ကျေးဇူးပဲ၊ ကလေးအတွက် နိမိတ်ကောင်းအောင် မင်္ဂလာအိမ်က ပစ္စည်းတစ်ခု ပြန်ပေးရတယ်တဲ့၊ ဆူးရေ သမီးဆယ်တန်းအောင်တုန်းက ဝယ်ပေးထားတဲ့ ကျောက်စိမ်းလက်စွပ်ကလေး သမီးမမကလေးအတွက် ပေးလိုက်ပါ"

နိမိတ်တွေ အယူတွေကို လူငယ်တွေကနားမလည်၊ သို့သော်ဆူးက ကျေနပ်ပျော်ရွှင်စွာဖြင့် ခင်နှင်းဆီအိပ်နေရာအိပ်ခန်းသို့ သူရိန်နှင့် အတူလိုက်ဝင်ကာ သူ့လက်စွပ်ကလေးကို ခင်နှင်းဆီ၏ ဘယ်လက်သူကြွယ်၌ ဝတ်ပေးလိုက်လေသည်။

သူရိန်က. . .

"ကျေးဇူးတင်ပါတယ် မိဆူး"

"ဆူးက ကျေးဇူးတင်ရမှာပါ ကိုကိုသူရိန်၊ မေမေကပြောတယ် ဆူးတို့အတွက် မင်္ဂလာနိမိတ်တဲ့"

ဆူးပြန်ထွက်လာသည်။

သတိုးတို့က. . .

"ဆူး ထွက်ဧည့်ခံဦးလေ၊ တီချယ်တို့ လာနေတယ်"

"အေးပါဟ"

ဒေါ်သက်ထား ငြိမ်သက်နေသည်။ ဦးဇော်ဝင်းက ဇနီးဖြစ်သူအား အကဲခတ်နေသည်။

သတိုးကတော့ မိခင်အားမမြင်ချင်ဟန်ဆောင်ပြီး သူ့





အစ်ကိုအား ဝမ်းသာကြောင်းပြောကာ ပြန်ထွက်ပြီး ဧည့်သည်များကို ဝိုင်းဝန်းဧည့်ခံနေလေသည်။

"ကဲ. . ထား၊ လာ. . လာထမင်းစားလိုက်ပါဦး၊ ဝမ်းသာလုံးဆို့ပြီး မစားပဲမနေနဲ့ဦး"

ဆူး၏မိခင်က ဒေါ်သက်ထားအား ထမင်းစား စားပွဲ၌ ပြန်လည်နေရာချထားပေးသည်။

ဦးဇော်ဝင်းက စကားတစ်လုံးမှမပြောပဲ ငြိမ်သက်နေသော သူ့ပန်းကန်ထဲသို့ ဟင်းလျာများထည့်ပေးပြီး. . .

"စိတ်လျှော့လိုက်ပါ ဘွားဘွားရယ် မြေးပဲရတော့မှာကို ဆော်ကြာမြေးက ဘွားဘွားကြီးသူငယ်ပြန်တယ်ဆိုတဲ့အပြောနဲ့ သက်ခံနိုင်ပ့ါမလား၊ ချွေးမတွေရဲ့ အထင်သေးမှုကို မခံရအောင် သဘောထားကြီးပြစမ်းပါ၊ သားတွေရဲ့ချစ်ခင်မှုကိုလည်း အမြဲယူသွားနိုင်အောင် သဘောထားကြီးပြစမ်းပါ"

"ဟင်း. . ကိုသဘောထားကြီးရဲ့၊ တော်ပဲ သဘောထားကြီးပါ"

ဒေါ်သက်ထားသည် ခင်ပွန်းဖြစ်သူကို အငေါ်တူးလိုက်သည်။

"မောင်ပြောတာတွေဟာ သက်အတွက်ပဲဆိုတာ သက်အသိဆုံးပဲ နေမှာပါ၊ ကဲ. . စားစား. . အိမ်ရောက်မှ အေးအေးဆေးဆေးစကားပြောကြမယ်၊ ဒီည သူရိန်တို့လင်မယားကို သူတို့အိမ် ပြန်မလွှတ်နဲ့တော့၊ အိမ်မှာပဲအိပ်ပါစေ၊ နေမကောင်းတဲ့မိန်းမ ကောင်း ကိုယ်ခွဲလည်းမရှိပဲနဲ့ဆိုရင် လနုတုန်းစိတ်မချရဘူး. . ၊



www.burmeseclassic.com

www.burmeseclassic.com



မောင်တော့ ပြန်လက်ခံချင်ပြီ”

“ရှင့်သဘော. . ရှင့်သဘော. . ”

ဒေါ်သက်ထား စိတ်ကိုလျှော့ချလိုက်သည်။

တကယ်တော့ ခင်နှင်းဆီသည် ဖအေတူသမီးပါလား

ဘာကြောင့်များ ဖအေရုပ်နှင့် တစ်ပုံစံတည်း ဖြစ်နေရပါလိမ့်

ခင်ပွန်းဖြစ်သူအား မလုံမလဲအကဲခတ်လိုက်သည်။

ဦးဇော်ဝင်းကတော့ မြေးဦးရတော့မည်ဖြစ်သဖြင့် အ

လွန်အမင်း ပျော်ရွှင်နေပုံရသည်။

“သားအချစ်၊ မြေးအနှစ်” ဆိုတဲ့ စကားတယ်မှန်ပါလား


ဟုဒေါ်သက်ထွေး တွေးမိပြီးအညှိုးအတေးများသည် အလိုအ

လျောက်ကြေပျက်သွားလေသည်။









# အခန်း (၂၆)

“မင်းတို့ တိုက်ခန်းကို နှစ်ချုပ်နဲ့ငှားပြီး ဒီကိုပဲပြောင်းလာ

ကြတော့”

သူရိန်နှင့် ခင်နှင်းဆီသည် ပြန်ခါနီးမိဘနှစ်ပါးကို ကန်

တော့သောအခါ ဦးဇော်ဝင်းက ဆုပေးပြီးသည်နှင့် အမိန့်တစ်ခု

ချမှတ်လိုက်သည်။

သူရိန်က မိခင်အားလှမ်းကြည့်လိုက်သည်။ မိခင်က



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုကင်းမဲ့သူကဲ့သို့ ငြိမ်သက်နေသည်။

"သားတို့ကြောင့် မေမေအနှောင့်အယှက်ဖြစ်မှာနိုးတယ်"

"မဖြစ်ပါဘူး၊ မင်းအဖေစကားနားထောင်"

ဟုပြောပြီး အပေါ်ထပ်သို့တက်သွားလေသည်။

ဦးဇော်ဝင်းက ဒေါ်သက်ထားပျောက်ကွယ်သွားသည်နှင့်. . .

"အရှက်ပြေ. . ၊ အရှက်ပြေဆိုတော့ စကားသိပ်မပြောသေးတာ၊ အိမ်ကြီးက အကျယ်ကြီးပဲ သားနှစ်ယောက် အိမ်ထောင်ကျတဲ့အခါပါ နေနိုင်ဖို့ ရည်စူးပြီး ဆောက်ထားတာပဲ လာနေကြ၊ အိမ်အလုပ်သမားကလည်း သုံးလေးဦးရှိတာဆိုတော့ သားလည်း နောက်ကြောင်းအေးအေး စီးပွားရှာနိုင်တာပေါ့ကွယ်"

"မ. . သဘောကကော"

"ဖေဖေ မေမေတို့ရဲ့ သဘောအတိုင်းပါပဲ"

ခင်နှင်းဆီက ချွေးမအလိမ္မာပီသစွာ ပြောလိုက်လေသည်။ သတိုးကအောက်ထပ်သို့ ဆင်းလာပြီး. . .

"အိမ်ဘယ်နေ့ပြောင်းမှာလဲ"

"ရက်ရာဇာက မနက်ဖြန်၊ မနက်ဖြန်ပြောင်းခဲ့၊ သမီးလေးဘာမှ အလေးအပင် မ'မ'စေနဲ့နော်၊ မိသန်းတို့လင်မယားခေါ်သွားပြီး တောက်တိုမယ်ရခိုင်း၊ မနက်ဖြန် ပြောင်းလာခဲ့ကြ"

"ဟုတ်ကဲ့ပါ ဖေဖေ"





သူရိန်က ကျေနပ်ပျော်ရွှင်နေလေပြီ။

"ဖားအောက်သွားဖို့ကော"

"လနုသေးတယ်ကွ၊ လေးငါးလ စိတ်ချရတော့မှပဲ"

"အမလေး၊ သဲပဲ့ဗျာ. . ဓမ္မခန်းကစီးမှာပဲ"

"မိုးကျပြီးခါစဆိုရင် လမ်းတွေကဘယ်မှာကောင်းလို့သဲ၊ ချိုင့်တွေနဲ့ ရေတိုက်စားတာတွေက သိပ်များတာ၊ မင်းသွားခဲ့ရသားနဲ့"

"သဘောဗျာ. . သဘော၊ သားကိုတော့ ဖေဖေလိုက်ဆောင်းပေးရမယ်နော်"

"အေးပါကွာ၊ လင်စုံမယားဖက်ရှိတာ တို့လင်မယား နှစ်ယောက်စလုံး လိုက်နိုင်တဲ့အထိ မင်းသည်းခံစောင့်ပါ သားငယ်ရယ်"

ဖခင်ဦးဇော်ဝင်းက သားငယ်သတိုးအား ကျေနပ်စေရန် ချော့မော့လိုက်သည်။

"မမပါ လိုက်နိုင်အောင် ဒီဇင်ဘာလောက်မှ သွားပါသား"

"ဟင့်အင်း စကားမျှော်နေလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် အဘိုးအကြောင်းတော့ ပြောဦးမှဖြစ်မှာ"

"ဒါဖြင့် ညီညီပဲ အရင်သွားနှင့်ပါလား"

သူရိန်ကဝင်ပြောလိုက်သည်။

"စကားက လက်ခံပါ့မလား"

"ဒီဇင်ဘာရောက်ရင် မေမေကိုယ်တိုင်လိုက်မယ်လို့ ဖေ



www.burmeseclassic.com

www.burmeseclassic.com



ဖေအောမခံမှာလား"

"အေး . . ခုတော့ သူရှက်နေဦးမှာ၊ ချွေးမကြီးနဲ့ အရင်ပြေလည်ပါစေဦးသားရယ်၊ မင်းအမေက မာနကြီးတယ်၊ မြေးရရင်တော့ မာနကြီးနိုင်မှာမဟုတ်ပါဘူး၊ ကိုင်း ဖေဖေအလုပ်သွားမယ် သားငယ်ကော လိုက်ဝိုင်းကူပါဦးကွာ"

"ဟုတ်ကဲ့ဖေဖေ"

သတိုးက မဆိုင်းမတွပင် ဖခင်နှင့်အတူ လိုက်သွားလေသည်။ မိန်းမယူတော့မည့်သူအနေနှင့် . . လုပ်ငန်းခွင်သို့ ဝင်ရောက်သင့်ပြီထင်ပါသည်။

"ဖေဖေ ကျွန်တော်ကတော့ လက်ထပ်ပြီးရင် ဖေဖေတို့နဲ့အတူမနေချင်ဘူး"

"ဟေ"

"အကိုကြီးအဖရာ၊ ကိုကိုတို့လင်မယားက ဖေဖေတို့ကို စောင့်ရှောက်လိမ့်မယ်၊ သားတို့က သီးခြားနေမှာ"

"ဘယ်မှာနေမှာလဲ"

"ဟိုတလောက ခြောက်မိုင်မှာ ဖေဖေဝယ်လိုက်တဲ့တိုက်လေ"

"အဲဒါ . . ရှိုင်းပြီး သံရုံးပြန်ငှားမလို့"

"မငှားပါနဲ့ ဖေဖေရာ၊ သားကိုလက်ဖွဲ့နော်"

"အေးပါကွာ . . မင်းသဘော မင်းသဘော"

"ဒါကြောင့် ဖေဖေ့ကို သားကပိုချစ်ရတာ"

ဦးဇော်ဝင်းကရယ်ကာ . . .





"မင်းအမေကိုလည်း မင်းဒီလိုပဲညာတုတ်နေကြ မဟုတ်လား"

"ဟုတ်ကဲ့"

"ဒီခွေးမသား"

သတိုးမျက်နှာ ပြန်လည်ရွှင်ပြလာခြင်းကို တွေ့မြင်ရသောအခါ ဦးဇော်ဝင်း စိတ်ချမ်းသာလေသည်။

သားနှစ်ယောက်သည် သူတို့အိမ်ထောင်ရေးအတွက် အဓိက နှောင်ကြိုးမျှင်များဖြစ်လေသည်။

ဒီသားနှစ်ယောက်သံယောဇဉ်သာ မရှိခဲ့ပါက သက်ထား၏ချစ်ခြင်းမေတ္တာကို သူမျှော်လင့်၍ ရချင်မှရမည်။

ယခုမြေးပါရတော့မည်ဆိုတော့ သက်ထားစိတ်ပြောင်းသွားလောက်ပါပြီ။

သားတွေကတော့ ဘာမှမသိချေ။

ဦးဇော်ဝင်းသက်ပြင်းချလိုက်လေသည်။ မိဘများ၏ သဘောကျ လက်ထပ်ခဲ့ရသော အိမ်ထောင်ရေးဖြစ်သဖြင့် သက်ထားထံမှအချစ်ကို သူသံသယဖြစ်ခဲ့သည်။ သို့သော် မြေးတွေပါရလာပြီဆိုတော့ . . အိမ်ထောင်ရေး ၏အရင့်ကျက်ဆုံးသော နောက်ဆုံးကဏ္ဍကို ရောက်ရှိနေပြီဆိုတော့ . . အရာရာကို နားလည် ခွင့်လွှတ်ခြင်းများနှင့်သာ ရင်ဆိုင်ကြဖို့ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၂၈)

ခင်စံကား အိပ်မပျော်ချေ။

စားစား၊ သွားသွား၊ လာလာ၊ သတိုးကိုသတိရနေသည်။ သတိုးဆီက ဖုန်းအလာကို မျှော်နေမိသည်။

မိမိကတော့ စ၍ဖုန်းမဆက်ဘူးဟု ဆုံးဖြတ်ထားသည့်အလျောက် ရန်ကုန်သို့ ဖုန်းမခေါ်ပဲထားလိုက်သည်။

စောစောစီးစီး မိခင်က တယ်လီဖုန်းဆက်လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သမီးကြီးဆီလား၊ အလတ်ဆီလား၊ အငယ်ဆီလား တော့မသိ။

"ခေါ်လို့မရပါလား ကိုဘခိုင်"

"ဟုတ်ရဲ့လား မိအေးရယ်"

"ကိုင်မယ့်သူမရှိဘူးတဲ့ ဒီများ လာသလားမသိဘူး"

"အေးအေး ဖုန်းပျက်နေရင်လည်းဖြစ်နိုင်ပါတယ် ဘာမှ စိတ်မပူပါနဲ့"

"အေးပါတော်. . တော်သာ. . ငါ့သမီးကြီးကို သတိရ တယ်ကွာလို့သာ မဖြစ်စေနဲ့"

"မဖြစ်ပါဘူး၊ ကိုယ် မော်လမြိုင်သွားဦးမယ် မင်းလိုက် မလား"

"လိုက်မယ်"

"ဒါဖြင့် ကော်ဖီသောက်ပြီး သွားကြရအောင်နော်"

"ရှင့်အကြိုက် ရေစိမ်မုန့်တီလေးကွာလည်း အဆင့်သင့် ပါပဲရှင်"

မိဘနှစ်ပါး၏ ချစ်ခင်ကြင်နာမှုကို ခင်စံကားအမြဲကြုံ တွေ့ခံစားနေရသည်ဖြစ်သည်။

"သမီးငယ်ကော"

"ဘုရားဝတ်ပြုနေတယ်ထင်တယ်"

"ဩော်. . အေးအေး"

ခင်စံကားသည် ဘုရားရှိခိုးရင်း ကြားနေရသည်။

"အေးကွယ် သမီးသူငယ်ချင်းတွေပြန်သွားတော့ အိမ်





ကြီးပါ ခြောက်သွေ့သွားသလိုပဲ"

ဖခင်စကားကြောင့် စံကားရင်မှာ နင့်ခနဲဖြစ်သွားသည်။

သတိုးပြန်သွားတာ ငါးရက်ရှိပြီ၊ တစ်ပတ်နှင့် ဆယ်ရက် အတွင်းရောက်အောင်ပြန်လာမယ်ဟူသော ကတိစကားနှင့်အ ညီမှ ဖြစ်ပါ့မလားဟု ခင်စံကားစိုးထိတ်နေသည်။

ဒေါ်သက်ထားကော လိုက်လာပါ့မလား၊ လိုက်လာလျှင် ဘာတွေပြောရမည်နည်းဟု စီနေရသည်မှာလည်း စိတ်ပင်ပန်း လှလေပြီ။

အာဃာတအငြိုးအတေးသည် နှလုံးအိမ်ကို ဒုက္ခပေး နိုင်စွမ်းအရှိဆုံးဖြစ်သည်။

သတိုး၏ အပြစ်ကင်းစင်မှုကို သတိရမိသောအခါတိုင်း ရင်ဝယ် နင့်ခနဲခံစားနေရသည်။

"မီးငယ် အမေတို့ မော်လမြိုင်သွားဦးမယ်၊ ဘာမှာမလဲ"

"မမှာတော့ပါဘူး မေမေ"

"အေးအေး ဒါဖြင့်သွားမယ်"

မိဘနှစ်ပါး စီးထွက်သွားသောကားကို မျက်စိတစ်ဆုံး ကြည့်ရင်း ခင်စံကားသည် လသာဆောင်၌ရပ်လျက် ကျန်ရစ်ခဲ့ လေသည်။

သတိုးနှင့်ပါတ်သက်၍ လွမ်းဆွတ်သတိရခြင်းဖြစ်လိမ့် မည်ဟု ထင်မထားခဲ့။

ယခုတော့ အချစ်ဟူသောအရာသည် မီးနှင့်အလားတူ လေသည်။ သူ့အား တို့ထိရုံမျှနှင့် မိမိအား ပူလောင်မြိုက်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခံစားရလေသည်။

သတိုး၏ဒါရိုက်က နေရာတကာလိုက်၍ ကြီးစိုးနေလေသည်။

"မောင်လိုချင်တာက နှလုံးသားချင်း သိနားလည်ဖို့ပါ မိစံ၊ မိစံမှာ လျှို့ဝှက်မှုတွေရှိနေတယ်"

သတိုး၏ သံသယစကားကို ခင်စံကားအမြဲတစေ မလုံမလဲသတိရနေသည်။

"ဟော့ မိစံကားရှိသလား"

အတန်းတူ ဘာသာရပ်တူသူငယ်ချင်း မိငွေးရောက်လာသောအခါ. . .

"ဝေ့ ငါဒီမှာ အပေါ်တက်ခဲ့လေ"

"အေးဟေ့"

ခင်စံကားအသံလှမ်းပြုကာ ခေါ်လိုက်သည်။

မိငွေး တက်လာသည်။

"နင့်လူ ပြန်သွားပြီလား"

ကျိုက္ခမီဘုရားပွဲတွင် မိငွေးတို့နှင့်လည်း ဆုံစည်းခဲ့သဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ခင်စံကားက. . .

"ဘာလုပ်မလို့လဲ၊ ပြန်သွားပြီ"

"ပြောသံမကြားပဲနဲ့ တယ်မြန်ပါလား၊ နင်နဲ့ငါ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်လျက်နဲ့ နင်ကလျှို့ထားတယ်ပေါ့"

"ဒီလိုပဲ နဖူးစာရွာလည်တယ်"

"နင့်တို့ ဘယ်တော့လဲ"





ခင်စံကား တုန်လှုပ်သွားသည်။

ဆူးကျလဲဖက်၊ ဖက်ကျလည်းဖက်ဟူသော သဘာဝကို နားလည်သွားလေပြီ။

အကယ်၍သာ မင်္ဂလာပွဲဖြစ်မြောက်မလာဘူးဆိုပါက၊ တစ်ရွာသား သတိုးမှာ ဘာမှထိခိုက်နစ်နာစရာမရှိ။

မိမိသာလျှင် မိမိဇာတိမြေ၌ ပြောဆိုကဲ့ရဲ့ခြင်း ခံရဖွယ်သာရှိတော့သည်။ မိမိမှားသွားပြီဟု သိလိုက်ရသောအချိန်၌ နောင်တနှင့်အတူ သတိုးအား မျှော်လင့်စိတ်များ တစ်ပြိုင်နက်ဖြစ်ပေါ် ခံစားနေရသည်။

"ကျောင်းပြီးမှပါ"

"ကျောင်းပြီးမှဆိုရင်. . အင်း နင့်လူနင်ယုံသလား၊ ရုပ်ချောချော၊ ပိုက်ဆံပေါပေါ၊ ပြီးတော့. . မြို့ကြီးသား"

"မတတ်နိုင်ဘူးဟေ့ သစ္စာမရှိလို့ ကျောင်းချင်သပဆိုလဲ ကျောင်း၊ မလကကျောင်း. . ကတည်းပဲ"

ခင်စံကား အပြောကတော့ မလျော့ချေ။

"ဟုတ်ပါ့မလား၊ ပြီးမှ အသည်းကွဲနေမယ်နော်"

"ကြုံကြုံဖန်ဖန် ဥဒ္ဒုံမရဒေဝီလို အပြုံးမျိုး ငါကပြုံးပြလိုက်မှာပေါ့"

"အေးပါ ကျော်စွာနားထဲ အဲဒီသတင်းရောက်သွားတယ်ထင်တယ်၊ ငါ့ကိုလာမေးလို့ ငါကဟုတ်တယ်လို့ပြောလိုက်တော့ စွေ့စွေ့ခုန်နေတယ်၊ နင့်ကို ဦးအောင်လာတောင်းမယ် ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . တကယ်လား"

ခင်စံကား မျက်လုံးပြူးသွားသည်။ ကျော်စွာဖခင်သည် စက်လှေသူဌေး၊ ရော်ဘာသူဌေးဖြစ်သည်။ မော်လမြိုင်မြို့၏ မျက်နှာဖုံးဖြစ်သည်။

ခင်စံကားကို ကျော်စွာ တက္ကသိုလ်စတက်သည့်နှစ်က တည်းက အသည်းအသန်လိုက်ခဲ့သူဖြစ်သည်။ ခင်စံကားက ကျော်စွာကို ချစ်၍မရသဖြင့် ငြင်းပယ်ခဲ့သော်လည်း ကျော်စွာက စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေဆဲပင်ဖြစ်သည်။

"တကယ်ပြောတာ၊ သူ့အဖေနိုင်ငံခြားမှာ ဆေးသွားကု တာ ပြန်လာတာနဲ့ လာတောင်းမယ်ပြောတယ်"

"ဒုက္ခပါပဲ. . ငါကငြင်းမှာပဲ၊ ဒါပေမယ့်. . အဖေနဲ့ သူ့ အဖေက ခင်တယ်ဟ၊ အဖေသဘောတူလိုက်ရင် ဒုက္ခပဲ"

အမှန်ဆိုလျှင် သူ့အနေနှင့် တုန်လှုပ်စရာမလိုချေ။ ခေါ် သက်ထားကို လှလှပပကြီး ပညာပေးနိုင်စေရန်အတွက် အကွက် ဆိုက်ရောက်ခြင်းဟု ခင်စံကားနားလည်ပါသော်လည်း ရင်ထဲ၌ သတိုးမှလွဲ၍ ဘယ်ယောကျ်ားကိုမှ လက်မခံနိုင်အောင် ဖြစ်မိ လေသည်။

"နင့်မှာ ရည်းစားရှိကြောင်း နင့်အမေက မသိဘူးလား"

"မသိသေးဘူး၊ ငါ့မှ ဖွင့်မပြောသေးတာ"

"ဒီလိုဆိုရင် မြန်မြန်သာပြောထားလိုက်၊ အမေက နင့် ဘက်မှာရှိရင် ဘာမှပူစရာမလိုတော့ဘူး"

"ဟုတ်ပါ့မလား"





"ဟုတ်ပါတယ်အေ"

"ကျေးဇူးပါပဲ သူငယ်ချင်းရာ၊ လာ ရေစိမ်မုန့်တီစားရ အောင် အိမ်မှာလုပ်ထားတယ်"

အိမ်ရှင်ဝတ္တရားအတိုင်း ခင်စံကားက ထမင်းစား စားပွဲ သို့ခေါ်ဆောင်လိုက်သည်။ ရေစိမ်မုန့်တီကိုကြည့်ပြီး အစပ်မစား နိုင်သော သတိုးကို သတိရမိပြန်လေသည်။

ဖုန်းဆက်ရလျှင်ကောင်းမည်လား၊ နေပါစေတော့. . မိန်းမဈေးတော့အကျမခံနိုင်ဘူး၊ သူမှ မဆက်သွယ်ပဲ နေနိုင် သေးတာ၊ မိမိက ဘာကိစ္စဆက်သွယ်ရမှာလဲ"

နေပါစေတော့၊ ယခုမှပဲ ရှေးလူကြီးစကားထဲက "မိန်းမ ကြိုက်တော့မျှော်လိုက်တာ ဟူသောစကား"ကို အမှတ်ရမိလေ တော့သည်။


ခင်စံကား သတိုးအလာကို လွမ်းတသသနှင့် စောင့် မျှော်နေမိပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၈)

"ဒီဇင်ဘာမှ လာရောက်ကြောင်းလမ်းနိုင်မယ်၊ ခင်နှင်းဆီလည်း လိုက်လို့ရမှ ဖြစ်မှာပေါ့"

ဒေါ်သက်ထား၏ စကားသည် မှာကြောနေစေကာမူ ခွင့်ပြုချက်၊ သဘောတူညီချက်ဟု သိလိုက်ရသဖြင့် သတိုးဝမ်းသာအားရဖြစ်သွားသည်။

"ဒါဖြင့် သားကိုခွင့်ပြုနော်၊ သား အကျိုးအကြောင်းတွေ





သွားပြောပြထားမယ်"

"ဖုန်းနဲ့ပြောပါလား"

"ဖုန်းကခေါ်လို့မရဘူး၊ သုံးရက်ထဲပါ မေမေ"

"တစ်ယောက်ထဲလား"

"မဟုတ်ဘူး. . ဖက်တီးဖြစ်ဖြစ်၊ တော်မီဖြစ်ဖြစ် တစ်ယောက်ယောက်ခေါ်သွားမယ်"

"ဒါဖြင့်လည်းသွား၊ သုံးရက်ထဲနော်"

ဒေါ်သက်ထားသည် အရာရာကို ကိုယ်ဖန်တီး၍မရနိုင်မှန်း သိနေပြီဖြစ်ရာ မထူးတော့သည့်အဆုံး သားငယ်၏ ညှိုးနွမ်းနေမှုကို မကြည့်ရက်သဖြင့် လိုက်လျောလိုက်လေသည်။

ခင်ပွန်းဖြစ်သူကလည်း တရားပြသည်ကိုး၊ ယခုလည်း ကျေနပ်စွာဖြင့်. . .

"ဖေဖေကတောင် လိုက်ချင်တာ၊ စေ့စပ်တာ မဟုတ်တော့လည်း လိုက်ရအခက်သား"

ဒေါ်သက်ထားက မျက်စောင်းထိုးကာ. . .

"လူငယ်တွေကြား ဘာလိုက်ရှုပ်မလို့လဲ၊ ကြောင်းလမ်းတော့မှ တစ်ခါတည်းသွားတာပေါ့"

"အေးပါကွာ ကိုယ်ကလိုက်မယ်မပြောပါဘူး လိုက်ချင်တယ်ပြောတာပါ၊ ကိုယ့်ဆန္ဒကိုတောင် ထုတ်ဖော်ခွင့်မပေးတော့ဘူးလားကွာ"

"ကဲပါ ဖေဖေနဲ့ မေမေရယ်၊ ဒီဇင်ဘာရောက်မှ လိုက်ခဲ့ကြပါ၊ အဲဒီအခါလည်း မလိုက်လို့မရဘူး၊ နှစ်ဦးစလုံးလိုက်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ သားအားလုံး စီစဉ်ခဲ့မယ်နော်၊ သားမျက်နှာပျက်အောင် တော့ မလုပ်ပါဘူးနော် မေမေ"

"ဒီမှာသား ကိုယ့်သားကို ကတိမတည်တဲ့ယောကျ်ား၊ သစ္စာမဲ့တဲ့ယောကျ်ားအဖြစ်မျိုး မေမေအရောက်ခံနိုင်ပါမလား ကွဲ့"

"ကန်တော့နော်မေမေ၊ သားရင်ထဲမှာ အချစ်အတွက် ပူလောင်နေလို့ပါ"

သတိုးက မိခင်အားတောင်းပန်လိုက်သည်။ ဒေါ်သက်ထားက သားဖြစ်သူအားကြည့်ကာ. . .

အချစ်သည် ဖန်တီးယူ၍ရသော အရာမဟုတ်ကြောင်း ဘ၀အတွေ့အကြုံများအရ ကောင်းစွာသဘောပေါက်မိလေသည်။

ခင်နှင်းဆီ၏ လိမ္မာယဉ်ကျေးမှု၊ မိန်းမပီသမှုများကို တွေ့မြင်လာရသောအခါ၌ သူ့ရင်ထဲ ကိန်းအောင်းတည်ရှိနေခဲ့သော အငြိုးတို့သည် လုံး၀ချုပ်ငြိမ်းသွားခဲ့သည်။

သို့သော် ဖားအောက်ကိုလိုက်ဖို့အရေးတော့ တွန့်ဆုတ်နေမိသည်။

"သမီးကြီး ဘာစားချင်သလဲဟေ့၊ ဖေဖေပြန် ဘာ၀ယ်ခဲ့ရမလဲ"

ဦးဇော်၀င်းက ၀တ္တရားမပျက်ချေ။

"ရပါတယ် ဖေဖေ၊ အိမ်မှာအားလုံးပြည့်စုံနေတာပဲ"

"သွားစရာရှိရင် သားကြီးကိုပြော၊ သူကိုယ်တိုင်လိုက်





ပါစေ"

"ဟုတ်ကဲ့ပါဖေဖေ၊ သမီးမှာ အပြင်ကိစ္စမရှိပါဘူး"

ယောက္ခထီးနှင့် ချွေးမအတိုင်အဖောက်ညီနေခြင်းကို ဒေါ်သက်ထား နားကြားပြင်းကပ်လာသည့်အလား. . .

"ဦးဇော်၀င်းရေ စိတ်ချ၊ ရှင့်သမီး ဘာမှမဖြစ်စေရဘူး၊ နှမလည်း မျက်လုံးဒေါက်ထောက် ကြည့်နေပါတယ်ရှင်၊ သူချင်တာတွေ အကုန်ဖန်တီးပေးထားပါတယ်"

"ဟုတ်ပါတယ် ဖေဖေ၊ မေမေကသမီးကို လိုလေသေးအောင် စောင့်ရှောက်ပါတယ်"

"အေးပါကွာ မေမေလည်းစောင့်ရှောက်၊ ဖေဖေလည်း စောင့်ရှောက်၊ ယောကျ်ားကလည်းစောင့်ရှောက်ဆိုတော့ ပိုပြီး ကောင်းဘူးလား"

"ကောင်းပါတယ်ရှင်. . ကောင်းပါတယ်၊ ဆယ်နာရီ အ ညီးအဝေးရှိတယ်ဆို သွားတော့လေ"

ဒေါ်သက်ထားက သတိပေးလိုက်မှ ဦးဇော်၀င်း ထွက် သွားလေသည်။

"သား. . မြို့ထဲသွားဦးမယ်၊ ဖားအောက်အိမ်အတွက် လက်ဆောင်တွေ သွား၀ယ်ဦးမယ် မမဘာမှာဦးမလဲ"

"မမှာတော့ပါဘူး. . . ၊ ညီရဲ့ကိုကို ၀ယ်လာလိမ့်မယ်၊ အဘပူကပါလာတဲ့လက်ဆောင်လေးတွေ ထည့်ပေးလိုက်မယ် လေ"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



သတိုးအိမ်ထဲမှ ထွက်သွားသည်နှင့် ဒေါ်သက်ထား က...

"သမီး ထိုင်ပါဦး၊ သမီးညီမကတော့ သမီးလိုပဲ လှသ လား"

"ဟုတ်ကဲ့ ညီမလေးက ပိုချောတယ်..၊ ညီအစ်မလေး ယောက်ထဲမှာ သူအလှဆုံးပဲလို့ ပြောကြတာပဲ"

"ဪ...ဒါကြောင့် သားငယ်က စွဲစွဲလမ်းလမ်းဖြစ် နေတာကိုး"

ခင်နှင်းဆီက ဘာမှဝေဖန်ချက်မပေးပဲ သိုးမွှေးကိုသာ ထိုးနေလိုက်သည်။

"အညောင်းမိမယ်လေ သမီး၊ ကလေးအတွက်က ဝယ် လို့ရသားပဲကွယ်"

"ကလေးအတွက်မဟုတ်ပါဘူး ဖေဖေ့အတွက် မာ လာပါ၊ မေမေ့အတွက်က ဘုရားရှိခိုးဖို့ လျှာစောင်ထိုးပြီးသွား နှစ်ထည်စလုံးပြီးမှ ကန်တော့မလို့"

"အညောင်းမခံပါနဲ့"

"မညောင်းပါဘူး မေမေ၊ အိမ်အလုပ်မလုပ်ရတော့ ပျင်းနေလို့ပါ"

"အဖော်တွေရှိတာပဲ၊ သူတို့ကိုပဲခိုင်းပါ၊ ကိုယ်ဝန်ဆောင် မိခင်ဆိုတာ အစစအရာရာ ဆင်ခြင်ရတယ်၊ လာမယ့်သောကြာ နေ့ကစပြီး အိုဂျီနဲ့ပြမယ်နော်သမီး"

"ဟုတ်ကဲ့ပါ မေမေ"





ဒေါ်သက်ထားရင်ထဲ၌ အမုန်းတရားတို့ပြေလေပြီ.. ခင်နှင်းဆီအား ဖားအောက်ရှိမိသားစုအကြောင်း မေးမြန်းသည်။

ခင်နှင်းဆီကလည်း ရိုးသားစွာဖြင့် လက်ရှိအနေအထား ကိုရှင်းပြလေသည်။

ဒေါ်သက်ထား သက်ပြင်းချလိုက်သည်။ တော်သေး သည်ကလေးတွေက ဘာဆိုဘာမှ သိထားပုံမရသဖြင့် ဖြေသာ သေးသည်။

မိမိကိုက မှားတာပါ၊ မိမိအပေါ်၌ ချစ်လွန်းအားကြီး သော ခင်ပွန်းရှိနေပါလျက်၊ ဥပက္ခာတရား မထားနိုင်ခြင်း၊ နာ ကြည်းစိတ်မပြေနိုင်ခဲ့ခြင်းကိုက လွန်အားကြီးသည်။

ယခုတော့ ဘာမှမတတ်နိုင်တော့၊ နှစ်အိမ့်တစ်အိမ် ခမည်းခမက် ဖြစ်နေရပြီ။


မျက်နှာချင်းဆိုင်တွေလျှင် သန့်စင်သောမျက်ဝန်းဖြင့် ကြည့်နိုင်ပေလိမ့်မည်ဟု မိမိကိုယ်မိမိယုံကြည်အားပေးလျက်..



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

ဖက်တီးကော တော်မီကောလိုက်သဖြင့် သတိုး ပျော်
ရွှင်သွားသည်။

"သတိုး ဘယ်မှာတည်းမလဲ"

"ဒီတစ်ခါတော့ မိန်းကလေးတွေလည်း မပါပဲနဲ့ဆိုတော့
အားနာပါတယ်ကွာ၊ မော်လမြိုင်ဟိုတယ်ပဲ တည်းရအောင်"

"အေး ငါကလည်း အဲဒီလိုစိတ်ကူးထားတယ်၊ စံကား





တော့ ကျေနပ်မှာမဟုတ်ဘူး"

"ညမှာ ဟိုတယ်မှာပြန်အိပ်၊ မိုးလင်းကမိုးချုပ်တော့ သူတို့ဆီမှာပဲ သွားနေပေါ့ကွာ"

"အေး ကောင်းသားပဲ ရောက်ရောက်ချင်း ဟိုတယ်မှာ နေရာယူ ပစ္စည်းချထားပြီးမှ သူ့ဆီသွားကွ၊ တော်ကြာ ခေါ် နေဦးမယ်"

တော်မီကအကြံပြုလေသည်။

သတိုးက သူငယ်ချင်းများ၏ အကြံဉာဏ်ကို လက်ခံလေသည်။

မုတ္တမမှ မော်လမြိုင်သို့ကူးသော ဇက်ကိုစောင့်ရင်း သတိုးရင်ထဲ ပျော်ရွှင်ကြည်နူးလာသည်။

ခင်စံကားသိလျှင်ဝမ်းသာမည်။ မမကြီး ခင်နှင်းဆီကိုလည်း ယောက္ခမကကြည်ဖြူစွာဖြင့် အိမ်ပေါ်သို့ခေါ်တင်ထားပြီး၊ ပြီးတော့ ခင်နှင်းဆီတို့မိဘများအတွက် မြေဦးမဟုတ်သော်လည်း မြေဦးရေ တိုးပွားတော့မည့်အရေးအတွက် စာများ လက်ဆောင်များကိုသူသည် ယူဆောင်လာရသဖြင့် သတိုးအထူး ပင်ပျော်ရွှင်နေသည်။

"မျက်နှာကြီးကလဲကွာ. . အရင်တုန်းက လဒမျက်နှာ၊ အခုတော့ မှီရတဲ့မျက်နှာ၊ ကွာခြားလိုက်တာကွာ"

"မနာလိုမဖြစ်နဲ့၊ မင်းတို့မှာ အချစ်တောင် မူးလို့ ရှူစရာ ရှိလို့လားကွ"

သတိုးက အူမြူးစွာဖြင့် နောက်ပြောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အချစ်ဆိုတာ ရှုစရာတဲ့ သတိုး. . သိပ်ကောင်းတဲ့ အဘိဓာန်ပဲ"

"ဒီကောင်က ဟုတ်ချင်ဟုတ်မှာပေါ့၊ ပါးကွက်ကျားဆိုတော့ သနပ်ခါးနံ့လေးတသင်းသင်းက"

"ဟော့ကောင်တွေ တော်ပြီကွာ"

သတိုးကိုယ့်ရှုံးကိုယ်ပြန်ပတ်သဖြင့် ဟန့်တားလိုက်ရသည်။

လူငယ်တို့သဘာဝ ချစ်သူနှင့်တွေ့ရမည်ဆိုတော့ ဇွော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ရင်ခုန်ခြင်းတို့က အထွတ်အထိပ်သို့ရောက်ရှိနေသည်။

သို့သော်. . အပျော်လွန်လျှင် ငိုရတတ်တယ်ဟူသောစကားသည် သတိုးတို့အတွက် သာဓကဖြစ်သွားလေသည်။

သတိုးတို့အတွက် သာဓကဖြစ်သွားလေသည်။

သတိုးတို့အား ဂရုတစိုက်စောင့်ကြည့်နေသော လူငယ်တစ်ဦးကို သတိုးတို့ သတိမမူလိုက်မိ။ ထိုလူငယ်သည် ခင်စံကားအား တစ်ဘက်သတ် ချစ်ကြိုက်နေသောသူဖြစ်သည်။ ဖခင်တို့မင်္ဂလာဒုံလေယာဉ်ကွင်းတွင် သူငယ်ချင်းများနှင့် သွားကြိုပြီးပြန်လာစဉ် ဇက်ဆိပ်မှာ သတိုးတို့နှင့် ဆုံသည်။

သတိုးတို့အတွဲအား ကျိုက္ကမီဘုရားပွဲတွင် မြင်ဖူးထားသောသူငယ်ချင်းနှစ်ဦးကလည်း ပါသဖြင့်သတိုးအား ကောင်းစွာမှတ်မိနေရာ ကျော်စွာကိုပြသသည်။

ကျော်စွာတို့က ဖခင်မသိအောင် ခေါင်းချင်းဆိုင်ကြ





သည်။ သတိုးတို့က ဘာမှမသိ။

မော်လမြိုင်ဟိုတယ်တွင် နေရာယူပစ္စည်းများ ရေမိုးချိုးပြီးသည်နှင့် ဖားအောက်သို့ထွက်ခဲ့ကြသည်။

ရွှေနတ်တောင်အလွန်နှင့် ဖားအောက်ရွာအရောက်တွင် နောက်မှကားတစ်စီးက ဟွန်းပေးကာအတင်းကျော်တက်သည်။

"ဟ. . ဘယ်လိုလဲ၊ လမ်းပေးထားရက်နဲ့"

"အချက်ပြပြီး ရပ်ခိုင်းနေတယ်"

ထိုကားက ရှေ့မှပိတ်ရပ်လိုက်သည်။

"ဘယ်သူတွေလဲကွ"

သတိုးတို့ ကားရပ်လိုက်သည်။

ကားပေါ်မှာလူလေးယောက်ဆင်းလာပြီး. . .

"ဒီမှာအပေါင်းအသင်းတို့၊ မင်းတို့ဒီလမ်းက နောက်ကြောင်းပြန်လှည့်သွားရင် ကောင်းမယ်ထင်တယ်"

တော်မီက ခပ်အေးအေးပင်. . .

"ဟ. . ဘာဖြစ်လို့လဲ၊ လမ်းပြင်နေလို့လား၊ လမ်းပြင်ရင်လမ်းလွှဲ ရှိမှာပါ၊ ခုလိုသတိပေးတော့ ကျေးဇူးတင်တယ်ကွာသွားမယ်နော် လမ်းဖယ်ပေး"

"လမ်းပြင်နေလို့လဲ မဟုတ်ဘူးကွ၊ သွားစရာမလိုဘူး။ လှည့်ပြန်တော့လို့ မင်းတို့ကို အမိန့်ပေးနေတာ"

"ဟတ်. . ဟား. . အမိန့်ပေးရအောင် မင်းတို့က ဘာကောင်တွေမို့လို့လဲ ငါတို့လမ်း ငါတို့သွားမယ်၊ ဒါပြည်သူပိုင်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ မင်းတို့ကြီး ပိုင်တာမဟုတ်ဘူး"

"အေးအေးဆေးဆေးပြောတာ လက်မခံဘူးဆိုရင်တော့ သွေးပူလေ့ကျင့်ခန်းလေး ကျင်းပကြရအောင်"

"အလကား သက်သက်မကျင်းပနိုင်ဘူး၊ ဘာကြောင့်စိမ်းခေါ်သလဲ သိချင်တယ်"

သတိုးက အေးဆေးစွာမေးလိုက်သည်။

ကျော်စွာက ရှေ့တိုးလာသည်။ သတိုးအား စားတော့မတတ်၊ ဝါးတော့မတတ်ကြည့်ကာ. . .

"သိချင်ရင် ပြောတာပေါ့၊ ခင်စံကားဟာ ငါ့ရည်းစားသဲ မင်းကြောင့် အရောင်တွေပြောင်းသွားတယ်၊ ဒါကြောင့်. . မင်းနောက်ဆုတ်ပေးပါ"

သတိုးနှလုံးသားက လက်မခံနိုင်၊ ခင်စကားသည် ရည်းစားရှုပ်သော မိန်းမရှုပ်ကလေးတစ်ယောက်မဟုတ်ဟု ယုံကြည်ပြီးသားဖြစ်သည်။ ခင်နှင်းဆီမှတဆင့် ခင်စံကားအား ချစ်ကြိုက်ကြသူများ၊ ချစ်ရေးဆိုကြသူများစွာ ရှိသည့်အကြောင်း၊ ခင်စံကားက ပြတ်သားစွာ ငြင်းပယ်တတ်သည့် အကြောင်းကို သတိုးသိရှိပြီးဖြစ်ရာ တွေဝေမနေပဲ။

"ဟ. . ဒီကိစ္စက နှလုံးသားကိစ္စပဲ၊ နှလုံးသားကိစ္စကို လက်ရုံးနဲ့ ဖြေရှင်းစရာမလိုပါဘူး၊ မင်း ခင်စံကားအိမ်ကို လိုက်ခဲ့လေ၊ သူနဲ့မျက်နှာချင်းဆိုင် ဖြေရှင်းကြမယ်၊ ငါနောက်ဆုတ်သင့်ရင် ဆုတ်ပေးမယ်၊ မင်းနောက်ဆုတ်သင့်ရင် မင်းဆုတ်"

"ဟုတ်တယ် ဒါအကောင်းဆုံးပဲ"





တော်မီနှင့်ဖက်တီးက သတိုးဘေးတစ်ဘက်တစ်ချက်တွင် ဝင်ရပ်ရင်းပြောလိုက်သည်။

ကျော်စွာက ရှုးရှုးရှားရှားဖြစ်ကာ လက်မခံပဲ. . .

"မရဘူး အပျော့ဆွဲလာမဆွဲနဲ့၊ ယောက်ျားပဲ သတ္တိရှိရှိ ရင်ဆိုင်မယ်၊ မင်းကိုဒီနေရာကနေ ရှေ့ကိုတစ်လက်မမှ ကျူးကျော်ခွင့် မပေးနိုင်ဘူး"

"ဒါ မင်းတစ်ဦးတည်းပိုင်လမ်း မဟုတ်ဘူး၊ ဖယ်ကွာ. . မင်းကား ဖယ်ပေး"

"ရော့ ဒါပဲပေးမယ်"

ကျော်စွာက သတိုးကိုစတင်ထိုးသည်။

သုံးယောက်နှင့် ငါးယောက်ဖြစ်သည့်ပွဲသည် ပြင်းထန်လှသည်။ သတိုးနှင့်သူငယ်ချင်းများသည် ကိုယ်ခံပညာများကို တတ်ကျွမ်းကြသူများ ဖြစ်ရာ၊ ငါးယောက်မယှဉ်နိုင်သောအခါ ဓါးနှင့်ချိန်းကြိုးများကို သုံးလာသည်။ ညစ်ပတ်မှုများသုံးလာသဖြင့် သတိုးတို့မှာ သတိမလစ်တမ်း ရင်ဆိုင်နေရာမှ ချိန်းကြိုး၏ ရိုက်ချက်ကို သတိုးတစ်ချက်မိသွားသည်။

ထိုစဉ် အဝေးပြေးကားလမ်းပေါ်သို့ ခရီးသည်တင်ကား တစ်စီး ဖြတ်သန်းလာရာ. .

သတိုးမျက်နှာပေါ်သို့ ချိန်းကြိုးတစ်ချက်ထပ်ကျသွားရာ. . .

သတိုးမျက်ဝန်းမီးပွင့်ကာ အမှောင်ထုထဲကျရောက်သကဲ့သို့ ဟန်ချက်မထိန်းနိုင်ပဲ ပစ်လဲသွားသည်။ အကျမတော်ပဲ



www.burmeseclassic.com

www.burmeseclassic.com



စွန်းထွက်နေသော ကျောက်တုံးနှင့်ခေါင်းထိကာ သတိုးသတိလစ်သွားခဲ့သည်။

"သတိုး"

ခရီးသည်တင်ကားနှင့် တပ်မတော်အရာရှိကားတစ်စီး ရောက်လာသဖြင့် သူတို့အား နီးစပ်ရာရွှေနတ်တောင် ရဲစခန်းသို့ ခေါ်ဆောင်သွားသည်။

ဒဏ်ရာအပြင်းထန်ဆုံး သတိုးကိုတော့ နီးစပ်ရာဆေးရုံသို့တင်လိုက်လေသည်။

ဆွမ်းခံရင်း ငှက်သင့်လေပြီ။ သတိုးကိုသာ သဲသဲမဲမဲ ဝိုင်းအုံချသဖြင့် သတိုးခံလိုက်ရခြင်းဖြစ်သည်။

တော်မီနှင့် ဖက်တီးမှာ တောက်တစ်ခေါက်ခေါက်နှင့် အံခဲမကြေ။ ရန်ကုန်ရှိ မိဘများနှင့် ဖားအောက်ရွာရှိ ဦးဘခိုင်အား အကြောင်းကြားရန် လိပ်စာပေးလိုက်သည်။

သတိုးက သတိလစ်ဆဲပင်။

ခရီးသည်တင်လိုင်းကားတွင် ပါလာသောမိသန်းက ဖားအောက်ရွာသို့ရောက်သည်နှင့် ခင်စံကားထံအပြေးအလွှား သတင်းလာပို့သည်။

"မိစံကား မိစံကား"

"ဟဲ့. . မိန်းကလေး၊ ပျာယီးပျာယာနဲ့ ဘာလဲကွဲ့"

"ကိုယ်ကျိုးတော့နည်းကုန်ပြီထင်တယ် မိစံကားကော"

"ရေချိုးနေတယ်ထင်တယ်၊ ဘာဖြစ်လာတာလဲ မောကြီး ပန်းကြီးနဲ့၊ ရေသောက်လိုက်ဦး"





ဒေါ်အေးရင်က မိသန်းအားမသက်သာသဖြင့် ရေတစ်ခွက်ခပ်တိုက်ပြီး. . .

"ဘာဖြစ်လာတာလဲဆိုတာ တို့များကို အရင်ပြောပါဦး"

"သတိုး. . သတိုးနဲ့ ကျော်စွာတို့အဖွဲ့ ရန်ဖြစ်ကြတာ သတိုး သေပြီလားမသိဘူး၊ သွေးသံရဲရဲနဲ့ ဆေးရုံခေါ်သွားကြပြီ"

ဒေါ်အေးရင်က ရင်ဘတ်ကို လက်နှင့်ဖိကာ. . .

"ဘုရား. . ဘုရား. . သေကံမရောက် သက်မပျောက်ပါစေနဲ့၊ ဟဲ့. . နင်ကိုယ်တိုင် တွေ့ခဲ့တာလား မိသန်းရယ်"

"တွေ့ခဲ့တာပေါ့၊ ကျွန်မတို့ကားနဲ့ စစ်ကားတစ်စီးရောက်လာပေလို့၊ မရောက်လာရင် အမလေး. . လေး မတွေးဝံ့စရာပဲ"

"မိသန်းပါလား၊ ဘာဖြစ်လို့လဲ"

နားစွန်နားဖျားကြားလိုက်ရသဖြင့် လှမ်းမေးလိုက်ရာ။

"ဘယ်သူရှိရမှာလဲ၊ နင့်ရည်းစားကို ကျော်စွာတို့ဝိုင်းချလို့လေ"

"ဟင် ဘယ်မှာလဲ ဘယ်နားမှာလဲ"

"ဆေးရုံရောက်သွားပြီ"

"ဘယ်ဆေးရုံလဲ"

"ခုလောလောဆယ်တော့ ရွှေနတ်တောင်စစ်ဆေးရုံမှာပဲ တင်လိုက်ကြတယ်"

ခင်စံကားမှာ. . မျက်ရည်များ ရစ်သိုင်းဖွဲ့လာပြီး မိသန်းအား လှမ်းကြည့်လိုက်သည်။

"အမေ. . မီးလိုက်သွားချင်တယ်"



www.burmeseclassic.com

ဒေါ်အေးရင်သည် သမီးဖြစ်သူ၏ဖုံးကွယ်ထားမှုကို တွေ့မြင်လိုက်ရသဖြင့် ရုတ်တရက်အံ့အားသင့်သွားသည်။

သို့သော်. . .

"အေး. . မီး အဖေနဲ့ အတူသွားပေါ့။ ခိုက်ရန်ဖြစ်ပွားမှု ဆိုတော့ အမှုအခင်း ဖြစ်သွားပြီ၊ ဒီအထဲကို သမီးပါ ဝင်ရမယ်ဆို တော့ ဒီအတိုင်းသွားလို့ မဖြစ်သေးဘူး၊ အဖေနဲ့သွား"

"ကျော်စွာ မိုက်ရိုင်းတယ်"

"အင်း. . အချစ်ဇောနဲ့ အမှားအမှန် မခွဲခြားနိုင်ပေဘူး ပေါ့ကွယ်၊ အမေတို့မှာလည်း သမီးချောချောတွေ မွေးထားမိ တာကိုး၊ ဒါကြောင့် အရွယ်ရောက်လာတာနဲ့ အိမ်ထောင်ရက် သား ချပေးလိုက်တာပဲ မိသန်းရေ"

ခင်စံကားသည် မိခင်စကားကို မကြားနိုင်၊ သူ့ဇောနှင့် သူ ဥယျာဉ်ခြံထဲရောက်နေမည့် ဖခင်ထံသို့ဖုန်းဆက်ခေါ်သည်။

ဖခင်က ဘုမသိဘမသိလာခဲ့မည်ဟုပြောပြီး ဖုန်းချစဉ် ခင်စံကားတယ်လီဖုန်းက ခေါ်သံထပ်မြည်လာသည်။

ရွှေနတ်တောင်ရဲစခန်းမှ ဦးဘခိုင်အားတွေ့ဆုံရန် ခေါ် ခြင်းဖြစ်သည်။

"ဦးဘခိုင်ထံလာတဲ့ ဧည့်သည်နဲ့ မော်လမြိုင်ကလူငယ် အချို့ရန်ဖြစ်ကြလို့ပါ၊ အဲဒီကိစ္စအတွက် ဆွေးနွေးရအောင် ခေါ် တာပါ"

"ဟုတ်ကဲ့ ကျွန်မတို့အခုပဲ လာခဲ့ပါ့မယ်ရှင်"

ခင်စံကားက အသံတုန်လေးဖြင့် တုံ့ပြန်လိုက်သည်။





ခင်စံကား နားလည်လိုက်ပြီ။ သတိုးအား ဟန်ဆောင် ခြင်းမဟုတ်ပဲ၊ တကယ့်ကို နှလုံးသည်းပွတ်ထဲက ပေါက်ဖွားလာ သော ချစ်ခြင်းနှင့်အတူ ချစ်မိနေခြင်းဖြစ်သည်ဟု။

"ဘုရား. . ဘုရား၊ သူ ဘာမှမဖြစ်ပါစေနဲ့"

"သွေးတွေကတော့ မြင်မကောင်းအောင် ရွှဲနစ်နေတာ ပဲ"

မိသန်းက အလိုက်ကန်းဆိုးမသိ ဝင်ပြောရာ ခင်စံကား မှာ မျက်ရည်များပိုးပိုးပေါက်ပေါက်ကျလေရာ. . .

ဒေါ်အေးရင်က. . .

"ဒီလိုရုပ်ပျက်ဆင်းပျက်နဲ့တော့ မသွားနဲ့မီးငယ်၊ ကိုယ့် စိတ်ကို နိုင်မှသွား၊ ပါးကွက်သွားဖျက်လိုက်ဦး၊ မျက်ရည်တွေနဲ့ ဘွက်တိကွက်ကျား ဖြစ်ကုန်ပြီ"

"ဟုတ်"

ခင်စံကားက မိခင်စကားအတိုင်း လိုက်နာပြီး မျက်နှာ သစ်လိုက်ပြီး မိတ်ကပ်ရည်လူးကာ ပေါင်ဒါဖို့လိုက်သည်။ နှုတ် ခမ်းက ဆိုးဆေး သုံးစရာမလိုပဲ စတော်ဗယ်ရီရောင်ပြေးနေ သည်။

ထိုအချိန်တွင် ဦးဘခိုင်ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ"

"သတိုးတို့ကို ကျော်စွာတို့က ရန်ရှာပြီး ရန်ဖြစ်ကြတာ တဲ့ ကိုဘခိုင်"

"ဘာဖြစ်လို့ ရန်ရှာရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော့်သမီးကိစ္စနေမှာပေါ့"

"အင်း ဒီလိုဆို သမီးငယ် မလိုက်ခဲ့နဲ့ သိက္ခာကျပါတယ်"

ခင်စံကား မျက်စိမျက်နှာပျက်သွားသည်။

"သတိုးက ဧည့်သည်ပါဖေဖေ"

"ပါလာချိန်ရောက်မှပဲ သွားတွေ့ပေါ့ မီးငယ်. .၊ အဖေ ကြည့်ရှင်းခဲ့မယ်"

ခင်စံကား မလွန်ဆန်ဝံ့တော့. . .

"ကဲ မိအေး မင်းလိုက်ခဲ့"


"ဟုတ်ကဲ့ ကိုဘခိုင်"

ခင်စံကားဘာမှ မတတ်နိုင်တော့ပဲ မိဘနှစ်ပါးစီးထွက် သွားသော ကားကို မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ ငေး ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။









# အခန်း (၃၀)

ခင်စံကားဂနာမငြိမ်၊ မိဘနှစ်ပါးထွက်သွားတာ လေး နာရီမကတော့၊ ညနေပင်စောင်းနေပြီဖြစ်ရာ ဘာလုပ်ရမှန်းမသိ ထွက်မျှော်နေမိသည်။

ထိုစဉ် ကားနှစ်စီးဝင်လာသည်။ တစ်စီးကအိမ်ကကား ဖြစ်ပြီး၊ ကျန်တစ်စီးက သတိုး၏ ပါဂျဲရိုဖြစ်သည်။ မောင်းသူမှာ ကတိုးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ သတိုးကော"

ခင်စံကားဟန်မဆောင်နိုင်၊ မိခင်အားပြေးကြိုရင်း မေး လိုက်သည်။

"ဆေးရုံမှာ တင်ထားတယ်"

"သတိရပြီလား"

"မရသေးဘူး"

"ဟင် ဘယ်လိုဖြစ်တာလဲဖက်တီးရယ်"

ဖက်တီးက ခင်စံကားမေးခွန်းကိုမဖြေနိုင်သေး၊ ဖက်တီး မျက်နှာမှာလည်း အညိုအမဲများရှိနေသည်။

"ကဲပါ သမီးရယ်၊ နောက်တော့ အေးအေးဆေးဆေး ရှင်းပြပါလိမ့်မယ်၊ ဖက်တီးရေမိုးချိုးပြီး နားပါစေ၊ ဒဏ်ရာတွေ လဲ ကြပ်ထုပ်ထိုးပေးဖို့ အမေလုပ်လိုက်ဦးမယ်"

"သတိုးကို တစ်ယောက်ထဲထားခဲ့သလား အမေ"

"နာပ်စ်လည်းငှားခဲ့ပေးတယ်၊ တော်မီလည်းစောင့်နေ တယ်၊ တော်မီက ဒဏ်ရာသိပ်မရတော့ သူပဲနေခဲ့မယ်တဲ့၊ မော် လမြိုင်ပြည်သူ့ဆေးရုံကြီးကို ပြောင်းပို့လိုက်ပြီလေ"

"ဩော်. . မီး စောင့်လို့မရဘူးလား"

"နောက်နေ့မှသွားပါ မီးငယ်ရယ်၊ လာ သား ရေချိုး အောင်၊ ရွှေစာ ရေနွေးစပ်ပေး၊ ရွှေမိ ကြပ်ထုပ်ထိုးဖို့ သရက် ကြီးရွက်တို့ ဘာတို့ ခူးလိုက်ဦး"

ဒေါ်အေးရင် စကားစကိုဖြတ်လိုက်မှ ခင်စံကားသည် ဖက်တီးအား လှမ်းကြည့်လိုက်သည်။





ဖက်တီးမှာ ပါးစောင်တွင်ပါ ရောင်ကိုင်းနေသဖြင့် စကားဟဟ မပြောနိုင်ချေ။

ဦးဘခိုင်က သမီးဖြစ်သူအားကြည့်ပြီး တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသည်။

သမီးလေးယောက်ရှိသည့်အနက် သုံးယောက်ကို သက်လွှတ်လိုက်ရပြီ။ ယောင်နောက်ဆံထုံးပါခြင်းကို ဦးဘခိုင် အားလည်း သဘော ပေါက်ခဲ့ပါသည်။

သို့သော် သမီးအငယ်ဆုံးလေးတော့ အိမ်ထောင်ပြုပေး ချင်တော်င်မှ ဤဒေသမှလူနှင့်သာ အိမ်ထောင်ချပေးပြီး မိမိတို့ မျက်စိရှေ့မှာသာ ထားချင်သည်။

ယခု သမီးက တစ်ရွာသားညေ့်သည်ကိုမှ ရည်းစားလုပ် လေပြီဆိုတော့ ဦးဘခိုင်တို့၏ နောက်ဆုံးမျှော်လင့်ချက်ကို သက်လွှတ်လိုက်ရပေတော့မည်။

သတိုး၏ မိဘများလိုက်လာလျှင်တော့ ထူးခြားနိုင် သည်။ သူတို့၏သားအား အန္တရာယ်ပြုစေခဲ့သော ဤဒေသတွင် အားတော့မည်မဟုတ်။ သမီးနှင့်တောင် သဘောတူချင်မှတူ မည်။

သဘောမတူဘူးဆိုလျှင်တော့. . သမီးက မိန်းမဂုဏ် သိက္ခာကို အကျခံပြီး မောင်သတိုးကို လက်ထပ်ယူမည်မဟုတ်။ အကယ်၍ မောင်သတိုးမိဘများက သဘောတူလက်ထပ်ပေးပြီး သမီးကိုပါ ခေါ်သွားလျှင်တော့ ဦးဘခိုင်တို့ စတုတ္ထအကြိမ် ပူ ဆွေးရပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ သတိုးဒဏ်ရာက ဘယ်နေရာကိုထိသွားတာလဲဟင်"

"ချိန်းကြိုးက မျက်နှာကိုတစ်ချက်၊ လည်ပင်းကိုတစ်ချက် မျက်နှာချောချောလေးတော့ ရုပ်ဆိုးအကျည်းတန်သွားရှာမှာပဲ သမီး"

"ဟင်"

ဘယ်သူမဆို အလှအပ မမက်မောပဲမနေ။ ခင်စံကားသည်လည်းပဲ ချောမောသော ရုပ်အသွင်ရှိသည့် သတိုးကိုချစ်ခဲ့ခြင်းဖြစ်မည်။

"နောက်တစ်ချက်က နောက်စေ့မှာ ရသွားတဲ့ဒဏ်ရာ အဲဒီဒဏ်ရာက ငါးချက်လောက် ချုပ်လိုက်ရတယ်"

"စိုးရိမ်ရသလား အဖေ"

"သတိမရသေးတော့ စိုးရိမ်ရတာပေါ့"

"အို"

ခင်စံကား မျက်နှာပျက်သွားသည်။

သမီး၏ အနေအထားက ခပ်ပေါ့ပေါ့ မဟုတ်၊ သတိုးအပေါ် တော်တော်စွဲလမ်း သံယောဇဉ်ရှိနေသည့် အနေအထားမျိုးဆိုတာ ပေါ်လွင်နေပြီ။

"မနက်ဖြန်မှ ထပ်တွေ့တာပေါ့၊ အရေးကြီးရင် ဖုန်းဆက်လို့ တော်မီကိုလည်း မှာထားခဲ့တယ်၊ ကဲကဲ . . ဖက်တီးကို ဝိုင်းပြုစုလိုက်ပါဦး"

"ဟုတ်ကဲ့ အဖေ"





ခင်စံကားက ဖခင်ရှေ့မှောက်မှ ထွက်ခွာခွင့်ရသည်နှင့် မျက်ရည်များက အတားအဆီးမဲ့စွာ ကျလာသည်။

နဂိုကမှ မမကြီးကိုတောင် လက်မခံသေးသည့်အထဲ၊ ယခုလို သူတို့သား အနာတရဖြစ်ရသည့် အနေအထားဆိုတော့ ပို၍ မလွယ်ကူတော့ပေ။

နီးဖို့ရာ မမြင်တော့ချေ။

ဘာပဲဖြစ်ဖြစ်၊ သတိုးမည်ကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားပါစေ၊ ခင်စံကားအချစ်သည် လျော့ပါးသွားလိမ့်မည် မဟုတ်ပေ။ တိုး၍ပင် ချစ်မိသွားပြီဖြစ်ပါသည်။

"အမေ ကျော်စွာတို့ကို အရေးမယူထားဘူးလား"

"ယူထားတာပေါ့၊ အာမခံတောင်မပေးသေးဘူး"

"ကောင်းတယ်၊ မှတ်လောက်အောင် ထောင်ချပစ်မှအေးမယ်"

"အင်း . . သူ့အဖေတွေကတော့ ကျေအေးဖို့လိုက်လုပ်မှာပဲ၊ မျက်နှာဖုံးတွေကို"

"အို . . ဥပဒေမှာ မျက်နှာဖုံးရယ်၊ မျက်နှာမွဲရယ်မရှိပါဘူး၊ မကျေအေးနဲ့ . . ထောင်ကျသွားပါစေ၊ ဒင်းလိုလူရမ်းကားတို့ သူများတသက်လုံး ယူဖို့ဝေးစွ၊ မြင်တောင် မမြင်ချင်ဘူး"

"သမီးငယ်ရယ်၊ အငြိုးတွေ အာဃာတတွေဆိုတာ . . ကောင်းတဲ့အရာ မဟုတ်ပါဘူး၊ လူ့စိတ်ကို ဥပဒ်ပေးတတ်တဲ့အရာတွေပါ . . သတိုးရဲ့ မိဘတွေသဘောပေါ့ကွယ်၊ ဖက်တီးတို့ဟာ မော်လမြိုင်ဟိုတယ်မှာ တည်းကြမလို့တဲ့လေ၊ မေမေတော့



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကသွားခေါ်လာခဲ့တာ"

"ဒါတောင်. . တစ်ရက်ခံ ပေးခဲ့ရသေးတယ်၊ အား. . ကျွတ်. . ကျွတ်"

ဖက်တီးကလှမ်းဝင်ပြောလိုက်ရာ ပါးစောင်၌ရထားသော ဒဏ်ရာကြောင့် စကားပြောလိုက်ရာ နာသွားသဖြင့် ရှုံ့မဲ့လိုက်သည်။

ဒေါ်အေးရင်က ဖက်တီးကို ကြပ်ထုပ်ထိုးပေးပြီး ကြေးအိုးလုပ်ကျွေးသည်။ ဒဏ်ရာကြောင့် ထမင်းဟင်း ဝါးရခက်မှာစိုး၍ဖြစ်သည်။

အမေတစ်ယောက်က သားတစ်ယောက်ကို ပြုစုပုံမျိုး ပြုစုရှာသည်။ ဖက်တီးမှာ ကျေးဇူးတင်သော မျက်လုံးဖြင့်ကြည့်ပြီး ဆရာဝန်ပေးသောဆေးများကိုသောက်ကာ အိပ်ရာဝင်သွားလေသည်။

ဘာမှ ဟုတ်တိပတ်တိ မမေးနိုင်ချေ။


သို့သော် ဖက်တီးမျက်ဝန်းက စကားပေါင်းများစွာ ပြောနေသည်ဟု ခင်စံကားက သိလိုက်သည်။

ချစ်သူအတွက် စိုးရိမ်စိတ်ကြောင့် သောကမျက်ရည်စက်များဖြင့် အခန်းအောင်းလိုက်လေသည်။

ဦးဘခိုင်နှင့် ဒေါ်အေးရင်က ခေါင်းချင်းဆိုင်ရလေပြီ။







# အခန်း (၃၁)

ခေါင်းနှင့်မျက်နှာတစ်ခြမ်းလုံး၌ ပတ်တီးများအုပ်ထားသော သတိုးကိုမြင်လိုက်ရသည်နှင့် ခင်စံကားရင်ထဲ ဆို့နင့်သွားလေသည်။

သတိုးအား တော်မီက. . .

"စံကား လာနေတယ်၊ ကြည့်လိုက်ပါဦး"

ဟု ခပ်တိုးတိုးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သတိုးက ကျန်မျက်လုံးဖွင့်ကာလှမ်းကြည့်လိုက်သည်။

အနားရောက်လာသော ခင်စံကား၏ မျက်ခွံများမှာ မို့အစ်နေသဖြင့်. . အဘယ်မျှ သောကရောက်ကာ ငိုကျွေးခဲ့ရ ကြောင်း သိသာနေသည်။

တဆက်တည်း သတိုး၏မိဘများနှင့်အတူ ခင်နှင်းဆီ နှင့် သူရိန်ပါ. . ပါလာသည်။

သတိုး၏မိခင်ကို မြင်လိုက်ရသောအခါ ဦးဘခိုင် အံ့ အားသင့်သွားသည်။ ကြိုတင်မှန်းဆထားပြီးဖြစ်သော်လည်း ရုပ် ရည်က အရင်ကအတိုင်းပင်. . .

သူရိန်အား မြင်ကတည်းက ဒေါ်သက်ထားနှင့် ဒေါ်လီ သည် တစ်ယောက်တည်းဖြစ်လိမ့်မည်ဟူသော အဖြေသည်ယခု မှကွက်ကွက်ကွင်းကွင်း ရှင်းသွားလေပြီ. . .

"လက်စသတ်တော့ ထင်တဲ့အတိုင်းပဲ ဒေါ်လီကိုး"

ဟု မှတ်ချက်ကို စိတ်အတွင်း၌သာ ချလိုက်သည်။

သားဖြစ်သူအား. . မျက်ရည်စက်လက်ဖြင့် ကိုင်တွယ် ကြည့်နေသော ဒေါ်သက်ထားကို ဒေါ်အေးရင်က စာနာသနား စိတ်ဖြင့် ငေးကြည့်နေမိသည်။

ခင်စံကားက အစ်မဖြစ်သူ ခင်နှင်းဆီနားကပ်ကာ အ ကျိုးအကြောင်းမေးသည်။

ခင်နှင်းဆီက. . .

"ဖေဖေ ဒါ သမီး အဖေနဲ့အမေလေ"

ဦးဇော်ဝင်းက ဖော်ရွေသောအပြုံးနှင့် ဦးဘခိုင်အား





လက်ကမ်းကာ နှုတ်ဆက်လိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ်၊ သမီးကြီးတို့ မင်္ဂလာပွဲက တည်းကလာဖို့ ချိန်ခဲ့တာပါပဲဗျာ၊ ခု မြေးရခါနီးမှပဲ လာဖြစ်တော့ တယ်. . "

ဦးဘခိုင်နှင့် ဒေါ်အေးရင်မှာ ခင်နှင်းဆီကို အကဲခတ် လိုက်ပြီး ဝမ်းသာအားရ ဖြစ်သွားသည်။

"လူနာအခြေအနေကို ပြောပြဖို့ မိဘနှစ်ပါး ရုံးခန်းကို ဈွန်မနဲ့ အတူလိုက်ခဲ့ပါ"

ဦးဇော်ဝင်း စိုးရိမ်သွားသည်။

ဒေါ်သက်ထားမှာ. . မိမိအား ခပ်ကြောင်ကြောင် ငေး ကြည့်နေသော သားငယ်အားကြည့်ပြီး. . .

"မေမေလေ သားငယ်"

ခံစားချက်ရှိပုံမရသော မျက်လုံးဟု သိလိုက်ရသောအ ခါ စိုးရိမ်တကြီးဖြင့် ခင်ပွန်းဖြစ်သူအား လှမ်းကြည့်လိုက်သည်။

ဦးဇော်ဝင်းက ဒေါ်သက်ထားအား ဆွဲခေါ်ကာ. . .

"ဆရာဝန်ကြီးခေါ်နေတယ်၊ အဲဒီအခါကြတော့ သား ငယ် အခြေအနေ သိရမှာပေါ့ကွ"

ဒေါ်သက်ထားသည် ကျန်လူများကို မေ့လျော့သွား ကာ ဦးဇော်ဝင်းခေါ်ရာနောက်သို့ လိုက်ပါသွားလေသည်။

ခင်စံကားမှာ သတိုးအနီး ကပ်ရပ်လိုက်ပြီး သတိုးအား ငေးစိုက်ကြည့်နေသည်။

တော်မိက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုလည်း မမှတ်မိဘူး၊ သူ့ကိုယ်သူလည်း မမှတ်မိဘူးတဲ့၊ ခေါင်းကဒဏ်ရာဟာ အာရုံကြောတစ်ခုခုကို ထိခိုက်ပြီး သတိလစ်သွားပုံရတယ်လို့ ဆရာဝန်ကြီးကပြောတာပဲ"

ခင်စံကားသည် အသံမထွက်ပဲမျက်ရည်များ တစ်ပေါက်ချင်းကျလာသည်။ ခင်နှင်းဆီက ညီမဖြစ်သူအား အသာကပ်ပြီး. . .

"မျက်ရည်တွေ သုတ်ပစ်လိုက်ပါ မီးငယ်ရယ်၊ ရုပ်ပျက်ပါတယ်"

ခင်စံကားခေါင်းငုံ့လိုက်ပြီး မျက်ရည်များကို အသာအယာ သုတ်လိုက်သည်။

သတိုးက လှပသောမိန်းကလေးသည် မိမိအားကြည့်ပြီး မျက်စိမျက်နှာပျက်နေသည်။ စောစောက အမျိုးသမီးကြီးက လည်း သားငယ်ဟုဆိုကာ ငိုကြွေးသည်။

မိမိဘယ်သူလဲ၊ သားငယ်ပဲလား၊ သတိုးတွေးရင် ခေါင်းမူးလာသဖြင့် မျက်စိအသာမှိတ်ထားလိုက်သည်။

ဦးဇော်ဝင်းက ဆရာဝန်ကြီးအခန်းမှ ပြန်ထွက်လာသည်။ မျက်နှာ မကောင်းကြ။

"ကိုင်း. . အားလုံးပဲ ဧည့်ခန်းမှာစကားပြောရအောင် လူနာကို အစောင့်တစ်ယောက်နဲ့ပဲ ထားခဲ့ပါတဲ့၊ လွတ်လွတ်လပ်လပ်အေးအေး ဆေးဆေးနားပါစေတဲ့၊ သူ့ကိုဘာမှ အနှောင့်အယှက်မပေးရဘူးလို့ ပြောပါတယ်"

ဦးဇော်ဝင်းက အားလုံးကိုခေါ်ထုတ်လိုက်သည်။





ခင်စံကားက

"နေ့ခင်းဘက်လူနာကို မီးစောင့်ပေးမယ်လေ"

"မနက်ပိုင်းစောင့်ချင်ရင် စောင့်လိုက်လေ၊ နေ့ခင်းဖက်ထိစောင့်ပြီး၊ ညဘက်ငါပဲစောင့်မယ်"

"ဒီည ကိုကိုပဲစောင့်ပါ့မယ်၊ တော်မီ မင်းလဲနားပါဦး"

ဒေါ်သက်ထားက ခင်စံကားကိုငေးကြည့်လိုက်သည်။ အတော်ချော၊ အတော်လှသည့် မိန်းကလေးပေပဲ။

"မီးငယ်နဲ့အတူ သမီးပါ စောင့်လိုက်မယ်လေ"

"ဘယ်ဖြစ်မလဲ၊ တစ်ညလုံးကားစီးလာတာ၊ သမီးက သက်တောင့်သက်သာ နားရမှာ"

ဒေါ်သက်ထားက ဝင်ပြောလိုက်သည်။

ဒေါ်အေးရင်က. . .

"ကိုင်း. . . သတိုးမိဘတွေလည်း ပင်ပန်းရောပေါ့ အိမ်ရောက်မှပဲ အနားယူကြရင်း စကားပြောကြတာပေါ့"

"အားနာစရာကြီး၊ ကျွန်မတို့ ဟိုတယ်မှာပဲတည်းပါ့မယ်"

"ဘာမှ အားနာစရာမလိုပါဘူး၊ တစ်ခါတည်းသာ လိုက်ခဲ့ပါ၊ အားလုံးအဆင်သင့် ပြင်ထားပြီးပါပြီ"

"ဟုတ်ပါတယ် ဦးဇော်ဝင်းရယ်. . မငြင်းပါနဲ့၊ ခမည်းခမက်တွေပဲဗျာ၊ ခင်ဗျားတို့ ဟိုတယ်မှာတည်းမယ်ဆိုရင် ကျွန်တော်တို့ သိက္ခာကျပါတယ်၊ လာပါဗျာ"

ဦးဇော်ဝင်းက ဇနီးဖြစ်သူအား. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သက်၊ ကိုယ်နဲ့သက် မတည်းလဲ သမီးနဲ့ သားကြီးကတော့ သူ့မိဘအိမ်မှာ တည်းရမှာပဲ၊ ခွဲနေကြလို့ မကောင်းပါဘူး၊ ကိုယ်တို့လိုက်သွားကြရအောင်"

"သဘောပဲ"

ဒေါ်အေးရင်နှင့် ဦးဘခိုင်သည် ဧည့်သည်များကို ဝန်စိုက်ကာ ခေါ်ခဲ့သည်။

ဒေါ်သက်ထားသည် ဖားအောက်ရှိဦးဘခိုင်၏ အိမ်သို့ ရောက်သောအခါ အံ့အားသင့်သွားသည်။ ဦးဘခိုင်တို့အား ဤကဲ့သို့သော အဆင့်အတန်းမျိုးနေနိုင်လိမ့်မည်ဟု မထင်ခဲ့။

ပစ္စည်းဥစ္စာ ဆင်းရဲချမ်းသာမှုသည် အမိကမဟုတ်ပါချေ။

ဦးဘခိုင်သည် အပြောင်းအလဲရှိနေပြီ။ အင်းလေ.. နှစ်ပေါင်းက သုံးဆယ်နီးပါးရှိခဲ့ပြီပဲ။

မိမိအသက်တောင် ငါးဆယ်ထဲ ဝင်ရောက်နေပြီဆိုတော့ ဦးဘခိုင်အသက် ငါးဆယ့်ငါးနှစ်ရှိရောပေါ့ဟု ဒေါ်သက်ထား တွေးလိုက်မိလေသည်။

"မောင်ကျော်စွာရဲ့ မိဘများကဦးဇော်ဝင်းတို့ကို တွေ့ချင်လို့တဲ့ ဖုန်းနဲ့ဆက်သွယ်လာတယ်၊ အဲဒါ ဦးဇော်ဝင်းဘယ်လို သဘောရသလဲ"

ဦးဘခိုင်က တယ်လီဖုန်းကိုအုပ်ကိုင်ပြီး သက်တောင့်သက်သာစွာဖြင့်ထိုင်ရင်း နံနက်စာ စားသုံးနေကြသော ဦးဇော်ဝင်းတို့အား လှမ်းမေးလိုက်သည်။





"လာပါစေဗျာ၊ ကျေအေးခွင့်လိုချင်တယ်နဲ့ တူပါတယ်"

ဒေါ်သက်ထားခေါ် ဒေါ်လီကံကောင်းပါသည်ဟု ဦးဘခိုင်က စိတ်တွင်းမှတ်ချက်ချလိုက်သည်။

နှစ်ဦးသားမသိချင်ဟန်ဆောင်နေကြသည်။ ဒေါ်သက်ထားက ဦးဘခိုင်ကို စိတ်တွင်းကျိတ်၍ ကျေနပ်သွားသည်။ ဦးဘခိုင် မသိဟန်ဆောင်လိုက်ခြင်းသည် မိမိတို့အတွက် အကောင်းဆုံးဖြစ်သွားသည်။

အားလုံးသည် ပြီးဆုံးခဲ့လေပြီ။

လိပ်ပြာလှလှဖြင့် ခင်ပွန်း၊ သားများနှင့် ချွေးမများ၊ နောက်မြေးများကို ဒေါ်သက်ထား ရဲရဲဝံ့ဝံ့ ကြည့်ရဲတော့မည်။

"ဒေါ်အေးရင်ရယ် အားနာစရာတော့ကောင်းနေပြီ၊ စားစရာ တွေကလည်းများလိုက်တာ သိပ်မလုပ်ပါနဲ့၊ ဧည့်သည်တွေမှမဟုတ်တာ"

ဒေါ်သက်ထား၏ ပြောင်းလွဲမှုကို ခင်နှင်းဆီက အံ့ဩဝမ်းသာရသည်။ မြေးဦးလေးကြောင့် ထင်ပါသည်။ မိခင်အား မီးဖိုချောင်၌ တိုးတိုးတိတ်တိတ် ရှင်းပြသည်။

နဂိုကတည်းက စိတ်သဘောဖြူသော ဒေါ်အေးရင်တို့က ခွင့်လွှတ်ပြီးဖြစ်သည်။ ယခုလို မိမိတို့သမီးငယ်ကြောင့် သူတို့သားငယ်ဒုက္ခရောက်သွားခြင်းကိုပင် စိတ်မကောင်းဖြစ်ကာ တောင်းပန်နေသေးသည်။

"မောင်ကျော်စွာကို မီးငယ်ကမကြိုက်လို့ လုံးဝငြင်းဆန်ပြီးသားပါ၊ အဲဒါ သတိုးနဲ့ မီးငယ်ကြိုက်နေတာလဲသိရော သတိုး

www.burmeseclassic.com



ကို သက်သက် ရန်ရှာတာ၊ ကျွန်မတို့ ဘယ်စိတ်ကောင်းနိုင်မလဲ ဒေါ်သက်ထားရယ်"

"ကံကြမ္မာလို့ပဲ သဘောထားလိုက်ပါ၊ ဆရာဝန်ကြီးက တော့မစိုးရိမ်ရပါဘူးတဲ့၊ ကျန်းမာပြီး အိပ်ရေးတွေဘာတွေဝ၊ သွေးအားတွေ ဘာတွေပြည့်လာရင် ပြန်မှတ်မိလာမှာပါတဲ့၊ မျက်နှာဒဏ်ရာကလည်း ချုပ်စရာမလိုတဲ့အတွက် အနာကျက်ပြီးရင် ပင်ကိုယ်ပြန်ဖြစ်မှာပါလို့ ပြောတယ်၊ ကျွန်မတို့ကိုက မှားတာ၊ သူကတစ်ခါတည်း လိုက်ခဲ့ဖို့ခေါ်သား. . ၊ ဒါပေမယ့် သမီးကြီး ကိုယ်ဝန်လနုသေးလို့ ဒီဇင်ဘာမှ လာတောင်းမယ့်အကြောင်း ပြောလိုက်တာ အဲဒါတစ်ချိုးတည်းလစ်တော့တာပဲ"

ဒေါ်သက်ထားက ဒေါ်အေးရင်အား သူတို့ဘက်မှ သဘောထားကိုပါ ကျေပြာပေးလိုက်သည်။

ဒေါ်အေးရင်က. . .

"ကျွန်မတို့အနေနဲ့က လူငယ်တွေရဲ့ သဘောပါပဲလေ၊ သူတို့ချင်း မေတ္တာမျှရင် ကန့်ကွက်စရာမရှိပါဘူး၊ ကျွန်မ ဈေးသွားလိုက်ဦးမယ်နော်"

ဒေါ်အေးရင်က အဖော်မိန်းကလေးတစ်ယောက်နှင့်အတူ ကားတစ်စီးနှင့် ထွက်သွားလေသည်။

မောင်ကျော်စွာ မိဘတွေရောက်လာသောအခါ ဦးဇော်ဝင်း၏မိတ်ဆွေဖြစ်နေသည်။

"သားရဲ့မိုက်မဲမှုအတွက် ဘယ်လိုမျက်နှာနဲ့ပြောရမှန်းတောင် မသိပါဘူးဗျာ"





"ပြောမရရင်လည်း မပြောနဲ့တော့ဗျာ၊ ကျွန်တော်တို့ဘက်က ခွင့်လွှတ်ပြီးသားပဲ၊ နောက်နောင် ဒီလိုမဖြစ်အောင်သာ ခင်ဗျားသားကို ဆုံးမပေးထားဖို့ လိုမယ်နော်"

"စိတ်ချပါ၊ ဒီကောင်အချုပ်မှာ တစ်ညအိပ်ရရုံနဲ့ ငရဲရောက်နေရသလိုပါပဲ၊ ပါပါရယ် ဘာညာနဲ့မျက်ရည်စက်လက်ဖြစ်နေပြီ"

"ဪ. . . ဒါထက် ကျွန်တော့်သားရဲ့ လိုအပ်နေတဲ့သွေးကို ခင်ဗျားကပဲ ပြန်လှူပေးတယ်ဆို"

"ဟုတ်ပါတယ်၊ အေ-ဘီသွေးဆိုတာ အတော်ရှားတာဗျ၊ ကျွန်တော်ကလည်း အေ-ဘီသွေးဆိုတော့ ချက်ချင်းပဲ သားမိုက်အတွက် သွေးကြွေးကို ကျွန်တော်ကပဲ ဆပ်ခွင့်ကြုံသွားတာပေါ့ဗျာ၊ လာဗျာ. . . ဦးဇော်ဝင်းကော၊ ဦးသူရိန်ကော ရောက်တုန်းရောက်ခိုက် ပြုစုပါရစေ၊ ပြီးတော့ သားအတွက် လက်မှတ်ထိုးပေးပါဦး၊ ခင်ဗျားသားအတွက် ကုန်ကျစရိတ်တွေ အားလုံးကျွန်တော်ကြိုရှင်းထားပြီးပြီနော်၊ ဦးဘခိုင်တို့လည်း ဒုက္ခမရှာနဲ့တော့၊ စားဖို့သောက်ဖို့ကျွန်တော်ပဲ တာဝန်ယူပါရစေ"

"ဒါတော့ ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ အားလုံးစီစဉ်ပြီးသားပါ"

ဦးဘခိုင်က ပြေပြေလည်လည် ဖြစ်သွားခြင်းအတွက် ကျေနပ်သွားသည်။ တော်ကြာ သမီးက ကြားကနာမည်ထွက်နေဦးမည်။

ဦးဇော်ဝင်း၏ သဘောထားကြီးမှုကို တွေ့မြင်ရသောအ



www.burmeseclassic.com

www.burmeseclassic.com



ခါ ဒေါ်လှီအတွက် ကျေနပ်သွားသည်။

ငြင်းမရသည့်အဆုံး ကျော်စွာ၏ ဖခင်နောက်သို့ ဦးဇော်ဝင်းနှင့် ဦးသူရိန်တို့ ဇနီးမောင်နှံ လိုက်သွားသည်။

ဒေါ်သက်ထားက ခေါင်းကိုက်သည့်အကြောင်းပြကာ ကျန်ရစ်ခဲ့သည်။

ဦးဘခိုင်က ဧည့်ခန်း၌ ဒေါ်သက်ထားနှင့် နှစ်ဦးသား ကျန်ရစ်ခဲ့ခြင်းကို မလိုလားသဖြင့် အောက်ထပ်သို့ ဆင်းဟန်ပြင် လိုက်သည်။

"ခဏနေပါဦး ကိုကို"

ဒေါ်သက်ထားထံမှ အသံထွက်လာသည်။

ဦးဘခိုင်ရပ်လိုက်သည်။

"ကျွန်မ သိချင်တာလေး မေးပါရစေ"

ရေဗင်းတက္ကသိုလ် ပါမောက္ခတစ်ဦး၏ သမီးဖြစ်သော ဒေါ်လှီကို ရေဗင်းကျောင်းသားတော်တော်များများက ဝိုင်းကြိုက်ကြသည်။ နောက်ပိုးကြသည်။ ထိုအထဲတွင် ဦးဘခိုင်လည်း အပါအဝင်ဖြစ်သည်။

သို့သော် ဦးဘခိုင်က စာအတော်ဆုံးကျောင်းသား ဖြစ်သကဲ့သို့ အီးစီလည်းဖြစ်သဖြင့် ပါမောက္ခအိမ် အဝင်အထွက်လည်းရှိသည်။

ဒေါ်လှီနှင့်ဦးဘခိုင် နီးစပ်ခဲ့ကြသည်။ ရည်းစားဖြစ်ခဲ့ကြသည်။ ဦးဘခိုင် နောက်ဆုံးနှစ်၌ ပါမောက္ခပြောင်းသွားသည်။ ဒေါ်လှီနှင့် ဝေးသွားသည်။ ဦးဘခိုင် စာအဆက်အသွယ် လုပ်သေ





ချယ့် ဒေါ်လှီဆီက ပြန်မလာ. . .

ဦးဘခိုင် ရန်ကုန်သို့ ကျောင်းပြီးပြီးချင်း လိုက်ခဲ့သည်။

ဒေါ်လှီကိုမတွေ့ရပဲ ပါမောက္ခကြီးကိုယ်တိုင်က ဦးဘခိုင်အား လက်ခံတွေ့ဆုံကာ မေတ္တာရပ်ခံခဲ့သည်။

သူ့သမီးအား သဘောတူထားသော လူငယ်တစ်ဦးရှိနေသည်။ ကတိမပျက်ချင်၊ မျက်နှာမပျက်ချင်သဖြင့် နောက်ဆုတ်ပေးပါ။ မဆုတ်နိုင်လျှင်လည်း သူ့ပဲလူပုံအလယ်အရှက်ကွဲ ခံပါမည်ဟုပြောသည်။

ဦးဘခိုင်နားလည်လိုက်ပြီ။ ဆရာသမားအား ဦးချကန်တော့ပြီး ထွက်ခဲ့လေသည်။

"ဒါတွေ အမှန်ပဲလား ကိုကို"

"အမှန်တရားတစ်ခုကို မင်းသိရင် ကျေနပ်ပါပြီ ဒေါ်လှီ၊ ဆရာကြီးကျန်းမာစွာနဲ့ ရှိသေးတယ်မဟုတ်လား၊ မင်းတို့သားအဖချင်း မေးကြည့်လို့ရပါတယ်"

ဒေါ်သက်ထား နားလည်လိုက်ပြီ။

ဦးဘခိုင်က ဒေါ်သက်ထားအား တည်ငြိမ်စွာဖြင့် ကြည့်ကာ. . .

"အားလုံးဟာပြီးဆုံးသွားပါပြီ၊ ဆရာကြီးရဲ့ သမက်ရွေးချယ်မှုဟာ မှန်ကန်ပါတယ်လို့ မင်း မထင်ဘူးလား ဒေါ်လှီ"

ဒေါ်သက်ထား ခေါင်းညိတ်လိုက်သည်။

"မင်းငါ့ကို နာကြည်းလက်စနဲ့ နာကြည်းနိုင်ပါတယ်"

"ဘာကြောင့်လည်း"



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသားကို ဆရာ့ဂုဏ်ကျေးဇူးနဲ့ လဲလှယ်ခဲ့လို့လေ"

"ကျွန်မနားလည်ပါပြီ ဦးဘခိုင်၊ ကျွန်မနဲ့ရှင်ရဲ့အတိတ်ကို သိသူဟာ ရှင်ရယ်၊ ကျွန်မရယ်၊ ဖေဖေရယ်ပဲ ရှိပါတယ်နော်"

"ဟုတ်ပါတယ်၊ ဒီသုံးဦးကလွဲပြီး ဘယ်သူမှ မသိစေရ ဘူး၊ မိအေးလည်း မသိပါဘူး၊ မင်းကျေနပ်ပါ ဒေါ်လီ"

"ကျေနပ်ပါတယ် ဦးဘခိုင်"

"ဒီလိုဆိုရင် ကိုကို ရာဘာခြံခဏသွားလိုက်ဦးမယ် မိအေးလာရင် ပြောလိုက်ပါ"

"ကိုကို"

"ဘာလဲ ဒေါ်လီ"

"ကျွန်မတို့ဟာ ခမည်းခမက်နှစ်ထပ်ကွမ်းတွေပေါ့နော်"

"မင်းကိုတစ်ခုလောက်တော့ တောင်းဆိုပါရစေလား ဒေါ်လီ"

ဦးဘခိုင်က ဒေါ်သက်ထားကိုငေးစိုက်ကြည့်ရင်း ပြော လိုက်သည်။

"ဘာလဲ ကိုကို"

"မင်းနဲ့အလွန်တူတဲ့ သားကြီးသူရိန်တို့အတွဲကို ငါတို့နဲ့ အတူပေးနေပြီး ငါ့စီးပွားရေးတွေကို လွှဲပေးခွင့်ကိုပါ"

"ဒီလိုဆိုရင် ရှင်နဲ့သိပ်တူတဲ့ ခင်စံကားကို ကျွန်မတို့ အပိုင်ပေးမှာလား"

"သူရိန်ကို ကျွန်မသားမှန်း ရှင်သိနေတယ်လား"

"မြင်လိုက်ကတည်းက သိပါတယ်၊ ဒေါ်သက်ထားဆို





ဒေဝဇဝါဖြစ်ခဲ့တယ်၊ ဒါပေမယ့် ဒေါ်လီ့ကိုရင်ဆိုင်ဖို့ အင်အား မရှိတာနဲ့ ရန်ကုန်ကို တမင်တက်မလာခဲ့တာပါ။ ကိုင်း. . ဒေါ်လီ ကိုကို့ကို ဘာပြောချင်သေးလဲ"

"မပြောတော့ပါဘူး၊ ကိုကိုနဲ့ဒေါ်လီ. . ဒီနေ့ကစပြီး သင်္ဂြိုဟ်လိုက်ပါပြီ ဦးဘခိုင်"

"ကျေးဇူးတင်ပါတယ် ဒေါ်သက်ထား၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ဦးဘခိုင်"

ဦးဘခိုင်သည် အောက်ထပ်သို့ ဆင်းသွားသည်။ ထိုမှ ကားတစ်စီးဖြင့် မောင်းထွက်သွားသည်။

ဒေါ်သက်ထား သက်ပြင်းချလိုက်လေသည်။


ရင်ထဲ၌ရှိနေခဲ့သော အာယာတအငြိုးမုန်းသည် စဲသွား လေပြီဆိုတော့ ဖြူစင်တောက်ပြောင်သော မေတ္တာနေရောင် ခြည်သည် သားများနှင့် ချွေးမများအပေါ်၌ တောက်ပလွှမ်းခြုံ သားရန်သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၂)

“ကိုမာတော့ မဟုတ်ပါဘူးနော်”

“ကြံ့ကြံ့ဖန်ဖန်ကွယ်၊ ထိုင်နိုင် လျှောက်နိုင်တဲ့ယာ…
အမေကြီးဟာလေ”

ဒေါ်သက်ထားကို ဦးဇော်ဝင်းက ဟန့်လိုက်သည်။

ခင်စံကားက ဒေါ်သက်ထားအား နေရာဖယ်ပေး…

ခင်စံကားသည် ဖခင်နှင့်ချွတ်စွပ်တူသည်။ ခင်နှ…





ထက်ပိုတူသည်။

“ခင်စံကား သားက ဘာပြောသေးသလဲ”

“ဘာမှမပြောဘူး၊ ကျွန်တော်ဘယ်သူလဲ၊ ခင်ဗျားဘယ်သူလဲတဲ့. . ဒါပဲ”

သတိုးက ခင်စံကားကို ငေးကြည့်နေသည်။

လေးငါးရက်ရှိပြီဖြစ်၍ သတိုး၏မျက်နှာပြင်မှ အနာကိုဆေးထည့်ရုံသာရှိတော့သည်။ ခေါင်းမှဒဏ်ရာနေရာတွင် ပလပ်စတာအုပ်ထားသည်။

“တော်ပါသေးရဲ့၊ မျက်စိကိုမထိလို့”

“စောစောက ကျော်စွာတို့သားအဖ လာတောင်းပန်သွားသေးတယ် အန်တီ”

“အို. . ဘယ်နဲ့ အန်တီလဲ၊ မေမေပေါ့ နောက်လဲ မေမေဖြစ်တော့မှာပဲ”

ဦးဇော်ဝင်းက ပြောင်းလွဲမှု မြန်ဆန်သော ဇနီးအားကြည့်ကာ

“အင်း. . တတ်လဲတတ်နိုင်ပ့ါ ဒေါ်သက်ထား၊ မင်းသားဘာဘာမှတောင် သတိမရသေးဘူး၊ မင်းက စိတ်ကူးယဉ်နဲ့ လက်ထပ်ပွဲကျင်းပနေပြီလား”

တော်မီက. . .

“အန်ကယ်တို့ စိတ်မပူပါနဲ့၊ ဆေးရုံကဆင်းတာနဲ့ သူနဲ့ကျွန်တော်တို့ သွားခဲ့တဲ့နေရာလေးတွေ လျှောက်သွားရင်. . သူအတိတ်ကို ပြန်သတိရချင်ရလာမှာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဆူးတို့သုံးယောက်တောင် လိုက်လာကြမယ်တဲ့"

"ဟုတ်လား ဘယ်တော့လဲ"

"မနက်ဖြန်ပဲ"

"လူတွေ သိပ်များနေပြီ၊ ဦးဘခိုင်တို့ကို အားနာစရာဖြစ်မယ်၊ ကိုယ်တို့ပြန်ကြရင် ကောင်းမယ်ထင်တယ်"

"အားမနာပါနဲ့ အန်ကယ်. . အဲ. . ဖေဖေ၊ အိမ်ကအကျယ်ကြီးပဲဟာ သတိုးနဲ့မှ တူတူပြန်တာ ကောင်းပါတယ်"

ခင်စံကားက ဝင်ပြောလိုက်သည်။

ဖက်တီးက သတိုးအား. . .

"ဘယ်နဲ့လဲ မင်းသား မမှတ်မိသေးဘူးလား၊ ဒီပုဂ္ဂိုလ်က. . မင်းဖေဖေ.ဟော. . ဒါက မင်းမေမေ၊ သူကလေးက မင်းချစ်သူ၊ ငါတို့က မင်းရဲ့အချစ်ဆုံးသော ရောင်းရင်း ဖက်တီးနဲ့တော်မီ"

သတိုးကပြုံးကာ. . .

"စိတ်မရှိကြပါနဲ့ဗျာ၊ ကျွန်တော်တကယ် မမှတ်မိလို့ပါ အားတောင်နာတယ်ဗျာ၊ ကျွန်တော့်ကို ခုလိုပြုစုကြတာ"

ဦးဇော်ဝင်းက ငိုအားထက်ရယ်အားသန်ကာ. . .

"ဟ. . မင်းကို ငါတို့က မပြုစုလို့ ဘယ်သူကပြုစုမှာလဲ မင်းမိဘတွေပါဆို့မှ သားငယ်ရာ"

"အဖေကြီးကလည်း၊ သားငယ်မှ မမှတ်မိတဲ့ဟာကိုး"

"ကဲကဲ. . ထမင်းကျွေးသွားဦး၊ စံကားရေ နင်ပြင်ကျွေးမှ အချိုးကျမှာ"





"ဒီည နိုက်ဂျူတီက ဘယ်သူလဲ"

"ဖက်တီးက သူ့ကိုယ်သူပုတ်ပြသည်။ တော်မီက. . .

"ငါကောဝိုင်းစောင့်မှာ"

"စကားတွေရှောက်မပြောကြနဲ့နော် အိပ်ပါစေ"

"ဟုတ်ကဲ့ပါ မိစံ"

"ဘာ မိစံလဲ"

သတိုးဆတ်ခနဲ တွန့်သွားသည်။ ခင်စံကားအား လှမ်းကြည့်လိုက်သည်။ ထူးထူးခြားခြား အရင်နေ့တွေက ပါးကွက်မတွေ့ရပဲ ဒီနေ့ကျမှ ပါးကွက်ကျားလေးနှစ်ဖက်နှင့် ကျစ်ဆံမြီးနှစ်ချောင်းကျစ်ထားသည်။

မြင်ဖူးသလိုလိုပဲ မိစံလို့ခေါ်ဖူးသလိုလိုပဲ. . .

"အား"

"ဘာလဲ. . သား ဘာဖြစ်လို့လဲ"

ဒေါ်သက်ထားက ပျာပျာသလဲမေးလိုက်သည်။

သတိုးက မျက်စိခဏမှိတ်ထားပြီး. .

"ဘာမှမဖြစ်ပါဘူး၊ ဒဏ်ရာက နာသွားလို့ပါ"

ခင်စံကားက သက်ပြင်းချလိုက်လေသည်။

"မနက်ဖြန် ချုပ်ရိုးဖြေပြီးရင် ဆေးရုံကဆင်းလို့ရမယ်တဲ့ မေမေ"

"ဟုတ်လား"

"ပြီးရင် တန်းမပြန်ပါနဲ့ဦး၊ ကျိုက္ခမိတို့ စက်စဲသို့လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com



ပေးဦးမယ်နော်"

"ပြန်ရင် သမီးပါလိုက်ခဲ့လေ"

ခင်စံကားက သတိုးအားလှမ်းကြည့်လိုက်သည်။ မိမိအားစူးစမ်းသလို ကြည့်နေသော သတိုး၏သူစိမ်းမျက်ဝန်းတို့ကြည့်ကာ ဝမ်းနည်းစွာဖြင့် ခေါင်းခါလိုက်ပြီး. . .

"နေပါစေတော့ မေမေရယ်၊ သူမှ သတိမရတာ၊ သူများမလိုက်ချင်ဘူး"

သတိုးအား ထမင်းပြင်ပေးလိုက်သည်။

သတိုးက ထမင်းပန်းကန်ကို ဇွန်းဖြင့်ခပ်စားစဉ်. . .

ခင်စံကားက ဒူးရင်းသီးခွဲလိုက်သည်။

"ဘာလုပ်မလို့လဲ သမီး"

"သူ့ကိုကျွေးမလို့လေ"

"သားငယ်က ဒူးရင်းသီးမကြိုက်ဘူးသမီးရဲ့"

သတိုးသည် ပန်းကန်ကိုကိုင်ကာ ခင်စံကားအား ငေးကြည့်လိုက်သည်။

"ကြိုက်ပါတယ်၊ မောင်ကြံတစ်တို့ဖြစ်နေပြီနော် မြို့ကြီးသားစားကြည့်မယ် မဟုတ်လား"

သတိုးက ခေါင်းညိတ်သည်။ ပန်းကန်ထဲမှ ထမင်းဟင်းများကို ကုန်အောင်စားပြီးနောက်၊ ခင်စံကားကျွေးသော ဒူးရင်းသီးအမြွှာလေးများကို ယူစားလိုက်သည်။

ဒေါ်သက်ထားမှာ အံ့အားသင့်နေသည်။

"ပြီးရင်. . မင်းဂွတ်သီးစားရတယ်၊ ဒူးရင်းသီးအပူတို့





မင်းဂွတ်သီး ကဖြေပေးတယ်လေ၊ သဘာဝကိုက ဖန်တီးပြီး တွဲပေါက်ပေးထားတာ"

"ဟုတ်ကဲ့ပါ မိစံ၊ မှတ်ထားပါ့မယ်"

ဖက်တီးနှင့်တော်မီက ခင်စံကားကိုနောက်ပြောင်ကြသည်။

ဒေါ်သက်ထားသည် သားများအိမ်ထောင်ဘက် အရွေးတော်ကြောင်းကို လက်တွေ့ကျကျ တွေ့မြင်ပြီဖြစ်သည်။

ထိုစဉ် ဒေါ်အေးရင် ဝင်လာသည်။

တော်မီက. . .

"ခုမှ သေသေချာချာကြည့်မိတယ်၊ အကျီအရောင်ချင်းကတူနေလို့လား မသိဘူး၊ အန်တီတို့ကို ကြည့်ရတာညီအစ်မလို့ပဲ ရုပ်ချင်းဆင်သလိုလိုပဲ"

ဒေါ်သက်ထားက ဒေါ်အေးရင်ကို ကြည့်လိုက်သည်။

တော်မီပြောတာမမှားဟု သိလိုက်သည်။ ဒေါ်အေးရင်ကတော့ မိမိကိုယ်ကို နှိမ့်ချသောစိတ်ထားလေးဖြင့်. . .

"ကြံ့ကြံ့ဖန်ဖန်ကွယ်၊ ဒေါ်သက်ထားက ပိုချော၊ ပိုခန့်ပါတယ်၊ တို့များက တောရုပ်ပါကွယ်"

ဒေါ်သက်ထားရင်ထဲ နင့်ခနဲဖြစ်သွားသည်။

ဦးဘခိုင် ဒေါ်အေးရင်ကို ဘာကြောင့်လက်ထပ်လိုက်သည်ကို သဘောပေါက်မိလိုက်သည်။ ဒီအတွက် ဂုဏ်မယူချင်တော့ပါ။

"ဒေါ်အေးရင်က ပိုယဉ်ပိုချောပါတယ်၊ ကိုင်း. . သမီး



www.burmeseclassic.com

www.burmeseclassic.com



ရေ ဧည့်နှင်ခေါင်းလောင်းထိုးနေပြီ၊ ပြန်ကြရအောင်”

ခင်စံကားက ချိုင့်များကိုသိမ်းဆည်းပြီး “ဒါကညစာ၊ ဒါက ဆရာမတွေကိုကျွေးဖို့” စသည်ဖြင့် ခန့်ခွဲပြီး သတိုးအား မခွဲနိုင် မခွာရက်သလို ကြည့်လိုက်သည်။

သတိုးက သူ့အားငေးကြည့်နေသည်။

ခင်စံကားစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ သတိုးမျက်ဝန်း၏ အရိပ်အယောင်သည် စောစောကလို မဟုတ်ဟု. . .

“သွားမယ်နော် သတိုး”

“သွားမယ်သား အိပ်ပျော်အောင်အိပ်နော်”

“ဟုတ်ကဲ့”

အားလုံးထွက်သွားကြသည်။

သတိုးငေးကြည့်နေသည်။

“မောင်ရယ် မိစံကဒီမှာလေ၊ ဒီဘက်လှည့်ပါဦး”

ဖက်တီးက နောင်ပြောင်ကာ သတိုး၏မေးစေ့ကို သူ့ဘက်ဆွဲလှည့်လိုက်သည်။

သတိုးက ရယ်ချလိုက်လေသည်။


ဖက်တီးနှင့်တော်မီလန့်သွားလေသည်။

“ဟေ့ကောင် သတိုး”









# အခန်း (၃၃)

ဖားအောက်အိမ်ထဲသို့ သတိုးဝင်လာသည်။ ဟိုကြည့် ဒီကြည့်နှင့်. . .

ဆူး၊ ဇော်ဇော်၊ ပိုက်ပိုက်တို့လည်း ရောက်နေပြီ။

နေ့လယ်ထမင်းစားဝိုင်းကို လူကြီးတွေအတွက် တစ်ဝိုင်း၊ လူငယ်တွေအတွက်တစ်ဝိုင်း ပြင်ဆင်ထားသည်။

ခင်စံကားက ပါးကွက်ကျားလေးနှင့် ဟိုညွှန်ကြား၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြား လုပ်နေသည်။

"ဖေဖေနဲ့မေမေ ထမင်းသုံးဆောင်လို့ရပါပြီ၊ အဖေနဲ့ အမေ၊ ကိုကိုကြီး၊ မမကြီးတို့က ခေါင်းရင်းဝိုင်းမှာစား"

တော်မီက အချက်ပြလိုက်သည်။

ဖက်တီးက သတိုးအား တံတောင်နှင့်တွတ်လိုက်သည်။

သတိုးက. .

"ခဏနေပါဦး၊ သား စကားနည်းနည်းပြောချင်လို့ပါ"

"ဟင်"

"ဟာ"

အားလုံးက အံ့အားသင့်သွားသည်။

သတိုး၏မျက်လုံးက. . .

အရည်ရွှမ်းလက်ကာ ပျော်ရွှင်ကြည်နူးရိပ်များဖြင့် အပြုံးပန်းဝေနေသည်။

"ဖေဖေနဲ့မေမေ၊ သားမနေ့ကပဲ ပဲးကွက်ကျားလေးနဲ့ မိစံရယ်၊ ဒူးရင်းသီးရယ်စားပြီး အတိတ်ကို သတိရသွားခဲ့တယ်"

အားလုံးက ဝိုင်းရယ်သည်။

ပိုက်ပိုက်က. . .

ထူးဆန်းလိုက်တာဟယ်၊ ဒူးရင်းသီးစားပြီးတော့တဲ့"

ဆူးက. . .

"ပဲးကွက်ကျားကလည်း ပါပါတယ်"

ဖက်တီးက. . .





"မိစံကအစိကပါ"

"မောင်လည်း တစ်စိတ်တစ်ဒေသပါဟာ"

တော်မီကပြောလိုက်သည်။

"သားငယ် ဘာဖြစ်ချင်သလဲ၊ ဘာပြောချင်သလဲ"

ဒေါ်သက်ထားကမေးသည်။

"လာလက်စနဲ့ မထူးတော့ပါဘူး၊ ဒီမှာပဲ စေ့စပ်ပေးပြီး ဒီဇင်ဘာမှာ ဖော်ဖော်တို့နဲ့ တစ်ရက်ထဲ ဆောင်မယ်"

"လူကြီးတွေ ပင်ပန်းအောင် မလုပ်နဲ့၊ တပြိုင်နက်သာ ဆောင်လိုက်၊ အကုန်အကျသက်သာတယ်၊ လက်ဖွဲ့ခြင်းသည်းခံပါဆိုပြီး ဆောင်ပေးမယ်ကွာ၊ မကောင်းဘူးလား"

ဦးဇော်ဝင်းက ပြောချလိုက်သည်။

"ကောင်းတယ် ကောင်းတယ်"

"ကိုင်း. . သမီးငယ်ကော ဘာပြောချင်သေးသလဲ"

ခင်စံကားရှက်နေပြီ။

မျက်နှာရဲရဲကို ခေါင်းငုံ့ချလိုက်ပြီး. . .

"ဖေဖေတို့သဘောပါပဲ"

"ဒါဖြင့်ရင်လည်း. . စေ့စပ်အကြို ထမင်းပွဲလို့သာ သဘောထားပြီး မြိန်မြိန်သာစားကြတော့ ကလေးတို့"

ဒေါ်အေးရင်ကပြောပြီး ထမင်းဝိုင်းများ၌ နေရာယူစေသည်။

ဦးဘခိုင်က သမီးရှင်ဖြစ်နေသဖြင့် ပြုံးရုံသာပြုံးသည်။ မျက်နှာရဲရဲနှင့် ပြုံးပုံကို ဒေါ်သက်ထားအမှတ်ရပိုက်မိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မည်သို့မှမခံစားရတော့ပဲ မျက်နှာလွှဲလိုက်သည်။

သတိုးက ခင်စံကားနားကပ်ထိုင်လိုက်သည်။

ခင်စံကားက မျက်နှာမဖော်. . .

တော်မီက. . .

"မီစံ မောင့်ကိုဟင်းထည့်ပေးလိုက်လေ"

ခင်စံကားက ဆတ်ခနဲဖြစ်သွားပြီး လူကြီးတွေကြားမှာ စိုးသဖြင့် တော်မီအား မျက်စောင်းထိုးကာ. . .

"တိုးတိုးပြောပါ သိတယ်၊ ထည့်ပေးမှာပေါ့ နင်ပြောဖို့ မလိုဘူး"

ဟု ဆတ်ဆတ်ကျဲပြောလိုက်လေသည်။

ဖက်တီးက. . .

"မောင်ကလည်း မီစံကို အသည်းလေး ကျွေးလိုက်ပါဦး"

ဟု နောက်ပြောင်လေသည်။

သတိုးက စားပွဲအောက်မှနေ၍ ခြေထောက်နှင့်လှမ်းကန်ရာ ဖက်တီးကရှောင်လိုက်သဖြင့် ဇော်ဇော်အားထိသွားသည်။

"သတိုး. . ငါ့ခြေထောက်ကွ၊ ဝါစဉ်မရှိ မရင့်ကျက်သေးတဲ့ကောင်တွေကို ခွင့်လွှတ်လိုက်ပါကွာ"

ရယ်မောကြလေသည်။

သတိုးပန်းကန်ထဲကို ခင်စံကားဟင်းများ ခပ်ထည့်ပေးရင်း. . .

"သတိရတာ မနေ့ကထဲက ပြောတာမဟုတ်ဘူး"





"ပြောလိုက်သားပဲလေ"

"ထင်သားပဲ၊ မောင့်မျက်လုံးတွေက ထူးခြားသွားပါတယ်လို့၊ ဒါပေမယ့် ဖွင့်မပြောလိုက်တော့ စိတ်ထင်လို့လားလို့ ထင်လိုက်တာ"

"ဒါပေါ့၊ မောင်လိုချင်တဲ့ နှလုံးသားချင်းနားလည်မှုလေ၊ မနေ့ကမှ မောင်ရလိုက်တာ"

ခင်စံကားက ကျေနပ်စွာခေါင်းညိတ်လိုက်ပြီး. . .

"နောက်ဆိုရင် အမြဲတန်း အသက်ရှုနှုန်းနဲ့အမျှ ရှိနေမှာပါမောင်"

ဟု မိမိနှလုံးသားကို သိနားလည်စွာဖြင့် ယုံကြည်စိတ်ချမှုအပြည့်နှင့် ပြောလိုက်လေတော့သည်။

# မြှုပ်လာခင်



www.burmeseclassic.com